
ဘာသာပြန် – ထွန်းလင်းအောင်
ငါ့မှာအာပတ်တိုင်း
အလုပ်အသစ်ရှိတယ်
စာစဉ် - ၂၂

**ငါ့မှာ အပတ်တိုင်း အလုပ်အသစ် ရှိတယ်**

**ဘာသာပြန် - ထွန်းလင်းအောင်**

**အခန်း (၃၁၆)**

ရှန်းထျန်းကျိုး တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

သူလင်းရီ ပြောနေသည့် အကြောင်းအရာများကို

အဘယ်ကြောင့် နားမလည်ပဲ နေမည်နည်း။

ရုတ်တရက် လင်းရီမှ ထိုသို့ ပြောလာလိမ့်မည်ဟု ထင်မထားသောကြောင့် ခေတ္တမျှ အတွေးနက်သွားခဲ့ခြင်းသာ။

ရှန်းထျန်းကျိုး အဝေးတစ်နေရာကို လေးနက်သည့် အမူအရာဖြင့် ကြည့်လိုက်ပြီး အသက်ဝင်စွာ ထုလုပ်ထားသော သစ်သားပန်းပုကြီးကဲ့သို့ တစ်စုံတစ်ရာကို တွေးတောနေလေသည်။

လင်းရှီ ပြောလိုက်သည့် ကမ်းလှမ်းချက်များမှာ အတော်လေးစိတ်ဝင်စားဖို့ ကောင်းလှ၏။ သူမြတ်နိုးသည့် လုပ်ငန်းများကို လုပ်ကိုင်ရင်း မွေးရပ်မြေ၏ ရန်မစွပ်ပြုတ်ကိုလည်း အားပါးတရ မြည်းစမ်းခွင့် ရပေလိမ့်မည်။

"ဒါရိုက်တာရှန်း..ခင်များက သံသယ ဝင်နေတာလား..."

လင်းရှိ သူစောနလေးတင် ပရင့်ထုတ်ထားသည့် စာရွက်စားတမ်းများကို စားပွဲပေါ်သို့ တင်လိုက်ပြီး "ဒါက ကျုပ်ရဲ့ဘဏ်ထဲ ငွေဝင်တဲ့ အခြေနေတွေပဲ...အထဲမှာ ငွေသား သုံးဘီလီယမ်ရှိတယ်...ပြီးတော့ လုံရှင်း စင်တာရဲ့ အကောင့်ထဲမှာလည်း တစ်ဘီလီယမ် ရှိသေးတယ်... "

"နောက်ပြီး ကျုပ်မှာ တစ်ခြား ပိုင်ဆိုင်မှုတွေလည်း ကျန်သေးတယ်..အားလုံးကို ပေါင်လိုက်မယ်ဆိုရင်တော့ စုပေါင်းစပ်ပေါင်း ၄၀ ဘီလီယမ်လောက်တော့ ရလိမ့်မယ်...ဒါပေါ့ ..ကျုပ်ရဲ့ ပစ္စည်းတွေကို တစ်ခါတည်း အပေါင်ခံလို့မရဘူးဆိုပေမယ့် ကျုပ်မှာ အဖက်ဖက်က ငွေဝင်လာမယ့်

လမ်းကြောင်းတွေက ရှိပြီးသားပဲ... ဘာမှ စိတ်မပူနဲ့"

"ဒီတော့ ကျုပ်ခု လုံ့ရှင်းသုတေသန စင်တာရဲ့ ဥက္ကဌအနေနဲ့...တကယ်လို့ ဒါရိုက်တာရှန်းသာ ကျုပ်တို့နဲ့ ပူးပေါင်းချင်တယ်ဆိုရင် ရန်ပုံငွေကလည်း လုံး၀ ပြဿနာ မရှိစေရဘူး...သုတေသန လုပ်ငန်းတွေ လုပ်ကိုင်တာကိုလည်း ချုပ်ချယ်မှု မရှိစေရဘူး... ဒါရိုက်တာရှန်းသာ လာမယ်ဆိုရင် ဘယ်လိုတောင်းဆိုမှုပဲ ဖြစ် ကျုပ်ဖြည့်ဆည်းပေးမယ်... "

ရှန်းထျန်းကျိုး စားပွဲခုံပေါ် တင်ထားသည့် စာရွက်စာတမ်းများကို လှန်ပင် မကြည့်ချေ။

လင်းရီ သူ့ကို ညာလိမ့်မည် မဟုတ်ကြောင်း သူသေချာသိသည်။

သို့တိုင်အောင် လင်းရီမှာ ဤမျှ အသက်ငယ်ငယ်လေးဖြင့် အဘယ်ကြောင့် ဘီလီယမ်နာကြီး ဖြစ်နေလဲဆိုတာ သူသိချင်နေမိတော့၏။

ဤအရာကြီးက လုံး၀ မယုံနိုင်စရာကောင်းသည် မဟုတ်ပါလော..

"ကျုပ် မစ္စတာလင်းရဲ့ လေးနက်မှုတွေကို မြင်ရပါတယ်..."ရှန်းထျန်းကျိုး ပြောလိုက်ပြီး "ဒါပေမယ့် မစ္စတာလင်းက ဘာလို့ ဒီလိုတွေ လုပ်နေလဲဆိုတာ ကျုပ် သိချင်မိသားဗျ..."

"ကျုပ်တောင် ဒီပရောဂျက်က မုချ အောင်မြင်မယ်လို့ အာမမခံရဲဘူး..မစ္စတာ လင်းရဲ့ ပိုက်ဆံတွေ အကုန်ခြူးတစ်ပြားမ ကျန် ဖြစ်သွားပြီး မွဲပြာကျသွားတဲ့အထိ တောင် ဖြစ်သွားနိုင်တယ်နော်..ကျုပ်သိချင်မိ တာက အဲ့တာတောင်မှ ဘာလို့ စွန့်စားချင် နေလဲ ဆိုတာကိုပဲ.."

" နိုင်ငံခြားကကောင်တွေ ကျုပ်တို့ကို နှိပ် ကွပ်နေတာကို မကြည့်ချင်လို့ပဲ..ဆင်ခြေ ကတော့ ရိုးရှင်းပါတယ်..."

လင်းရီ ပြောလိုက်ပြီး "ကျုပ်တို့ ဟွာရှသား တွေက ပျော့ညံ့တဲ့ကောင်တွေ မဟုတ်ဘူးဆို တာ ကမ္ဘာကြီးကို သက်သေပြချင်လို့ပဲ..."

စက္ကန့်အနည်းငယ်ခန့် တိတ်ဆိတ်ပြီးနောက်

"ကျုပ်ကို လေးငါးရက်လောက် အချိန်ပေးနိုင်မလား..ကျုပ်သေချာလေး စဉ်းစားဦးမယ်..."

ရှန်းထျန်းကျိုး လေးနက်တည်ကြ ◌်စွာဖြင့် ပြောလိုက်သည်။

"ရတာပေါ့.."

လင်းရီ နောက်ထပ် အပိုစကားများ မပြောတော့ပဲ.."အဲ့လိုဆို ကျုပ်အရင် သွားနှင့်ပြီဒါရိုက်တာရှန်း...."

" ကောင်းပါပြီ ..ဖြည်းဖြည်းသွားပါ မစ္စတာလင်း.."

သူလှည့်ပြီး ထွက်လာခဲ့လိုက်၏။ သို့သော်လည်း တံခါးနားရောက်သည့် အချိန်

တွင်တော့ လင်းရီ ရုတ်တရက် ရပ်တန့်သွား သည်။

"တစ်ခုခု ကျန်ခဲ့လို့လား.."

"ဒါရိုက်တာရှန်း ..ခင်များ ပြန်လာတဲ့ အချိန်ကျ ခင်များရဲ့ အသင်းကိုလည်း ခေါ်ခဲ့ဖို့ မမေ့နဲ့ဦး.."လင်းရီ ပြောလိုက်ပြီး "ကျုပ် ခင်များတို့ကို ဆိုရှယ်လစ်ရဲ့ အရသာက ဘယ်လိုလဲဆိုတာ သိအောင် ပြပေးမယ်..."

ရှန်းထျန်းကျိုး ခေါင်းခါရမ်းရင်း "ခင်များက တစ်ချိန်လုံး ကျုပ်အသင်းကိုပါ ပစ်မှတ်ထားနေတယ်ပေါ့..."

"သူတို့အားလုံးက ခင်များရဲ့ လုပ်ဖော်ကိုင်ဖက်တွေလေ...နောက်ကျ သူ

တို့နဲ့အတူ အလုပ်လုပ်တော့ ပိုပြီး အလုပ်တွင်တာပေါ့..."

"ကျုပ် သဘောတူမယ်လို့ မပြောရသေးဘူး နော်..."ရှန်းထျန်းကျိုး ပြောလိုက်သည်။ သူ ရယ်ရအခက်ကိုရအခက် ဖြစ်နေလေသည်။

"အဆင်ပြေပါတယ်..ကျုပ်က သိအောင် ပြောပြထားတာ...ဒါမှ ခင်မျာ မမေ့ မှ ေလ..."လင်းရီ အပြုံးလေးဖြင့် ပြော လိုက်၏။

"သေချာ အချိန်ယူပြီး စဉ်းစားပါ ဒါရိုက်တာ ရှန်း..ခင်များ စဉ်းစားလို့ ပြီးတာနဲ့ ကျုပ် အကြိုလွှတ်ဖို့ သီးသန့်လေယာဉ်တစ်စင်း လွှန်ပေးလိုက်မယ်..."

"လစ် လစ် လစ် ပေါက်တတ်ကရတွေ လာပြောမနေနဲ့.."ရှန်းထျန်းကျိုး အပြုံးလေးဖြင့် အော်ငေါက်လိုက်၏။

လင်းရီလည်း ပြုံးကာ လက်ဝှေ့ယမ်းနှုတ်ဆက်ပြီးနောက် မိုက်ခရိုတော့ဖ်ထဲမှ ထွက်လာခဲ့လိုက်၏။ သုံးနာရီ ထိုးမှသာ ရှိသေးသောကြောင့် ဟိုတယ်သို့ မပြန်သေးဘဲ ဆန်ကျင့်ဘက်နေရာသို့ ဦးတည်လိုက်၏။

ရုံးခန်းထဲတွင်တော့ ရှန်းထျန်းကျိုး လင်းရီရေးသားထားခဲ့သည့် code များကို ငေးကြည့်လျက်ရှိ၏။

ကြည့်ရင်းဖြင့် မနေနိုင်စွာ ချီးကျူးမိပြန်သည်။

"ဒီကောင်လေးကတော့ ကမ္ဘာကြီးကို ဘာလုပ်မယ် ညာလုပ်မယ် ပြောပြီး code တွေကျတော့ ဒီတိုင်း ထားသွားခဲ့တယ်.."

လတ်တလော နေ့ရက်များ၌ လင်းရီ ရေးသားထားသည့် code များမှာ မိုက်ခရိုဆော့ဖ်အတွက် မည်မျှ အရေးပါကြောင်း အထူးတလည် သက်သေပြရန် မလိုအပ်ပေ။

သို့သော်လည်း လင်းရီမှာ code များကို မဖျက်ပစ်ပဲ ချန်ထားရစ်ခဲ့လေသည်။

တစ်နည်းအားဖြင့် ဆိုရသော် ရှန်းထျန်းကျိုး လင်းရီနောက်သို့ လိုက်သည်ဖြသ်စေ၊ မလိုပ်သည်ဖြစ်စေ ၊ ယခုရေးသားထားသည့် code မှာ သူ၏ အပိုင်ပင်။

တစ်နည်းဆိုရသော် ရှန်းထျန်းကျိုးမှ လင်းရီ ရေးထားသည့် code များကို ယူသုံး၍ ကိုယ်ပိုင် အကျိုးမြတ် ရှာဖွေလည်း ရပေသည်။

သို့သော်လည်း ရှန်းထျန်းကျိုးမှ မောက်စ်ကို ကိုင်ကာလင်းရီ ရေးသားထားသည့် code များအားလုံးကို ဖျက်ဆီးပစ်လိုက်၏။

ထို့နောက် ဖုန်းပိတ်ပြီး အသက်ပြင်းပြင်းရှူကာ ငြိမ်သက်နေသည့် ရုံးခန်းထဲသို့ ကြည့်လိုက်သည်။ သူတစ်ခုခု လိုနေသလို ခံစားနေရ၏။ လင်းရီနှင့် အလုပ်တွဲလုပ်နေကြဖြစ်၍ ယခု မရှိတော့သည့် အချိန်၌ ဖြစ်ပေါ်လာသည့် ခံစားချက်ကို သူ နေသားမကျသေးချေ။

ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ရန် ကြိုးစားကြည့်သော်လည်း လုံးဝ စိတ်တည်ငြိမ်အောင် မထိန်းချုပ်နိုင်ပေ။ လင်းရီ ပြောကြားသွားခဲ့သည့် စကားလုံးတို့မှာ သူ့နားထဲ၌ တဝဲလည်လည် ဖြစ်နေတော့၏။

မသက်သာသည့် အဆုံး ကွန်ပျူတာကို ပိတ်ပစ်ကာ ခေါင်းရှင်းစေရန် စီးကရက်တစ်လိပ် လောက် ခဲလိုက်သည်။

ထို့နောက် သူ၏ ကုတ်အင်္ကျီနှင့် ကားသော့ကိုယူကာ ရုံးခန်းထဲမှ ထွက်လာခဲ့ပြီး အိမ်သို့ မောင်းလာခဲ့လိုက်၏။

ရှန်းထျန်းကျိုး၏ နေအိမ်မှာ ဝါရှင်တန်မြို့ ဆင်ခြေဖုံးရပ်ကွက်လေးရှိ သုံးထပ်ဗီလာ တစ်ခု ဖြစ်သည်။ သို့သော်လည်း ဇိမ်ခံဗီလာ

ဟူ၍တော့ပြော၍မရ။ အဘယ်ကြောင့်ဆိုသော် အနီးတစ်ဝိုက်ရှိ ဗီလာများကလည်း ထိုကဲ့သို့ ပုံစံများ ဖြစ်နေသောကြောင့်ပင်။

ဝါရှင်တန်ရှိ အိမ်အများစု၏ ပုံစံမှာ ယခုလို ပုံစံ ဖြစ်နေသည်ဟု ပြော၍ ရသည်။

ဟွာရှနှင့် မတူညီစွာ ယွမ်သန်းပေါင်းများစွာ တန်ကြေးရှိပါသော်လည်း ဗီလာမှာ လုံးဝ လူအထင်ကြီးစရာ မကောင်းချေ။

သူကားပါကင်ထိုးပြီး အိမ်တံခါး ဆွဲဖွင့်တော့မည့် အချိန်တွင် လင်းရီနှင့် သူ့ဇနီးတို့မှာ ခြံဝန်းထဲ၌ ကော်ဖီသောက်နေသည်ကို အံ့အားသင့်စွာ မြင်တွေ့လိုက်ရသည်။

"အိုး..ဒါရိုက်တာရှန်းတောင် ပြန်ရောက်လာပြီလား..."လင်းရီလည်း အံ့အားသင့်စွာ ကြည့်မိလိုက်သည်။

"မစ် ...မစ္စတာလင်း..ကျုပ်ဒီမှာနေတယ်ဆိုတာ ခင်များ ဘယ်လိုလုပ်သိတာ..ကျုပ်လည်း တစ်ခါမှ မပြောဖူးပါဘူး."

"အင်တာနက်ခေတ်ကြီးမှာ ဘာမဆို တစ်ချက်ရှာကြည့်လိုက်တာနဲ့ သိပြီလေ..."

လင်းရီ အပြုံးလေးဖြင့် ပြောလိုက်ပြီး "ဒါရိုက်တာရှန်း ..ကျုပ်လည်း ပြန်တော့မယ်..အိုး ဟုတ်သား...ကျုပ်ပြောရဦးမယ်..မရီးကလည်း ဟွာရှကို ပြန်ချင်နေတာနဲ့ အတော်ပဲ..ကျုပ်သေချာလေး ဆွေးနွေးပြီးသွားပြီ..ဒီတော့ ဘာမှ မေးမနေနဲ့တော့

..အထုပ်တွေသာ ကြိုပြင်ထားပြီးတော့ ပြောင်းဖို့ ရယ်ဒီလုပ်ထားလိုက်..."

ရှန်းထျန်းကျိုး :"????"

ငါက ဘာသွားပြောရတော့မှာလဲ...

ငြင်းဆန်ဖို့ နည်းလမ်းမရှိတော့ဘူးနဲ့တူတယ်...

လင်းရီ တက္ကစီနှင့် ထွက်သွားသည်ကိုမြင်တော့ ရှန်းထျန်းကျိုး သူ့မိန်းမထံသို့ လျှောက်သွားခဲ့သည်။

"သူက ဟွာရှုကို ပြန်မယ့် အကြောင်းတွေ ပြောသွားတာလား..."

"ဒီတိုင်း သာမန်စကားဝိုင်းလေးပါဟယ်..ဘာမှ ထွေထူးကြီး မဟုတ်ပါဘူး.."မူရှမင် အပြုံးလေးဖြင့် ပြောလိုက်၏။

"ဒါနဲ့ ရှင့်ရဲ့ လုပ်ဖော်ကိုင်ဖက်က အရမ်းစိတ်ဝင်စားဖို့ကောင်းတာပဲနော် .သို့လုမျိုးစိတ်ဝင်စားဖို့ကောင်းတဲ့ ပရိဂရမ်မာမျိုး မမြင်ဖူးသေးဘူး..ဟွန့် ရှက်နဲ့တော့ကွာပါ့."

ရှန်းထျန်းကျိုး ရယ်မောလိုက်ပြီး "ပြောစမ်းပါဦး သူက ဘာတွေ ပြောသွားလို့ အဲ့လာက်တောင် သဘောကျနေရတာ..."

"ဒီတိုင်း အလ္လာဘ သလ္လာဘလေးတွေပါ..ပြီးတော့ ဒီလို နိုင်ငံခြားမှာ မွေးရပ်မြေကလူနဲ့ ဆုံဖို့ဆိုတာက တကယ်မလွယ်ဘူးလေ....အဲ့လူငယ်လေးက စကားပြောလို့

အရမ်းကောင်းတာ....တစ်ချက်ကြည့်လိုက်တာနဲ့ ထက်မြက်တဲ့သူ....."

"နေ နေစမ်းပါဦး.."

ရှန်းထျန်းကျိုး ပြောပြီး "ဘာပြောလိုက်တယ်..ရှင်မက မွေးရပ်မြေကသူနဲ့ တွေ့လိုက်ရတယ် ဟုတ်လား..မိန်းမ မင်းက တုံးပေက မဟုတ်ဘူးလား..."

"ဟုတ်တယ်လေ.. ..မစ္စတာလင်းကလည်း တုံးပေသားပဲလေ.."

မူရှုမင်မှ ထူးဆန်းစွာကြည့်ရင်း ပြောလိုက်သည်။

"ဟွာရှကနေ ထွက်ခဲ့တာ နှစ်တွေ အတော်ကြာသွားတော့ တုံးပေရဲ့ ဒေသယိယ စကား

တောင် မေ့တေ့တေ့ ဖြစ်လာပြီ..သူပြောတာ နားထောင်တာနဲ့တင် မွေးရပ်မြေကို ပြန်ရောက်သွားရသလိုပဲ....."

"ဒါပေမယ့် ငါ့ပြောတာကျတော့ သူက ကျယ်ကျန်း စီရင်စုကတဲ့..."

မူရှူမင် :"????"

"ကျွန်မတို့တော့ အရှုံးလုပ်ခံရပြီ..."

"ဖြစ်နိုင်တယ်..."ရှန်းထျန်းကျိုး သူဖြစ်ပေါ်နေသည့် ခံသားချက်ကို ဖော်ပြရန် မည်သည့် စကားလုံး အသုံးပြုရမလဲဆိုတာ စဉ်းစားရကြပ်နေလေသည်။

"ရှင်နဲ့ ရင်းနှီးဖို့ ဆိုပြီးတော့မှ မိုက်ခရိုတော့ဖ် ထိတောင် ရောက်ချလာတယ်ဆိုတော့ တော်

ရှိလူတွေ စွမ်းသာတဲ့ ကိစ္စတော့ မဟုတ်ဘူး နော်."

မှူးရှူမင် ပြောလိုက်သည်။

"ဒါပေမယ့် ကျွန်မ ရှင့်ရဲ့ အလုပ်ကိစ္စတွေကို တော့ ဝင်မစွက်ဖက်ချက်ပါဘူး..ရှင်ဘာပဲ လုပ်လုပ် ကျွန်မက နောက်ကနေ ပံ့ပိုးပေးဖို့ အသင့်ပဲ......"

ရှန်းထျန်းကျိုး ကူကယ်ရာမဲ့စွာဖြင့် ပြုံးလိုက်သည်။ ယခု ဖြစ်စဉ်ကို သေချာဆက်စပ်တွေးခေါ်ကြည့်ပါက လင်းရီ သေချာပြင်ဆက်လာခဲ့ကြောင်း မြင်သာနေသည်။ အသေအချာကြီး ပြင်ဆင်လာခဲ့ကြောင်း

သူ၏ ကမ်းလှမ်းချက်ကို ငြင်းပယ်ဖို့ရာဖို့လည်း အင်မတန်မှ ခက်ခဲလှ၏။

"ကြည့်ရတာတော့ ငါ့မှာ ရွေးချယ်စရာ မရှိတော့တဲ့ပုံပဲ..."

"အဲ့တာဆို ကျွန်မရှင့်အတွက် အထုပ်သွားကူထည့်ထားပေးမယ်..."

စက္ကန့်အနည်းငယ်ခန့် တိတ်ဆိတ်နေပြီးနောက် ရှန်းထျန်းကျိုးမှ "သွားထည့်လိုက်..."

မူရှုမင် ခေါင်းညိမ့်၍ အိမ်ထဲသို့ ဝင်သွားခဲ့၏။

ရှန်းချန်းကျိုးကတော့ နေရာမှာတင် ထိုင်နေရာ စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။

လင်းရှိ သွားခဲ့သည့် ဦးတည်ရာဘက်သို့ ရှေးရှုရင်း သူရုတ်တရက် ဖတ်ဖူးခဲ့သည့် စာတစ်ပိုဒ်ကို အမှတ်ရသွားခဲ့သည်။ အဝေးသို့ ထွက်သွားခဲ့သည့် လူငယ်လေးနှင့်လည်း အတော်လေး ကိုက်ညီနေလေသည်။

"လေတရူးရူး ၊ လှိုင်းတလိမ့်လိမ့် သမုဒ္ဒရာတစ်ခွင်မှာ ထကြွသောင်းကျန်းနေတဲ့ ရေနဂါး နှင့် မြင့်မြတ်သောမီးတောက်တို့ဖြင့် တောက်လောင်နေတဲ့ ဖီးနစ်၊ မတူညီသည့် ခေတ်အဆက်ဆက်တို့ ပြောင်းလဲလာခဲ့သော်လည်း သူရဲကောင်း၏ ဘုန်းတန်းခိုးဩဇာတိက္ကမမှာ အသူရာနှင့် လစန္ဒာတို့၏ ရောင်ခြည်နှင့်အတူ အထက်နှင့် အောက်ဘုံတလွှားတွင် ပြိုင်ဘက်ကင်းစမြဲဖြစ်၏။"

## အခန်း (၃၁၇)

ရှန်းထျန်းကျိုး၏ အိမ်မှ ထွက်လာခဲ့ပြီး နောက် လင်းရီ တက္ကစီစီး၍ ဟိုတယ်သို့ ပြန်လာခဲ့သည်။

ရေချိုးပြီးနောက် ကျီချင်းရန်နှင့် ကွမ်းရာတို့ ရှေ့ဆင့်နောက်ဆင့် ပြန်ရောက်လာခဲ့ကြ၏။

"လင်းရီ လင်းရီ ...ငါတို့ ဒီမှာ လုပ်ရမယ့် ကိစ္စတွေပြီးပြီ....ခုပြန်လို့ရပြီ သိလား.."ကျီချင်းရန် လင်းရီ ပါးကို ညစ်လျက် ရှင်မြူးစွာ ပြောလိုက်ပြီး

"နင်လည်း ဒီရက်ပိုင်းတွေ ဟိုတယ်မှာ နေရလွန်းလို့ မှိုတက်နေလောက်ရောပေါ့.."

"ဘာများ တတ်နိုင်မှာမို့လို့....."လင်းရီ သက်ပြင်းချလျက် ပြောလိုက်ပြီး

"ငါ့လို ဖြူစင်ရိုးသားတဲ့ ကောင်လေးက ဘားတွေ ဘာတွေလည်း မသွားတတ်တော့ ဒီမှာပဲ တစ်နေကုန်နေပြီး TV ရှိုးတွေပဲ ကြည့်နေရတယ်ျလ..အိုး ဒါနဲ့ မင်းနဲ့ အတူကြည့်တဲ့ ကမ္ဘာနှစ်ဖက် ဆိုတဲ့ ကိုးရီးယားကားတောင် ကြည့်ပြီးသွားပြီသိလား.....ငါမင်းကို ပြောပြမယ် ဟိုမင်းသားနဲ့......"

"ရှူး ရှူး ရှူး..."

ကျီချင်းရန် လက်ညိုးထောင်၍ လင်းရီ နှုတ်ခမ်းကို ကပ်လိုက်ပြီး "ငါ့ကို ကြိုမပြော ပြန်နဲ့..ကိုယ့်ဘာကိုယ်ပဲ ကြည့်မယ်..."

"မှ..."

ထို့နောက် ကျီချင်းရန် လင်းရီ၏ ညဘက်ပါး ပေါ်သို့ အနမ်းပေးလိုက်ပြီး

"နင့်ကို စကားနားထောင်လို့ ဆုချတာနော်..."

"သရက်သီးလည်း မဟုတ်ဘူး..ကြည့်ရတာ တော့ မကောင်းတဲ့ ရီဗျူး ပေးရတော့မယ်နဲ့ တူတယ်."

"ဘာမှ မရတာထက်စာရင်တော့ တော်သေး တယ်မဟုတ်လား..ဂျေးကလည်း များလိုက် တာ..."

ကျီချင်းရန် ခေါင်းမော့ရင်ကော့လျက် ပြော လိုက်၏။

"ဒီမှာ လုပ်စရာရှိတာတွေ ပြီးသွားပြီဆိုတော့ ပြန်လို့ရပြီလေ..ငါနောက်ကျမှပဲ လေယာဉ် လက်မှတ် ဖြတ်လိုက်တော့မယ်.."

"မလိုဘူး..လေယာဉ်လက်မှတ်က ကြိုပြီး ဘွတ်ကင်လုပ်ပြီးသား..."လင်းရှီ ပြောလိုက် သည်။

"အာ...နင်ကလည်း ငါလုပ်မလို့ပါဆို..."

"ဒီတိုင်း လေယာဉ်လက်မှတ်လေးပါ ကွာ..ဘာမှ ထွေထူးကိစ္စကြီး မဟုတ်ဘူး.."

လင်းရီ ပြောပြီးနောက် ကျီချင်းရန်ကို ကြည့်ကာ "အဝတ်သွားလဲချည်..ခဏနေကျရင်မင်းကို တစ်နေရာ လိုက်ပို့ပေးမယ်..."

"အမ်...ဘယ်သွားကြမှာ.."ကျီချင်းရန် သူမမျက်ဝန်းထဲတွင် မျှော်လင့်ချက်များ ပြည့်နှက်နေသည့် အကြည့်တို့ဖြင့် မေးမြန်းလိုက်သည်။

"မမေးနဲ့ဦး..အဝတ်စားသာသွားလဲချည်.."

"အိုး...အိုကေလေ.."

မိနစ် နှစ်ဆယ် ကြာပြီးနောက် ကျီချင်းရန် ပန်းပုံစံ ဂါဝန် တစ်ထည်ကို ဝတ်ဆင်လာခဲ့၏။ သူမ၏ ရှည်လျားသော ဆံနွယ်တို့မှာ

လေတိုက်တိုင်း ယိမ်းနွဲ့နေပြီး ည၏ အမှောင်ထုကဲ့သို့ နက်မှောင် တောက်ပနေလေသည်။

"ဘယ်လိုလဲ..ငါ ဒါ၀တ်သွားလို့ ဖြစ်တယ်မလား..."

"အင်း..အဆင်ပြေပါတယ်..."

သို့ဖြင့် လင်းရီ ကွမ်းရာကို နှုတ်ဆက်စကားဆိုလိုက်ပြီး ကျီချင်းရန်နှင့်အတူ ဟိုတယ်ထဲမှ ထွက်လာခဲ့လိုက်သည်။

ကားထဲမှ ထွက်လာပြီးနောက် ကျီချင်းရန် လမ်းတစ်ဖက်တွင် အလံခြောက်ခုနှင့် ဝါရှင်တန်ရှိ အကြီးဆုံး အပန်းဖြေဉယျာဉ်ကြီးကို မြင်တွေ့လိုက်ရ၏။

ညနေစောင်းနေပြီး ဖြစ်သော်လည်း အပန်းဖြေဥယျာဉ်ထဲရှိ စိတ်လှုပ်ရှား အော်ဟစ်သံများကတော့ အသံမစဲသွားပေ။

ညအချိန်အခါသို့ ရောက်လာသည့် အချိန်တွင်တော့ အပန်းဖြေဥယျာဉ်ထဲရှိ ရောင်စုံမီးများ တောက်ပလာကာ ပျော်ရွှင်ဖွယ်ကောင်းသောလေထုကို ပို၍ အရောင်စုံလင်သွားစေသည်။

သို့သော်လည်း အားလုံးထဲတွင် အထင်းသားဖြစ်နေသည်ကတော့ ပန်းခြံအလယ်တွင် ဝင့်ဝင့်ကြွားကြွားကြီး တည်ရှိနေသည့် ရောမ ချားရဟတ်ကြီးပေတည်း။

ချားရဟတ်စီးခြင်းမှာလည်း ကျီချင်းရန်တောင့်တနေသည့် ဆန္ဒများထဲမှ တစ်ခုပင်။

သူမတို့ အော်လန်ဒိုမှ ထွက်လာခဲ့သည့်အချိန်တွင်တော့ လင်းရီ သူ၏ ကတိကို မေ့ပျောက်လောက်ပြီဟူ၍ ထင်မှတ်နေခဲ့၏။

ဝါရှင်တန်သို့ ရောက်လာပြီးနောက် လင်းရီ ဟိုတယ်တွင် နေ့တိုင်း ရှိနေသော်လည်း ကျီချင်းရန်မှ သူ့ကို လိုက်ပို့ပေးဖို့ တောင်းဆိုရန် ရှက်ရွံ့နေခဲ့သည်။

ထို့ကြောင့် သူမ ထိုအကြံကို လက်လျှော့ဖို့တောင် စဉ်းစားပြီးဖြစ်၏။ သို့သော်လည်း လင်းရီမှ သူမကို မှတ်မှတ်ရရနှင့် ယခုလို လိုက်ပို့ပေးလိမ့်မည်ဟု ထင်မထားခဲ့။ ကျီချင်းရန် ရင်ဘက်ကြီးတစ်ခုလုံး ဝမ်းသာပီတိများ ယိုဖိတ်သွားခဲ့သည်။

"ငါပြောထားတဲ့ စကားကို မမေ့ပါဘူး ဟာ.."လင်းရီ သူမစဉ်းစားနေသည်ကို သိနေ ဟန်ဖြင့် ပြုံး၍ပြောသည်။

"ခစ်ခစ်..နင်က အရမ်းသိတတ်လွန်းနေတော့ ဒီက ဘယ်လို ဆုချရမလဲတောင် မသိတော့ ဘူး.."

"ငါ ကွမ်းရာကို မောင်းထုတ်လိုက်ရင်ကော.. အဲ့လိုဆို မင်းလည်း ရိုးသားမှုတွေကို အလုပ် နဲ့ သက်သေပြလို့ရပြီလေ.."

"အိပ်မက်မက်နေလိုက်.."

ကျီချင်းရန်၏ အကြည့်များကတော့ ဖြည်းညင်းစွာ လည်ပတ်နေသည့် ချား ရဟတ်ကြီးပေါ်တွင် ရှိနေကာ ချိုမြိန်စွာပြုံး

လျက် "လင်းရီ ..ငါနင့်လက်မောင်းကို ဖက်ထားပေးရမလား..."

"မလိုဘူး..."

"မရဘူး..နင်ငါ့ကို ဖက်စေချင်နေမှန်း ငါသိနေတယ်နော် .."

"ဟမ်...ဘာလို့ငါက မင်းဖက်တာ လိုချင်ရမှာ..."

ကျီချင်းရန်၏ ဖြူဖွေးသော လက်များမှာ လင်းရီ ခါးနားသို့ ရောက်သွားခဲ့ပြီး ခြိမ်းခြောက်ဟန်လေးဖြင့် "နင်ငါ့ကို မဖက်စေချင်တာ သေချာပြီလား..."

"အာ...လိုချင်တာပေါ့..ကိုယ့်ရဲ့ ချင်းရန်လေး ဖက်တာပဲကို..."

"ဟွန့်..ပြီးတာပဲ...နင်က အတင်းတောင်းဆို နေမှတော့လဲ ဒီက သနားလို့ လိုက်လျော ပေးလိုက်မယ်"

ထိုသို့ ပြောပြီးနောက် ကျီချင်းရန် လင်းရီ လက်မောင်းကို ဖက်လိုက်ပြီး "သွားစို့..ချား ရဟတ်ကြီး စီးကြမယ်..."

နှစ်ယောက်သား လက်မှတ်ဝယ်ပြီး ချား ရဟတ်စီးလို့ရသည့် နေရာသို့ ဖြောင့်တန်းစွာ လျှောက်လာခဲ့ကြသည်။

"ခု ကြည့်မိတော့မှ ချားရဟတ်ကြီးက မီတာ နှစ်ရာတောင် ကျော်တယ်ဟ..ချင်းရန်..မင်း စီးလို့ ဖြစ်မှာ သေချာရဲ့လား......"

"ဒါပေါ့..လုံးဝ အိုကေတယ်..ငါက ရဲရင့်တဲ့ မိန်းမသားလေ..ကျားကြီးဆိုရင်တောင် မကြောက်တတ်ဘူး..."

"ငါလည်း မင်းကို ကြောက်လားလို့ မေးနေလို့လား..ဘာလို့ လာပြောပြနေတာ..."လင်းရှီ အပြုံးလေးဖြင့် ပြောလိုက်ပြီး "ပြီးတော့ ငါ့လက်ကို ကိုင်တာလည်း ကိုင်ပေါ့... တအားကြီး ကုတ်ဖဲ့မနေနဲ့ဟ အသားတွေပဲ့ပါကုန်တော့မှာ.."

ကျီချင်းရန် မျက်နှာ ရဲသွားခဲ့ပြီး "ခုမှ ပထမဆုံး စီးဖူးမှာဆိုတော့ စိတ်လှုပ်ရှားနေလို့ပါနော်....."

စိတ်လှုပ်ရှားနေသည်ဟု အရှက်ပြေ ပြော လိုက်သော်လည်း အမှန်စင်စစ်တွင်တော့ သူမ ကြောက်လန့်နေခြင်းပင်။

အဝေးမှ ကြည့်သည့်အချိန်တွင်တော့ အရမ်း မြင့်သည်ဟု မထင်ရသော်လည်း အောက်သို့ ရောက်လာသည့် အခါမှသာ ကျိုချင်းရန် သေချာပင် ဦးမော့၍ မကြည့်နိုင်လောက် အောင် မြင့်မားလွန်းလှ၏။

သူမ လက်လျှော့ချင်စိတ်များတောင် ပေါက်ဖွားလာခဲ့သည်။ ချားရဟတ်ကြီးစီးရ သည်မှာ ရိုမန်တစ်ဆန်သော်လည်း အလွန်တရာမှ မြင့်မားလွန်းပြီးသူမ၏ ချောင်ရန်အုပ်စု အဆောက်အအုံထပ်ပင် ပို၍ မြင့်မားနေသေးသည်။

"သတ္တိတွေ အရမ်းကောင်းနေတယ်ပေါ့... ဒါဆိုလည်း ပြီးရင် ရိုလာကိုစတာနဲ့ သရဲအိမ်ထဲ ဝင်ကြရင်ကော..."

"ရပါ့ ရပါ့..."

"ဟားဟား....ပြီးတာပဲ..နောက်မှ မငိုပြနဲ့.."

နှစ်ယောက်သား တန်းစီပြီးနောက် ချားရဟတ်ကြီးထဲသို့ ဝင်လိုက်ကြသည်။

၎င်းမှာ တဖြည်းဖြည်း မြင့်တက်လာပြီး တစ်မြို့လုံး၏ မြင်ကွင်းကို ကြည့်ရှုလို့ရသည့် နေရာသို့ ရောက်လာခဲ့၏။

လမ်းများတစ်လျှောက်တွင် ရောင်စုံမီးများဖြင့် လင်းထိန်နေပြီး ယာဉ်ကြောများလည်း ပွတ်သိပ်နေ၏။

မြို့ပြ၏ ညချမ်းအခါ မြင်ကွင်းလေးပင်။

ထိုအချိန်တွင်တော့ သူမတို့ နားထဲတွင် အရာအားလုံး ဆိတ်သုဉ်းကုန်ပြီး တစ်ကမ္ဘာလုံးတွင် သူမတို့နှစ်ဦးတည်းသာ ကျန်ရှိတော့သကဲ့သို့ ခံစားလိုက်ရ၏။

"လင်းရီ နင်ငါနဲ့အတူ ဓာတ်ပုံမရိုက်ချင်ဘူးလား..."

"အာ..."

လင်းရီ ငြင်းဆိုတော့မည့် အချိန်တွင် အပေါက်ဝနားရှိ မြင်ကွင်းကို ပြန်အမှတ်ရသွားခဲ့ပြီး "ငါက ရိုက်လို့ရလား.."

"အင်းလေ..နင့်ကို မေးနေတာ..နင်ငါနဲ့အတူ ဓာတ်ပုံရိုက်ချင်ရင် နင့်ကို အခွင့်ရေးပေးမယ်လို့ ပြောတာ.."

လင်းရီ ငိုရအခက် ရယ်ရအခက် ဖြစ်သွားခဲ့သည်။

သူနဲ့ ဓာတ်ပုံရိုက်ချင်တယ်ဆိုလည်း ပြောပေါ့ကွာ..ဘာလို့ ဒီလောက်တောင် မာနကြီးနေပါလိမ့်...

လင်းရီ ဖုန်းထုတ်လိုက်ပြီး ကင်မရာကို ရှေ့သို့ ပြောင်းလိုက်သည်။

ကျီချင်းရန်၏ မျက်နှာမှာ လင်းရီ ပခုံးပေါ်သို့ အနည်းငယ် တိမ်းစောင်းလာခဲ့ပြီး သူမ

နှုတ်ခမ်းများကတော့ တွန့်ကွေးကာ အပြုံး တစ်ပွင့် ဖြစ်ပေါ်လာခဲ့သည်။

ထိုအခိုက်အတန့်တွင်တော့ သူမအပြုံးက သာလျှင်ကမ္ဘာပေါ်၌ အလှပဆုံးနှင့် အချိုမြိန် ဆုံး ဖြစ်နေတော့၏။

သို့သော်လည်း ခလုတ်နှိပ်လိုက်သည့် အချိန် တွင် လင်းရှီ သူမပါးကို ဆွဲဆိတ်လိုက်၏။

သို့နှင့် လှပသည့် စုံတွဲပုံလေးမှာ အရုပ်ဆိုး သည့် ပုံအဖြစ်သို့ ပြောင်းလဲသွားခဲ့ တော့သည်။

"အား..!!!"

"နင် အဲ့ဓာတ်ပုံ သိမ်းထားလို့ မဖြစ်ဘူး နော်..မြန်မြန်ဖျက်ပစ်လိုက်..အရမ်းရုပ်ဆိုး လွန်းတယ်.."

"မဖျက်ဘူးကွာ..နောက်ကျ ပြန်ကြည့်လို့ရ တာပဲကို.."

"အဲ့တာဆိုလည်း နောက်တစ်ပုံထပ်ရိုက်ကြ မယ်.ဒီခါတော့ ငါ့ပါးကို လာမဆိတ်နဲ့.."

"အိုကေ အိုကေ..."

စောနကအတိုင်း လင်းရီပခုံးပေါ်သို့ ယိမ်း လိုက်ပြီး အလှပဆုံး ပြုံးထား၏။ သူမ ကျေနပ်သွားတော့မှသာ ဓာတ်ပုံရိုက်ခြင်းကို ရပ်တန့်လိုက်လေသည်။

ကျီချင်းရန် အင်တာနက်ပေါ်တွင် ချားရဟတ် စီးသည့် စုံတွဲများ ဓာတ်ပုံရိုက်သည်ကို မြင် တိုင်း အားကျမိသည်။ ထိုအထဲ၌ ကောင်မလေးမှာ ကောင်လေးဖြစ်သူပါးကို အနမ်းပေးရင်း ဓာတ်ပုံရိုက်ကြ၏။

သူမလည်း ထိုသို့ ဓာတ်ပုံရိုက်ချင် သော်လည်း လင်းရီ ရယ်မှာကို စိုးရွံ့မိ သောကြောင့် သူမ ထုတ်မပြောဖြစ်ခဲ့။

"ဘာလို့ ထိုင်နေတာ..လာလေ..အောက်ဘက် က ရှုခင်းတွေ အတူ ကြည့်ကြမယ်လေ..."

ကျီချင်းရန် ခေါင်းယမ်း၍ "တော်ပြီ..ထိုင်ပြီး ပဲ ကြည့်တော့မယ်..."

"မင်းကြောက်နေတာတော့ မဟုတ်ဘူးမလား..."

"ဟွန့် မကြောက်ပါဘူး..ငါကနင့်ကို စီးဖို့ ပြောထားတဲ့သူ မလား ..ဘာလို့ကြောက်ရမှာ.."

"ပြီးရော..အဲ့တာဆိုလည်း ရိုလာကိုစတာ သွားစီးကြတာပေါ့..ငါတောင် မစီးဖြစ်တာ တစ်နှစ်လောက် ရှိပြီ..."

ကျီချင်းရန် ကိုယ်လေး မသိမသာ တုန်ခါသွားခဲ့သည်။ ဤမျှမြင့်သော ချားရဟတ်စီးသည်ကပင် သူမ၏ အကန့်အသတ်သို့ ရောက်ရှိနေပြီးဖြစ်၏။ ရိုလာကိုစတာ စီးမည်ဆိုပါက သူမ ကြောက်လန့်လွန်း၍ သေသွားနိုင်သည်။

ချားရဟတ်ကြီးမှာ တဖြည်းဖြည်း အောက်သို့ နိမ့်ကျလာခဲ့ပြီးနောက် နှစ်ယောက်သား အထဲမှ ထွက်လာခဲ့ကြ၏။

မျှော်လင့်ထားသလို ဖြစ်မလာသောကြောင့် ကျီချင်းရန် စိတ်ထဲ သိပ်ကျေနပ်နေခြင်းတော့ မရှိချေ။

နင့်ကို မနမ်းဘူးဆိုပေမယ့် နင့်ဘက်က ငါ့ကို နမ်းလို့ရတယ်လေ...

ငတုံးကြီး..သစ်တုံးခေါင်းကြီး...မကောင်းတဲ့ ကောင်ကြီး....

ချားရဟတ်နှင့် အလှမ်းသိပ်မကွာဝေးသော နေရာ၌ ရိုလာကိုစတာ တစ်ခု ရှိနေပြီး ထို နေရာမှ တစ်ယောက်တစ်ပေါက် အော်ဟစ်

သံများကို ကြားနေရသည်။ ကျီချင်းရန်မှာတော့ ထိုအသံများကို နားထောင်ရင်း ခြေထောက်ပင် မရွေ့ချင်တော့ချေ။

သူမ ခြေလှမ်းများ ခပ်စိတ်စိတ် လျှောက်နေပြီး စိတ်ထဲတွင်တော့ အသည်းငယ်တတ်သည့် ယုန်ဖြူလေးကဲ့သို့ ကြောက်ရွံ့နေခဲ့၏။

အကယ်၍ သူမ ယခုလိုဖြစ်မည်မှန်းကြိုသိပါက လင်းရီ ရှေ့တွင် အာဂမယ်ကြီး လုပ်ပြလိမ့်မည်မဟုတ်ပေ။

"ငါ ..ငါတို့ အတည်ကြီး စီးကြမှာလားဟင်..."

"ရောက်လာပြီးမှတော့ မပြန်ခင်လေး တစ်ခေါက်လောက်တော့ စီးသွားသင့်တယ်မဟုတ်ဘူးလား...."

"အိုး...."

လင်းရီ အထဲဝင်တော့မည့် အချိန်တွင် ကျီချင်းရန်မှ ရုတ်တရပ် တန့်သွား၏။

"ဟေး..ဘာလဲ ဖြစ်တာ..နေလို့မကောင်းဘူးလား.."

ကျီချင်းရန်မှ သနားစဖွယ်မျက်နှာငယ်လေးဖြင့် နှုတ်ခမ်းကိုက်လိုက်ပြီး "ငါ...ငါကြောက်လာလို့...ရိုလာကိုစတာ မစီးကြရင်ကော.."

**အခန်း (၃၁၈)**

"ဘာကြောက်စရာ ရှိလို့လဲဟ.."လင်းရီ မေးလိုက်၏။

"သူက ဟိုးအမြင့်ကြီးထိ ရောက်ပြီးတော့မှ ဝှစ်ဆိုပြီး အောက်ပြန်လျှောကျလာတာလေ..အဲ့တာကြီးက အရမ်းကြောက်စရာကောင်းတယ် မဟုတ်ဘူးလား..."

"ငါလည်း လျှောက်စနေတာ.."လင်းရိအလိုက်တသိဖြင့် ပြုံးလိုက်ပြီး "ဒီလိုဆိုလည်း ပန်းခြံထဲ လျှောက်သွားပြီးတော့ ပြန်ကြတာပေါ့..."

"အွန်း..အဲ့တာ အကောင်းဆုံးပဲ...""

သို့နှင့် နှစ်ယောက်အတူ လက်ချင်းတွဲကာ ရောင်စုံမီးများ ထိန်းလင်းနေသည့် ပန်းခြံတစ်ဝိုက်တွင် တခဏခန့် လျှောက်လည်ကြသည်။

လမ်းလျှောက်ရင်းနှင့် ကလေးများ ဆော့ကစားသည့် နေရာသို့ ရောက်လာခဲ့ပြီး ကလေးများ လျှောစီးနေကြသည်ကို တခဏခန့် ငေးကြည့်ရင်း အတိတ်ကို ပြန်ဆွေးတမ်းတ နေကြ၏။ ကျီချင်းရန်မှာ အတော်လေး စိတ်ဝင်တစား ဖြစ်နေသည်ကို မြင်တော့

"မင်းဆော့ချင် သွားတော့လေ..ပိုက်ဆံ ပေးစရာမှ မလိုတာ.."

"နင်ကကော...."

"ငါက ယောက်ကျားလေး..ဒီလို အရာမျိုးတွေ မကစားဘူး.."

"အဲ့တာဆို ငါလည်း မကစားဘူး.."

"မင်းက မိန်းကလေးလေ..ဘာရှက်စရာရှိလို့..."

"ဆော့နေတဲ့သူတွေ အားလုံးက ကလေးပေါက်စနလေးတွေလေ..ပြီးတော့ ငါကျ အရွယ်ရောက်ပြီးတဲ့သူကြီး ဖြစ်နေပြီ..အဲ့တာတောင်မှ ကလေးတွေနဲ့ ရောပြီး ဆော့နေတယ်ဆိုတော့ ဘယ်လောက်တောင် ရှက်စရာ ကောင်းလိုက်လဲ..."ကျီချင်းရန် တိုးတိုးလေး ပြောလိုက်ပြီး "သူများတွေ အဲ့လိုလက်ညှိုးထိုးပြောကြမှာကို မကြိုက်ဘူး..."

"ဘာမှ ရှက်စရာမလိုဘူး..ဒါက အမေရိကား..ကိုယ်ကြိုက်သလိုသာနေ..ဘယ်သူမှ မင်းကို မသိဘူး.."

"အဲ့လိုကြီးလည်း မဟုတ်သေးဘူးလေ ဟာ..."

"သွား သွား သွား.. ကိုယ့်ဘဝနဲ့ကိုယ် ပျော် သလိုသာနေ..ပတ်ဝန်းကျင်ပြောတာကို နားထောင်နေရင် ကိုယ့်ကိုယ်ကို ဘောင်ထဲ ထည့်ထားသလို ဖြစ်နေလိမ့်မယ်...."

လင်းရီ ကျီချင်းရန်ကို ငြင်းဆိုရန် အခွင့်အရေးမပေးဘဲ လျှောစီးသည့် နေရာ သို့ တွန်းပို့လိုက်၏။

"ငါ...ငါ နည်းနည်းရှက်လို့..."လရောင် အောက်တွင် ကျီချင်းရန်မှာ ရှက်ရွံ့စွာဖြင့် နေရခက်သည့်ပုံပေါက်နေပြီး "ဒါမှမဟုတ် နင်က.. စတေးခံပြီးတော့ ငါနဲ့ အတူ အဖော် လိုက်လုပ်ပေးပါလား...အဲ့တာဆို သူများတွေ

လည်း ငါ့ကို မပြောတော့ဘူးလေ..နင့်ကိုပဲ ပြောကြတော့မှာ.."

"ချင်းရန်..မင်းက တကယ့်ကို အသင်းသား ကောင်းပဲ..မင်းကို မှန်မယ့် ကျည်ဆံတွေကို ငါ့ အစားဝင်ခံခိုင်းတယ်ပေါ့လေ..လုပ်ရက် လိုက်ပါဘိ.."

"ခစ်ခစ်..."ကျိချင်းရန် တခစ်ခစ် ရယ်မောလိုက်ပြီး "ငါနဲ့ ခဏလောက်ပဲ လိုက်ကစားပေးပါလို့..နော်လို့နော်..."

"မရဘူး...သွားချင်ရင် ကိုယ့်ဘာကိုယ်သွားဆော့ချည့်."လင်းရီ ယတိပြတ် ပြောလိုက်ပြီး "ဒီတိုင်း လျှောစီးတာလေးများကို ကွာ..ဘာတွေများ ရှက်စရာရှိလို့...လာ ငါ လိုက်ပို့ပေးမယ်..."

"မတွန်းနဲ့...ငါက လူမသိသူမသိ သွားမှာ...တော်ကြာ နင်လုပ်တော့မှဖြင့် လူတွေသတိထားမိကုန်ဦးမယ်..."

သို့နှင့် ကျီချင်းရန် ည၏ အမှောင်ရိပ်ကို အမှီသဟဲပြုကာ လျှောစီးသည့် နေရာနားသို့ ကြောင်မလေးတစ်ကောင် တိတ်တဆိတ် ချဉ်းကပ်လာသည့် ပုံစံလေးဖြင့် ရောက်ချလာခဲ့သည်။

မနီးမဝေးတွင်တော့ သဲပုံကြီးတစ်ပုံရှိပြီး ကလေးများမှာ ထိုနေရာတွင် သဲဖြင့် ဆော့ကစားနေကြ၏။ ကျီချင်းရန် ထိုကလေးပေါက်စနများကို မနှောင့်ယှက်မိစေရန် လျှောပေါ်သို့ တိတ်တိတ်လေး တက်

လိုက်၏။ ထို့နောက် လင်းရီကို ဖုန်းကြည့်ရန် လက်ဟန်လုပ်ပြလိုက်သည်။

လင်းရီဖုန်း တစ်ချက်ကြည့်လိုက်သောအခါ ကျီချင်းရန်မှ ဝီချက်ခ်တွင် စာတစ်စောင် ပို့ထားကြောင်း မြင်တွေ့လိုက်ရ၏။

ကျီချင်းရန် : နင်ငါ့ကို ပုံလှလှလေး တစ်ပုံလောက် ရိုက်ထားပေးပါလား...

လင်းရီ : အမ်...ခုတစ်ပုံက ရိုက်ပေးရဦးမှာလားဟ..

လင်းရီ စာဒကတက်လိုက်သော်လည်း စာရိုက်ပြီးတော့ မပို့လိုက်ချေ။ သူ၏ဖုန်းကို ထုတ်ပြီး ကျီချင်းရန်ဘက်သို့ ကင်မရာ ချိန်လိုက်၏။

ရုတ်ချည်းဆိုသလို လင်းရီ ကင်မရာမှာ အမျိုးသမီးများအတွက်သာ အသုံးဝင်သည်ဟု ခံစားလိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် အမျိုးသားများမှာ ကင်မရာကို QR Code စကန်ဖတ်ဖို့ရာလောက်သာ အသုံးပြုကြခြင်းကြောင့်ပင်။

လျှောပေါ်တွင်တော့ ကျီချင်းရန် သူမစကတ်ကို သေချာလေး ကိုင်ထားပြီး အောက်သို့ လျှောဆင်းလာခဲ့၏။ သူမ၏ လှပသောမျက်လုံးများမှာ ဆန်းသစ်စ လခြမ်းကဲ့သို့ ဖြစ်သွားပြီး အပြစ်ကင်းစင်သော အပြုံးလေးဖြင့် ကင်မရာဘက်သို့ လှည့်ကြည့်လိုက်လေသည်။

မြေပြင်ပေါ်သို့ ရောက်လာခဲ့သည့် အချိန်တွင်တော့ ကျီချင်းရန်မှ ထွက်သွားဟန် ပြင်လိုက်၏။ သို့သော်လည်း သဲဆော့ကစားနေသည့် ကစားပေါက်စနလေးတစ်ဦးမှာ ကျီချင်းရန်ကို မြင်သွားခဲ့ပြီး ဆော့လက်စ သဲများကို ပစ်ထားကာ ကျီချင်းရန်ထံသို့ အပြေးကလေး ရောက်လာခဲ့ပြီး

"ဟယ်လို..မမကြီး သားသားလည်း အတူဆော့လို့ ရမလားဂျ..."

ရွှေရောင်ဆံပင်ပိုင်ရှင် ကလေးလေးတစ်ဦးမှ ပြောလိုက်၏။

" မမကြီးက လျှောကို ယူသွားပစ်မှာ မကြောက်ဘူးလား..."

"ကြောက်ပါဘူး.. ချောစီးတာက အရမ်း အန္တရယ်များတယ်..သားကာကွယ်ပေးမယ်..သားက မမကြီးတွက်ချို ချူပါမန်းယေ..."

ကျီချင်းရန် ပြုံးလိုက်ပြီး "အဲ့တာဆိုလည်းလာ..အတူတူစီးကြမယ်..."

အစကတည်းက မတင်းတိမ်သေးသည့် ကျီချင်းရန်မှာ သူမအား အဖော်လာစပ်နေသည့် ကလေးနှင့်လည်း ဆုံတော့ နှစ်ခါမတွေးပဲ သဘောတူလိုက်၏။

ထိုအချိန်တွင် အခြားကလေးများလည်း ရောက်လာကြပြီး ကျီချင်းရန်ရှေ့၌ ရပ်တန့်လိုက်ကြကာ တလက်လက်တောက်ပနေသည့် မျက်ဝန်းတို့ဖြင့် ကြည့်နေကြသည်။

သူတို့လည်း ကျီချင်းရန်နှင့် အတူ ကစားချင်နေသည့်ပုံပင်။

ကျီချင်းရန်ကလည်း တစ်ယောက်ကိုမျှ ငြင်းဆိုခြင်းမပြု။ အားလုံးနှင့်အတူ ကစားပေးရန် သဘောတူလိုက်လေသည်။ အဝေးမှကြည့်မည်ဆိုပါက KG ဆရာမ တစ်ဦးမှ ကလေးများအား ထိန်းကျောင်းနေသည်နှင့်တောင် ဆင်တူနေပေဦးမည်။

"ကဲ ကဲ ဆော့မနေနဲ့တော့..ခု ဘယ်ချိန်ရှိပြီလဲဆိုတာ တစ်ချက်ကြည့်လိုက်ဦး ..ပြန်ကြမယ်..."

အချိန်ကောင်းလေးရှိနေသည့် ကျီချင်းရန်မှာ လင်းရီ၏ လေသံကို ကြားတော့ "ဘာလို့လဲ..စိတ်ဆိုးနေတာလား.."

"မင်း...သူတို့နဲ့ မဆော့ရဘူး..."လင်းရီ လျှော အစွန်း၌ ထိုင်နေသည့် ကောင်ပေါက်စနလေး ကို လက်ညှိုးညွှန်လိုက်ပြီး "အဲ့သောက် ကလေးက ငယ်ငယ်လေးရှိသေးတယ် ဖွန် က ကြောင်တတ်နေပြီ..သေချာပေါက် ကောင်းတဲ့ကောင်မဟုတ်ဘူး...ကြီးလာရင် မ ကောင်းတဲ့ကောင် ဖြစ်မှာ..."

"အမ်...."

ကျီချင်းရန် မနေနိုင်ဘဲ ကျယ်လောင်စွာ ရယ်မောမိသွားပြီး "သူကဖြင့် ခုမှ လေးငါး နှစ်ပဲ ရှိသေးတာကို..နင်က ဘာလို့ အဲ့လာက် ထိ အသည်းအသန်တွေ ဖြစ်နေတာ..."

"မကောင်းတဲ့ကောင်တွေ ဆိုတာက ငယ် ကတည်းကနေ သန္ဓေပါလာပြီးသားကွ..."

"အဲ့တော့ ကျွန်မက အရမ်းပဲ ဆွဲဆောင်မှုရှိပါတယ်ဆိုတာ သက်သေပြပြီးသား မဖြစ်သွားဘူးလား.."ကျီချင်းရန် လင်းရီလက်မောင်းကို ဖက်ပြီး ပခုံးပေါ်၌ ခေါင်းလေးမှီ၍ ပြောလိုက်ပြီး"သွားစို့..နင်က မဆော့နဲ့ဆိုလည်း မဆော့တော့ဘူးပေါ့..ပြန်မယ်.."

"ဒီလိုမှပေါ့.."လင်းရီ သူမဆံပင်များကို အသာအယာ ဖွပေးလိုက်၏။

ဟိုတယ်သို့ ပြန်ရောက်လာပြီးနောက် နှစ်ယောက်သား အခန်းကိုယ်စီသို့ ပြန်၍ အနားယူလိုက်ကြသည်။ နောက်တစ်နေ့ နံနက်တွင်တော့ လေယာဉ်စီးကာ ဟွာရှသို့ ပြန်လာခဲ့လိုက်၏။

သူတို့ လေယာဉ်ဆင်းသည့် အချိန်တွင်တော့ ဟွာရှတွင် နေ့ခင်းအချိန်ဖြစ်နေပြီး ကျီချင်း ရန်ကို အိမ်သို့လိုက်ပို့ပြီးနောက် လင်းရီ လုံ ရှင်းသုတေသနစင်တာသို့ ဦးတည်လိုက်သည်။

"ဘော့စ်...ဘာညွှန်ကြားစရာ အသစ်ရှိလို့ပါ လဲခင်ဗျ..."စွန်းဖုယွိမှ ရုံးခန်းထဲတွင် မေး လိုက်သည်။

"ဘာမှ ထွေထူးကြီးတော့ မဟုတ်ပါဘူး ကွာ.."လင်းရီ ပြောလိုက်ပြီး "ငါခု ရှန်းထျန်း ကျိုး ကိစ္စကို ကိုင်တွယ်ပြီးသွားပြီ..သူရက် အနည်းငယ်လောက်နေရင် ဒီရောက်လာ လိမ့်မယ်..."

"ဗျာ...အတည်ကြီးလားဘော့စ်..."

"ဒါပေါ့ဟ..ငါဒီရက်ပိုင်းတွေ ဘာလုပ်နေတယ်လို့ မင်းထင်လဲ..."

"မာဆတ် ရောက်နေတာမဟုတ်လား..."

စွန်းဖုယ္ဗီနှင့် ပော်ယွမ်ယွမ်တို့မှ တစ်ချိန်တည်း တစ်လေသံတည်း ထွက်လာခဲ့ကြသည်။

"ငါလခွမ်းတဲ့မှ...ငါက မာဆတ် သွားရတာအဲ့လောက် ကြိုက်တယ်များ ထင်နေတာလားဟ..မင်းတို့ ဘော့စ်တစ်ယောက်ကိုလေးစားသမှုလေးနဲ့ ကောင်းတာလေးတွေပြောပေးလို့မရဘူးလား..."လင်းရှီ ပြောလိုက်ပြီး "တကယ်တော့ ငါ အဲ့ကိုသွားတယ်ဆိုတာ အလကား သွားတာမဟုတ်ဘူး..နေမ

ကောင်းတဲ့ မိဘကို ရှာဖွေကျွေးမွေးနေတဲ့ ကောင်မလေးတွေကို သွားထောက်ပံ့တာ...."

"သဘောကောင်းလိုက်တာဘော့စ် ရယ်..."စွန်းဖုယ်ဒ္ဒီ ပြောလိုက်ပြီး "ဘော့စ် ထောက်ပံ့ပေးနေလို့လဲ Durex ရဲ့ ရောင်း အားက အကောင်းဆုံး ဖြစ်နေတာနေမှာ..."

"ငိုးပဲ...တခြားအကြောင်းပြောကြမယ်.."

လင်းရီ ကူကယ်ရာမဲ့စွာဖြင့် လက်ကို ဝှေ့ယမ်းလိုက်ပြီး "ငါမင်းတို့ကို ပေးထားတဲ့ အဆောက်အဦးက မွမ်းမံတာ အခြေနေ ဘယ်လိုလဲ..."

"ပြီးလုပြီးခင်လို့တောင် ဆိုလို့ရ ပြီ..စက်ပစ္စည်းအကြီးစားကြီးတွေကတော့

အထဲကို ရွှေ့ပြီးသွားပြီ..ပြီးတော့ ကျန်တဲ့ ပစ္စည်းတွေကလည်း ရွှေ့နေတုန်းပဲ...မကြာ ခင်မှာ ကျွန်မတို့တွေ သုတေသနလုပ်ငန်း တွေ စလို့ရတော့မှာ...."

လုရင်း လင်းရီကို တစ်ချက်ကြည့်လိုက်ပြီး "ဘော့စ်...ကျွန်မတို့ရဲ့ စင်တာ အသစ်ကို ကော လုံရှင်းလို့ပဲ နာမည်ပေးမှာလား..."

"Cisco ကို မဆချမှုန်းရသေးခင် ဘာနာမည် မပေးသေးဘူး..မဟုတ်ရင် အလကား ပြဿနာတွေ ရှုပ်ကုန်မယ်..."လင်းရီ ပြော လိုက်ပြီး "ရှန်းထျန်းကျိုးကလည်း ဘယ်ချိန် ပြန်လာမလဲဆိုတာတော့ ငါလည်း အတိအကျ မသိသေးဘူး..ဒါပေမယ့် မင်းတို့ နှစ်ယောက်က စင်တာရဲ့ ဥက္ကဌတွေပဲ...ပြီး

တော့ လူတွေ အများကြီး ရှိမှာလည်း မဟုတ်ဘူးဆိုတော့ ဘယပြဿနာမှ မရှိလောက်ဘူးမလား..."

"အမ်... သဘောက နောက်ထပ် လူတွေ ရောက်လာဦးမှာပေါ့..."

"ဟုတ်တယ်...ရှန်းထျန်းကျိုးအပြင်ကို သူ့ရဲ့ အသင်းကလည်း ငါတို့နဲ့ ပူးပေါင်းလာမှာ..."

"ဘာ...သူ့ရဲ့အသင်းကော."

နှစ်ယောက်သား အကြည့်ချင်း ဖလှယ်လိုက်ကြပြီး မေးရိုးများ ကြွမ်းပြင်သို့တိုင်အောင် ပြုတ်ကျလောက်သည်အထိ အံ့အားသင့်သွားကြသည်။

"အင်း...ခေါ်မယ့်ခေါ်တော့ အားလုံး တစ်ခါတည်း ခေါ်ခဲ့လိုက်တာက ပိုမကောင်းဘူးလား..."

နှစ်ယောက်သားတစ်ဖန် အကြည့်ချင်း ဖလှယ်မိလိုက်ကြပြန်သည်။ အံ့အားသင့်လွန်း၍ ဆွံ့အသလိုတောင် ဖြစ်နေခဲ့ကြ၏။

သူတို့ နှစ်ယောက် မိုက်ခရိုဆော့ဖ်ကို သွားပြီး ခခယယနဲ့ သွားရှာတာတောင်မှ တစ်ဖက်က တွေ့ခွင့်မပေးဘူး..ဘော့စ်ကျတော့ သူ့ကို ခေါ်ခဲ့ရုံတင် မကသေးဘူး..သူ့အသင်းကိုလည်း ပါဆယ် ဆွဲလာသေးတယ်တဲ့လား....

ဒါကြီးက...သောက်ရမ်း အံ့သြဖို့ကောင်းတယ်ကွာ...

"ဘောစ်က ဘယ်လိုလုပ်လိုက်တာ...ကျုပ်တို့ဆို တွေ့ဖို့ အခွင့်ရေးလေးတောင်မှ မရခဲ့တာကို ဘောစ်ကျတော့ သူ့ကို အသာယာလေး ခေါ်လာနိုင်ခဲ့တယ်ဆိုတော့...."

"သူက အမျိုးသမီးတွေကို မကြိုက်တာလား..."စွန်းဖုယွိမှ ထူးဆန်းသလိုကြည့်၍ မေးလိုက်၏။

"ငိုးပဲလေ ..."လင်းရီ မျက်လုံးများ ပြူးကျယ်သွားခဲ့ပြီး "ငါက မိုက်ခရိုဆော့ဖ်မှာ အမှုဆောင် ဒုဥက္ကဌ ဝင်လုပ်ပြီးတော့မှ သူနဲ့ အတူ ရင်းနှီးအောင် အရင်လုပ်ခဲ့တာ....ပြီးမှ တဖြည်းဖြည်း ရင်းနှီးမှုတွေ တည်ဆောက်ပြီးတော့ ခေါ် နိုင်ခဲ့တာ.."

ဟစ်....

"ဘော့သ်က မိုက်ခရိုဆော့ဖ်မှာ အလုပ်လုပ်ခဲ့တယ်..."

"အေးလေ.."လင်းရီ ပြောလိုက်ပြီး "သူ့လိုမျိုး ဆရာကြီးကို လွယ်လွယ်တွေ့လို့ရမယ်များ မှတ်နေလားကွ.... မှတ်ထား..သွယ်ဝိုက်ချဉ်းကပ်ရတယ်...သာမန်နည်းလမ်းတွေ အလုပ်မဖြစ်ရင် ဖြတ်ထိုးဉာဏ်လေး ဘာလေးလဲ သုံးကြဦး..."

နှစ်ယောက်လုံး ပြိုင်တူ လက်မ ထောင်ပြလိုက်ကြသည်။

လင်းရီကို လုံးဝ အထင်ကြီးသွားခဲ့ကြ၏။

ဂျီးနီးယပ်စ်..လုံးဝကို ဂျီးနီးယပ်စ်ပဲ...

"ဒီလာခဲ့တာလည်း အဲ့အကြောင်း ပြောပြဖို့ပဲ.. "လင်းရီ ပြောလိုက်ပြီး "ဒါရိုက်တာရှန်းက လုံရှင်း သုတေသနစင်တာရဲ့ ဒါရိုက်တာရာထူးကို တာဝန်ယူလိမ့်မယ်...မင်းတို့ နှစ်ယောက်ကတော့ လက်ထောက်ဒါရိုက်တာတွေပေါ့...ဒါပေမယ့် လုံရှင်းက မင်းတို့အပိုင်ဖြစ်နေဦးမှာပါပဲ...နှစ်ဖက်လုံးက တစ်ခုကိုတစ်ခု အမှီသဟဲ ပြုနေရမှာ..."

"ကျွန်မကတော့ အဲ့တာတွေ စိတ်မဝင်စားဘူး..ပရောဂျက် အောင်မြင်နိုင်မယ်ဆိုလို့ကတော့ ဘာပဲဖြစ်ဖြစ်လုပ်မှာပဲ..."လုရင်း ပြောလိုက်၏။

"ကျုပ်ကောပဲ...ကျုပ်ကတော့ ဂိတ်စောင့်လုပ်ရလည်း ဖြစ်တယ်..."စွန်းဖုယ္ဓိမှ ရင်ဘက်ကြီးပုတ်၍ ပြောလိုက်သည်။

"ပြောမှပဲ အသစ်ဆောက်ထားတဲ့ စင်တာအသစ်မှာ အစောင့်လိုနေတာနဲ့ အတော်ပဲ...မင်းလုပ်မလား..."

စွန်းဖုယ္ဓိ ကိုးရိုးကားယား ဖြစ်သွားခဲ့ပြီး "ကျတော်ကစကားအဖြစ်ပြောတာလေဗျာ..ဘော့သ်ကလည်း ဘာလို့ အတည်ကြီးတွေ မှတ်နေတာ..."

"ငိုးပဲ..မင်းမှာ အပြင်းအထန် အားထုတ်လိုစိတ်ကို မရှိဘူး..."လင်းရီ ပြောလိုက်ပြီး "ဟော့ကင်းကို ကြည့်စမ်း....သူဆို မသန်စွမ်းဘူး..ဒါပေမယ့် နှိုင်းဆမမှီတဲ့ စိတ်ဓာတ်

ကြံ့ခိုင်မှုတွေ ရှိတယ်...မင်းကျတော့ စင်တာရဲ့ အစောင့်လုပ်ပေးရမှတောင် မလုပ်ချင်ဘူးတဲ့လား..."

"အာ...ဘော့စ်ကလည်း ကျုပ်တို့နှစ်ယောက်က မတူဘူးလေဗျာ..ကျုပ်ခြေထောက်တွေက အကောင်းကြီး ရှိသေးတယ်..."

"မင်းခြေထောက်တွေက ကောင်းသေးတယ်ပေါ့ ဟုတ်စ..."လင်းရှီ ပြောလိုက်ပြီး "အကောင်းကြီးဆို လေးငါးလှမ်းလောက် လျှောက်ပြစမ်းကွာ.."

"ဘော့စ်က ကျုပ်ကို ခြေတစ်ပေါင်ကျိုးဖြစ်အောင် တော့မလုပ်ပါနဲ့ဗျာ..ကျုပ်က အလကား လျှောက်ပြောနေတာပါ..."

"ဘယ်နားကသာ..ငါဟိုးနားလေးမှာ ကြမ်းတိုက်တဲ့ တုတ်တွေ့ထားတယ်..စတီး စစ်စစ်နဲ့ပဲ..လိုချင်ရင် အဲ့တာသုံး လေ..လမ်းလျှောက်ရတာ အဆင်ပြေ လောက်ရောပေါ့..."

စွန်းဖုယွီ:"...."

ကလင် ကလင် ကလင်

တစ်ချိန်တည်းတွင် လင်းရှီ ဖုန်းသံ မြည်လာခဲ့ပြီး ချောင်ရှန့်ယွီမှ ဖုန်းဆက်လာခဲ့ခြင်းပင်။

"ဒီငနဲက ဖွဲ့တော့ အတော်လေးကောင်းသားပဲ..."

"ညီကိုလင်း ဘယ်ချိန်လောက် ပြန်ရောက်မှာ..ကျုပ်က ဒီမှာ စောင့်နေတာ အတော်လေး ကြာနေပြီနော..."

"ကျုပ်က ပြန်တောင် ရောက်နေပြီ..."လင်းရှီ အပြုံးလေးဖြင့် ပြောလိုက်၏။

"အဲ့လိုဆို အိုကေတာပေါ့...ညနေငါးနာရီ မင်းဆက်ဟိုတယ်မှာ ဆုံကြမယ်..မြင်းလေးတွေက ညီကိုလင်းအတွက် ရယ်ဒီပဲ...

လုရင်း :"????

မြင်းလေးတွေ...?

**အခန်း (၃၁၉)**

ငါ-ိုးတဲ့မှ...

လင်းရီ လုရင်းမှသူ့ကို ရှုပ်ထွေးသည့် အမူအရာဖြင့် ကြည့်နေကြောင်း သတိထား မိသွားခဲ့သည်။

"တကယ့်လို့ ငါစီးမဲ့မြင်းက ခြေထောက် လေးချောင်းနဲ့ အမြီးပါတဲ့ မြင်းအစစ်လို့ ပြောရင် မင်းယုံမှာလား..." လင်းရီ ဖုန်းချပြီး နောက် လုရင်းကို မေးလိုက်၏။

"ယုံပါတယ်.."လုရင်း ခေါင်းညိမ့်လိုက်ပြီး "ဘော့စ်..ရှင်ဘာပြောပြော ကျွန်မက ယုံပြီး သား..ဘာမှရှင်းပြနေစရာ မလိုဘူး..."

လင်းရီ :"...."

ငါးနာရီထိုးတော့မည်ကိုတွေ့တော့ လင်းရီ ထရပ်လိုက်ပြီး ထွက်ခွာရန် ဟန်ပြင်လိုက်သည်။

လုရင်းတို့ကိုတော့ ဆက်ရှင်းပြနေလည်း မည်သို့မျှ ယုံကြည်မည်မဟုတ်သောကြောင့် လွှတ်ထားလိုက်တော့၏။

လုရင်းတို့ကို မပြောနှင့်။ လင်းရီပင်လျှင် ချောင်ရှန့်ယွီ၏ စရိုက်နှင့်ဆိုပါက မိန်းကလေး လေးငါးယောက်ခန့် မခေါ်လာခဲ့ဟု မယုံကြည်ချေ။

ညနေ ငါးနာရီထိုးသည့် အချိန်တွင်တော့ မင်းဆက် ဟိုတယ်ထံသို့ ကားဖြင့် မောင်း သွားလိုက်သည်။

ချောင်ရှန့်ယွီ၏ ကားမှာ ပါကင်ထိုးထားပြီး နံပါတ်ကို မှတ်မိနေသောကြောင့် လင်းရီ မြင် မြင်ချင်း သတိထားမိသွား၏။

အခန်း ၆၀၈ သို့ ရောက်လာသည့် အချိန်တွင် တော့ လူအယောက်၂၀ ခန့် ထိုင်ဆံ့သည့် စားပွဲအရှည်ကြီး တစ်လုံးကို ဝင်ဝင်ချင်း မြင် တွေ့လိုက်ရသည်။

သို့သော်လည်း ချောင်ရှန့်ယွီနှင့် သူ၏ အတွင်းရေးမှူးမလေးကသာလျှင် ထိုစားပွဲ၌ အခန့်သား ထိုင်လျက်စောင့်နေလေသည်။

"ရှို..ခင်များက အလုပ်သမားခေါင်းဆောင် မစ္စတာလင်းပဲ ဖြစ်ရမယ်...."

လင်းရီကို မြင်တော့ ချောင်ရှုန့်ယို မတ်တပ်ရပ်ပြီး ယဉ်ကျေးစွာ ကြိုဆိုလိုက်၏။

သူလင်းရီကို အမည်တပ်သည့် အချိန်၌ အခေါ်အဝေါ် အနည်းငယ်ပြောင်းလဲသွားခဲ့သည်။

ယခင်ကလို ညီကိုဟု မသုံးတော့ပဲ အလုပ်သမားခေါင်းတောင်ဟု ခေါ်တွင်နေလေသည်။

လင်းရီ ပြုံးမိသည်။

ငိုးပဲ...ဒီကောင်လည်း ရုပ်တည်ကြီးနဲ့ လိမ်တဲ့နေရာမှာ ဆရာတစ်ဆူပဲဟ..

သူနှင့် အပြင်မှာ တစ်ခါမျှ မဆုံဖူးသည်ကို တောင်မှ ဖုန်းထဲတွင် တညီကိုတည်း ညီကို နေခဲ့သည်။

ဟမ့်..သောက်ရေးမပါတာတွေ...

"ညီကိုချောင်..ကျုပ်လည်း ခင်များ အကြောင်းတွေ ကြားဖူးနေတာ ကြာပါပြီ.."လင်းရီ ပြုံး၍ ယဉ်ကျေးစွာ ဆိုလိုက်ပြီး "ဒါပေမယ့် အလုပ်သမားခေါင်းဆောင်ဆိုတာက ဘာအဓိပ္ပာယ်ကြီးတုန်း..."

ချောင်ရှန့်ယွီနှင့် သူ၏ အတွင်းရေးမှူးမလေးတို့မှာ ကြက်သေသေသွားခဲ့၏။

ဒီကောင်က အတော်လေး ကတ်သီးကတ်ဖဲ့ ပြောတာပဲကွ..အစိပ္ပာယ်က ရှင်းနေတာကို လာမေးနေသေးတယ်..

"ဒီတိုင်း နာမည်ပြောင်လေးပါ.."ချောင်ရှန့်ယွီ ရယ်မောလိုက်ပြီး "ညီကိုလင်းက Sci-tech ရဲ့ ဒါရိုက်တာမလား...အလုပ်သမား ခေါင်းဆောင်ဆိုတာကလည်း အင်ဂျင်နီယာ ခေါင်းဆိုတဲ့ သဘောမျိုးပါ..."

"အိုး...အဲ့လိုလား..."လင်းရီ သဘောပေါက် သွားဟန်ဖြင့် "ကျုပ် အင်ဂျင်နီယာ ဆိုတဲ့ စကားလုံးလေးကိုကြိုက်တယ်..နားထောင်ရ တာ အတော်လေး ကိန်းကြီးခန်းကြီး နိုင် သလိုပဲ .."

"အာဟား..."ချောင်ရှန့်ယွီ ကိုးရို့ကားယား ပြုံးလိုက်ပြီး

နားထောင်ကောင်းတော့ကော ဘာသုံးစားလို့ ရလို့လဲ...

"လာပါ ကြွပါ..ထိုင်ပါဦး ညီကိုလင်း.."

ချောင်ရှန့်ယွီ လင်းရီကို ဖိတ်မန္တက ပြုလိုက်ပြီးနောက် ဟင်းများ စတင်မှာကြား ခိုင်းလိုက်သည်။

"ခေါင်းဆောင်လင်း.ခင်များ စားချင်တာသာ မှာဗျာ..ဘာမှ အားနာနေစရာ မလိုဘူး..."

"အဲ့လိုဆို အားမနာတော့ဘူးနော်..ကျုပ် လည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်ပြီး "ဩစတေး

လျ စတိတ်ခ် သုံးပွဲ၊ ခေါင်းသုံးလုံးခရုက လေးကောင်၊ ဘလူးဖင်းတူနာဆာရှိမိကတစ်ပွဲ၊ မိချောင်းအမြီးစွပ်ပြုတ်လေးကောပဲ၊ အဝါရောင် ပန်းရိုင်းပွင့်၊ ငါးဥဆားနယ်၊ ပြီးတော့....."

"အဟမ်း...ခေါင်းဆောင်လင်း...ကျုပ်တို့ရှိတာက လူ သုံးယောက်တည်းလေ..ဘာလို့ အဲ့လောက် အများကြီးတွေ မှာနေတာ..."

လင်းရီ အော်ဒါတစ်သီတစ်တန်းကြီး ရွတ်ပြသွားသည်ကိုကြားဆော့ ချောင်ရှန့်ယွီ နှလုံးသားမှ သွေးများ ယိုစီးကျလာတော့သည်။

ဒီဟင်းပွဲတွေက သေချာပေါက် ဈေးမပေါ ဘူး..တစ်ပွဲ တစ်ပွဲကို သောင်းနဲ့ ချီလောက် တယ်..

"ညီကိုချောင်..ကျုပ်တို့က တစ်ခရီးသွားတွေ လေ..ဘာလို့ ခေါင်းဆောင်လို့ လာခေါ်နေတာ လဲဗျ..သူစိမ်းဆန်လွန်းပါတယ်..ညီကိုလင်း ဆို ရပါပြီ .."လင်းရီ ရယ်မောရင်း ပြော လိုက်၏။

"ညီကိုချောင်က တကယ့်ကို ဉာဏ်ဝတ် ကျေပွန်တဲ့လူပဲ..ပြီးတော့ ကျုပ်မှာထားတဲ့ အော်ဒါက နည်းတယ်လို့ ထင်နေတာမ လား..မပူနဲ့ ကျုပ်က သဘောကောင်းတဲ့လူပါ ဗျ..စိတ်ထဲ သိမ်းမထားတတ်ဘူး..."

"အာ...ကျုပ်တို့က ညီကိုတွေပဲကို..ရပါတယ် ဗျ ရပါတယ်..."

ချောင်ရှန့်ယွီ၏ နှုတ်ခမ်းထောင့်များ ကွေး ညွတ်သွားခဲ့ပြီး စိတ်ထဲတွင်တော့ အကြီးအကျယ် ကျိန်ဆဲနေလေသည်။

"ဒါပေမယ့် ကျုပ်က ဒီကနေ့ စားချက်စိတ် သိပ်မရှိဘူးဖြစ်နေတယ်..ဒီတော့ အများကြီး စားနိုင်မှာ မဟုတ်လောက်ဘူး..."

"အဲ့လိုလား...."လင်းရီ ရယ်မောလိုက်ပြီး "အဲ့ တာဆိုလည်း ကျုပ်ဒီလောက်ပဲ မှာလိုက် တော့မယ်လေ..."

"အာ..အဲ့သဘောမျိုး မဟုတ်ဘူးလေ."ချောင် ရှန့်ယွီ ယဉ်ကျေးစွာ ပြောလိုက်ပြီး "ကျုပ်

စားချင်ါစိတ် သိပ်မရှိဘူးဆိုပေမယ့် ညီကို လင်းကသာ စားချက်လို့ကတော့ မှာသာမှာ ဘာမှ ထည့်တွက်မနေနဲ့..."

"အဲ့လို ပြောနေမှတော့ ကျုပ်က ဘယ်လိုမှာ ရတော့မှာ."

"အဆင်ပြေပါတယ်..."

"ညီကိုချောင်က တအားတိုက်တွန်းနေမှ တော့ ကျုပ်အားနာပါးနာနဲ့ နည်းနည်း လောက် ထပ်မှာလိုက်မယ်ဗျာ..."

"ဖူး...."

ချောင်ရှန့်ယွီ သွေးအန်လုနီးနီး ဖြစ်သွားခဲ့ သည်။

'ငါက စကားအဖြစ် ပြောတာလေကွာ.ဒီ လောက်လေးတောင် အလိုက်မသိဘူးလား ဟ..'

လင်းရီ မီနူးကို ဆက်လက် လှန်လောလိုက်ပြီး "အေးမြသော အသီးရွက်သုပ်ဆိုတာက ဘာကြီးလဲ..."

"ဟုတ်....အဲ့တာက သခွားသီးက အဓိက ပါဝင်တဲ့ အသုတ်ဟင်းပွဲ တစ်မျိုးပါဗျ"

ချောင်ရှန့်ယွီ တစ်ချက် စပ်စုကြည့်လိုက်သောအခါ ထိုဟင်းပွဲမှာ ၆၈ ယွမ်မျှသာ သာကျသင့်ကြောင်း တွေ့လိုက်ရ၏။ သူ၏ စီးကရက် တစ်ဘူးစာပင် မရှိချေ။ ထို့ကြောင့် သူ ထည့်တွက်မနေရန် ဆုံးဖြတ်လိုက်သည်။

"အဲ့တာဆို ဒီ ဟင်းပွဲကလွဲရင် ကျန်တာ အကုန်ချကွာ..."

ချောင်ရှန့်ယွီ အံ့အားသင့်သွား၏။

ငိုးပဲဟျောင့်..မင်းလာနောက်နေတာလား..

"ဆာ...ယူမှာ သေချာရဲ့လားဗျ..."

"အမှန်ဆို ငါလည်း အဲ့လောက်အများကြီး မစားနိုင်ဘူး..ဒါပေမယ့် ဒီလောက်မှ မမှာပေးရင် ညီကိုချောင်ကို မျက်နှာဖြတ်ရိုက်သလိုဖြစ်သွားမှာပေါ့ မဟုတ်ဘူးလား...သေချာလားဆိုတာက ဘာအဓိပ္ပာယ်လဲ..ညီကိုချောင်ကို အထင်သေးတာလား..."

"မ..မဟုတ်ပါဘူးခင်ဗျ...ကျွန်တော်တို့ လာချပေးပါ့မယ်..."

"ပြီးသာပဲ..ဒါနဲ့ နောက်ထပ် Chateau Latour ပြင်သစ်ဝိုင် တစ်ပုလင်းကောချ ကွာ..."

"ကောင်းပါပြီဗျ..ခဏလေးစောင့်ဆိုင်းပေးပါ ခင်ဗျ..."

စားပွဲထိုး ထွက်သွားပြီနောက် လင်းရှိ မှ"ဒီဆိုင်က ဝန်ဆောင်မှုက အတော်လေးကို မကောင်းတာ ..သူတို့က ညီကိုချောင်ကို တောင်မှ နိမ့်ချပြီး ကြည့်ရဲ တယ်...တကယ်လို့ ကျုပ်သာပိုင်ရှင်ဆိုလို့ ကတော့ အဲ့လိုကောင်မျိုးတွေကို အလုပ်ဖြုတ်ပစ်တာ ကြာပေါ့..."

"ညီကိုလင်းကလည်း စိတ်လျှော့ပါဦး..ကျုပ် တို့ စီးပွားရေးကိစ္စ ဆွေးနွေးရဦးမယ်လေ..."

" စားရင်း ပြောကြတာပေါ့..."

မကြာမီ ဟင်းပွဲနှစ်ဆယ်ကျော်တို့မှာ တစ်ပွဲပြီးတစ်ပွဲ ရောက်ရှိလာပြီး လင်းရီလည်း အားနာပါးနာ လုပ်မနေပဲ ဝိုင်နီကိုဖွင့်ကာ အားရပါးရ လွေးတော့သည်။

"ညီကိုလင်း..ကျုပ်မှာတစ်ခုလောက် ဆွေးနွေးစရာရှိတယ်..ခု ပြောကြတော့မလား"

"အေးဆေးပေါ့ညီကိုချောင်ရေ..အစာအိမ်အရင်ဖြည့်ကြမယ်လေ...ဒါမှ စကားလေးကပြောလို့ကောင်းတာ..."

"ကောင်းပါပြီ ကောင်းပါပြီ...ညီကိုလင်း အရင်သံုးဆောင်ပါ...."

ချောင်ရှုန့်ယွိ စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီး သူ၏ မျက်နှာထက်တွင်တော့ အထင်သေးမှုများက အထင်းသားပင်။

ဝမ်ထျန်းလုံက ဘာတွေ တွေးနေတာလဲကွ..

ဒီလိုကောင်မျိုးကို တကယ်ကြီး စက်ရုံတာဝန်ခံ ရာထူးပေးထားတယ်တဲ့လား...

သူနဲ့သာလွှတ်ထားလို့ကတော့ သုံးလတောင်ခံမှာ မဟုတ်ဘူး.... Sci-tech ရဲ့ အဆုံးသတ်က အနောက်ရပ်သို့ ခရီးသွားခြင်းထဲက အရိုးဖြူမကောင်းဆိုးဝါးထက်တောင် ဆိုးရွားသွားဦးမှာ...

နာရီဝက်အတွင်း လင်းရီ စားလို့သောက်လို့ ဝသွားခဲ့သည်။

ပြီးနောက် ယွမ်သောင်းပေါင်းများစွာ တန်ကြေးရှိသော Chateau Latour ဝိုင်ကို ဖောက်ကာ ခံတွင်းရှင်းလိုက်ပြီး ကျေနပ်မှုအပြည့်ဖြင့် "ညီကိုချောင်က ဘာပြောမှာ..ပြောစရာရှိရင် ခုစပြောလို့ရပြီ..."

"ညီကိုလင်းက Sci-tech စက်ရုံရဲ့တာဝန်ခံမလား....ပြီးတော့ ကျုပ်တို့နဲ့ ဆိုတာကလည်း အိမ်နီးချင်းတွေ.ဒီတော့ စီးပွားရေးလေး တစ်ခုနဲ့ မိတ်ဆက်ပေးချင်လို့..အရမ်းကောင်းတဲ့ စီးပွားရေးပေါ့ဗျာ..."

"ဘယ်လိုမျိုးလဲ..မြတ်မှာလား..."

"ဒါပေါ့ဗျ..သေချာပေါက် မြတ်မှာပေါ့..မမြတ်ရင် ဘယ်လိုလုပ်ပြီး စီးပွားရေးလုပ်တယ်လို့ ခေါ်နိုင်မှာ..."

"ဘာစီးပွားရေးလဲ..အသေးစိတ်လေး လုပ်ပါဦးဟ..."

"ဒီလို..ညီကိုလင်းတို့ ကုမ္ပဏီရဲ့ ထုတ်လုပ်မှုက ရပ်တန့်နေတာကြာပြီမလား....ဒါပေမယ့် ကျုပ်တို့ စက်ရုံက ခုတလော အတော်လေး အလုပ်ရှုပ်နေတယ်..ဒါကြောင့်မို့ အော်ဒါရဲ့ ၂၀%ကို ညီကိုလင်းဆီ လွှဲပြောင်းပေးရင် ကောင်းမလားလို့ စဉ်းစားနေတာ..ဘယ်လိုထင်လဲ ...."

"ဒါ မိုက်တာပေါ့ဟ..."

လင်းရဲ အံ့အားသင့်နေဟန်ဖြင့် "အဲ့တာတွေ ထုတ်ဖို့အတွက် ညီကိုချောင်က ဘယ်လောက်ပေးမှာ..."

ချောင်ရှန့်ယွီနှင့် သူ့အတွင်းရေးမှူးတို့ လျှို့ဝှက်စွာအကြည့်ချင်း ဖလှယ်လိုက်ကြ၏။

ယခု ငွေအကြောင်းပြောနေသောကြောင့် တစ်စုံတစ်ယောက်မှ ငွေအတွက်နှင့် လောဘကြီးလာပြီဆိုပါက ပြောရဆိုရ လွယ်ကူသွားချေပြီ။

"ကျုပ်တို့ ချစ်ပ်တစ်ခုကို ယွမ်၈၀ ပေးမယ်ဗျာ..."

"ဟမ့်..ချစ်ပ်တစ်ခုကိုမှ ယွမ်၈၀ တည်းလား..."လင်းရီ အထင်တသေးအမူအရာ ဖြစ်သွားခဲ့၏။

"ညီကိုလင်း ကောက်ချက်ချ မစောနဲ့ဦး လေ..ချစ်ပ်တစ်ခုကို ယွမ် ၈၀ တည်းဆိုပေမယ့် ကျုပ်တို့က ချစ်ပ်တစ်သိန်းမှာမယ်ဆိုရင်...."

"အမ်...၈၀ ကို တစ်သိန်းနဲ့မြှောက်တော့.....ခဏ..ကျုပ် ဂဏန်းတွက်စက်နဲ့ တွက်ကြည့်ဦးမယ်.."

လင်းရှိ သူ့ဖုန်းထုတ်လိုက်၍ဟိုနှိပ်ဒီနှိပ် ပြီးနောက် ထိတ်လန့်တကြား ဖြစ်သွားခဲ့၏။ "၈ မီလီယမ်..."

"အမှန်ပဲ..၈ မီလီယမ်ဆိုတာ အများကြီးပဲမလား..."

ချောင်ရှန့်ယွီ အပြုံးလေးဖြင့် ပြောလိုက်၏။

"ဘယ်လိုလဲ ညီကိုလင်း ..ကျေနပ်မှုရှိရဲ့လား..."

"နည်းနေသေးတယ်..လင်းရီ ပြောလိုက်ပြီး "ကျုပ်က သင်္ချာ တွေ ကျွမ်းတာ မဟုတ်ဘူး..တွက်ရလွယ်အောင် တစ်ခုကို ယွမ် ၁၀၀ ရာထားလိုက် ...အဲ့လိုဆို ၁၀ မီလီယမ်..တွက်ရပိုမလွယ်သွားဘူးလား.."

**အခန်း (၃၂၀)**

"အာ...တစ်ခုကို ယွမ် ၁၀၀ ဆိုတာက မြင့်တယ်လို့ ပြောလို့ရတယ်နော..."ချောင်ရှန့်ယွီမှ အခက်တွေ့နေဟန် ဆောင်လိုက်သည်။

အမှန်စင်စစ်တွင်တော့ သူလိုချင်နေသည်မှာ လည်း ယခု ပမာဏလောက်ပင်။ လက်ရှိ ဈေးကွက် တန်ဖိုးအရ ချစ်ပ်တစ်ခုအတွက် ထုတ်လုပ်ခ တန်ဖိုးမှာ အနိမ့်ဆုံး ယွမ် ၁၁၀ ရှိသည်။ ထိုအရာကပင် အဝေစိလောက် နိမ့်သည့် ဈေးနှုန်းပင်တည်း။

သူလင်းရီကို ယွမ် ၈၀ တည်း ကမ်းလှမ်းလိုက်သည်ကလည်း လင်းရီကို အထင်သေးသောကြောင့်ပင်။

ထို့ကြောင့် ယွမ် ၁၀၀ တောင်းဆိုလာခဲ့လျှင်တောင်မှ သူ့ဘက်က လက်ခံနိုင်သေး၏။

"ညီကိုချောင်..ကျုပ်တောင်းတာကတောင် နည်းနေသေးတယ်နော....ကျုပ်တို့မှာ လခ

ပေးရမယ့် ဝန်ထမ်းတွေက ရှိနေသေးတယ်လေ..."

"ဒါပေမယ့် ကျုပ်အတွက်ကျ နည်းနည်း မြင့်နေပြီလေဗျာ..လက်ခံဖို့ဆို အတော်လေး ခက်ခဲတော့မှာ..."

"ကျုပ်ကို ကူညီတယ်လို့ပဲ သဘောထားပေးလိုက်ရင်ကော......."လင်းရဲ မျှော်လင့်ချက်အပြည့်ဖြင့် ကြည့်ရင်း ပြောလိုက်၏။

"ရပါတယ်..ဒါပေမယ့် ကျုပ် အသေးမွှားတောင်းဆိုစရာလေးရှိသေးတယ်..."ချောင်ရှန့်ယွီ ပြောလိုက်ပြီး "အဲ့တာကိုသာ ညီကိုလင်းသဘောတူမယ်ဆိုရင် ကျုပ် ယွမ် ၁၀၀ ပေးဖို့ သဘောတူတယ်..."

"ရတယ်လေ..ပြောပါဦး ဘာများဖြစ်မလဲ..."

"ညီကိုလင်းဘက်က ကျုပ်ကို အရင်ဆုံး ချစ်ပ်တွေ ထုတ်လုပ်ခွင့်ပေးရမယ်..ငွေပေးချေတာကိုကျတော့ အားလုံးပြီးစီးလို့ နောက်သုံးလေးလနေမှ ပေးမယ်... "

ချောင်ရှန့်ယွီ ပြောလိုက်ပြီး "ဒါပေမယ့် မပူနဲ့ .ကျုပ်ဘက်က ဝန်းထမ်းလစာအတွက် ယွမ်တစ်သန်း ကြိုပေးထားမယ်...ဘာမှ မဆိုးရှုံးစေရဘူး."

"ဒါကတော့ မဖြစ်နိုင်ဘူး.."လင်းရိ ပယ်ချလိုက်ပြီး "ပိုက်ဆံနောက်မှ ချေချင်တယ်ဆိုရင်တော့ မေ့လိုက်တော့..."

"ညီကိုလင်း...တကယ်လို့ အဲ့လိုတွေ ပြောမယ်ဆိုရင် ညီကိုက အမြင်ကျဉ်းနေတာပဲ..."ချောင်ရှန်ယွို့ လင်းရီ ပခုံးကို ကိုင်၍ ပြောလိုက်ပြီး "တွေးကြည့်ကြည့်...ခု ညီကိုလင်းက ယောက်ဖကို ကူပြီးတော့ စက်ရုံကို ကြီးကြပ်ပေးတယ်...ဘွင်းဘွင်းရှင်းရှင်း ပြောရမယ်ဆို သူ့ရဲ့ အချိန်ပိုင်း ဝန်ထမ်းလို့တောင် ပြောလို့ရတယ်..အဲ့တော့ လစာဆိုတာကလည်း ဝန်ထမ်း လစာလောက်လေးပဲ ရမှာ...ဒါပေမယ့် ကျုပ်ကိုသာ ကူညီပေးမယ်ဆိုလို့ကတော့ ညီကိုလင်းအတွက်လည်း မနစ်နာစေရပါဘူးဗျာ.."

"ဘယ်လို မနစ်နာစေမှာ.."လင်းရီ စိတ်ဝင်စားသွားခဲ့သည်။

ချောင်ရှန့်ယွီ သူ၏ အတွင်းရေးမှူးကို သို့ဝှက်သော အကြည့်တစ်ချက် ပေးလိုက်၏။ နားလည်သော သူမမှာလည်း ချက်ချင်းဆိုသလို အသင့်ပြင်လာခဲ့သည့် ယွမ် ၅ သိန်းတန်ချက်ခ်လက်မှတ်ကို ပိုက်ဆံအိတ်ထဲမှ ထုတ်လိုက်သည်။

"ဒါက ညီကိုလင်းအတွက် ရေဖိုး ဘာဖိုးပေါ့..ဘယ်လိုထင်လဲ....ဟိုကောင် ဖက်တီးဝမ်ထျန်းလုံးက ဒီလောက်တောင် ပေးမှာမဟုတ်ဘူးနော်..."

"ညီကိုချောင်ကလည်း စောကတည်းကနေ ဒီလိုလုပ်ရင် ပြီးနေပြီကိုပဲ..."လင်းရီ စပ်ဖြီးဖြီးမျက်နှာထားဖြင့် ချက်ခ်လက်မှတ်ကို လက်ခံလိုက်၏။

"သုံးလေး လလောက် ရွှေ့ဆိုင်းတာကတော့ ပြဿနာ မရှိဘူး...ကျုပ်ယောက်ဖကိုတော့ ကျုပ်ကြည့်ပြောထားလို့ရတယ်... "

"ဒါပေမယ့် တစ်ခုတော့ ကြိုပြောထားလိုက်မယ်..အလုပ်သမားခတော့ ခင်များတို့ဘက်ကပဲ အကုန်ကျခံရမှာ..."

"ပြဿနာမရှိဘူး..ကျုပ်တို့ စာချုပ်ဖိုးထဲကနေ နှုတ်လိုက်မယ်...ယွမ် ၁၀ မီလီယမ်ဆိုတော့ ရှင်းတဲ့ချိန်ကျမှ အဲ့ထဲကနေ နှုတ်လိုက်တာပေါ့..ကျုပ်တို့ အသားတင် အမြတ်ကိုပဲ ပေးမှာပါ..."

"အိုကေ ပြဿနာမရှိဘူး..ခုကစပြီးတော့ ညီကိုချောင်က တာဝန်ခံပဲ..ပစ္စည်းတွေကို ကြိုက်သလိုသာသုံး..ကုန်လှောင်ရုံထဲက

လည်း ကြိုက်သာတာ ဆွဲထုတ်သွား ဗျာ...ကျုပ်ဘာမှ ဝင်မစွက်ဖက်ဘူး...ဘာပဲ ပြောပြော ကျုပ်မှာလည်း စွက်ဖက်စရာ အကြောင်းမှ မရှိတာ.."လင်းရီ စီးကရက် တစ်လိပ်ကို မီးညှိရင်း စိတ်မဝင်စားဟန်ဖြင့် ပြောလိုက်သည်။

"ဒါနဲ့ ကျုပ်အတော်လေးကို ရှုပ်ထွေးမိ တယ်..စက်ရုံက ဘာမှ ကြီးတာ မဟုတ်ဘူး.. ဘာလို့ ကုန်လှောင်ရုံတွေက အဲ့လောက် ပေါသောနေလဲဆိုတာ နားကိုမလည် တာ...တကယ်လို့ ညီကိုချောင်ရဲ့ အော်ဒါ ကြောင့်သာ မဟုတ်ရင် ကျုပ်အကုန်လုံးကို ဘူဒိုဇာနဲ့ ချပြီးတော့ ငါးမွေးတော့မလို့ .. "

"ငါးမွေးမယ်..."

"အမှန်ပဲ..ကျုပ်မြေတူးစက်တွေတောင် ငှားဖို့ လုပ်ထားပြီးသွားပြီ....အဲ့ဒီ ကုန်လှောင်ရုံတွေကို ဖြိုချမယ်..ပြီးရင် ကန်အကြီးကြီး တူးပြီးတော့ ခိုအီငါးတွေ မွေးမယ်...ကျုပ်ခုတလော အတော်လေးကို ကံဆိုးနေသလိုပဲ...အဲ့တာကြောင့် ကံလေးဘာလေးလည်း ကောင်းသွားအောင် .ခိုအီငါး မွေးမလားပေါ့..."

လင်းရှီ၏ စကားလုံးများကိုကြားတော့ ချောင်ရှန့်ယွီ ဆွံ့အသွားခဲ့သည်။ ဒီလိုမျိုး လုပ်ဖို့ဆို ဘယ်လောက်တောင် အဆင်ခြင်မဲ့ဖို့ လိုလိုက်မလဲ...

မင်းပိုက်ဆံမရတာ ကံမကောင်းလို့ မဟုတ်ဘူးကွ..မင်းIQ ကိုက စောက်ပြဿနာတက်နေတာ...

"ညီကိုလင်း..ခင်များက တစ်ခုခုတော့ တစ်ခုခုပဲ..ခိုအီငါးတွေ လိုချင်တယ်ဆိုလည်း ကျုပ်နောက်ကျ ပို့ပေးလိုက်မယ် လေ..ကံကောင်းပါစေလို့ ဆုတောင်းပေးတဲ့ အထိမ်းမှတ်သဘောနဲ့ပေါ့..."

"အိုကေ..အဲ့တာဆို အတည်မှတ်ပြီနော်..."

"ကဲ ပြောတာလည်း ကြာသွားပြီတော့ ဒီလောက်ပဲ..."လင်းရီပြုံးပြီး ချက်ခ်လက်မှတ်ကို အိတ်ကပ်ထဲသို့ ထည့်ကာ "ကျုပ်မှာ လုပ်စရာလေးတွေ ရှိသေးလို့ အရင်သွားတော့မယ်ဗျာ....နောက်ဆုံမှထပ် တွေ့ကြတာပေါ့..."

"ညီကိုလင်းကလည်း ဘာလို့ အဲ့လောက် အလျင်လိုနေတာ..ကျုပ်တို့က နှုတ်ကတိပဲ

ပြုရသေးတာလေ..စာချုပ်လက်မှတ်ထိုးဖို့ ကျန်နေသေးတယ်..."

"လက်မှတ်ထိုးဖို့ လိုသေးတယ်ဆိုတော့ ညီကိုချောင်က ကျုပ်ရဲ့စရိုက်ကို မယုံကြည်တဲ့ သဘောလား....."

ချောင်ရှန့်ယွီ ရင်ထဲတွင် အေးစက်စက် ရယ်မောလိုက်ပြီး

မင်း ချေးစားပြောရင်တောင် မင့်စကား ငါမယုံဘူးကွ...

"ဒါပေါ့..ကျုပ်ညီကိုလင်းကို ယုံပါတယ်..ဒါပေမယ့် ကုမ္ပဏီ စည်းမျဉ်းအရဆိုတော့ ကျုပ်လည်း ဘယ်တတ်နိုင်ပါ့မလဲဗျာ..."

"အာ့ဆိုလည်း ပြီးတာပဲလေ..လက်မှတ်ထိုး ကြတာပေါ့..."

"စာချုပ်ကအသင့်ပါပဲ ညီကိုလင်း လင်မှတ် ထိုးဖို့ပဲ ကျန်တယ်..."

တစ်ချိန်တည်းတွင် ချောင်ရှန့်ယွီ၏ အတွင်းရေးမှူးမှ ကြိုတင် ပြင်ဆင်လာသည့် စာချုပ်ထဲတွင် တစ်ချို့တစ်ဝက်ကိုပြင်ပြီး ကော်ပီပရင့် နှစ်ခု ထုတ်လိုက်၏။

"ညီကိုလင်း စာချုပ်က ဒီမှာပါ..ကျေးဇူးပြု ပြီး ...."

"အိုကေလေ.."

လင်းရီ ဘောပင် တစ်ချက်ခါပြီး သူ၏ နာမည်ကို ရေးထိုးလိုက်သည်။

"ညီကိုချောင် ကျုပ်ခု သွားလို့ရပြီလား..ကျုပ် ဘော်ဒါတွေနဲ့ ဘားမှာ ဒီည ချိန်းထားတာရှိ တယ်.. ဒီထပ်ကြာရင် နောက်ကျတော့မှာ"

"ညီကိုလင်းမှာ အရေးကြီးကိစ္စရှိနေတယ်ဆို တော့လည်း ကျုပ်အတင်းအကြပ် ခေါ်မ ထားတော့ဘူး..လိုက်ပို့ပေးပါ့မယ်.."

"နေ နေ.. အပြင်လူလည်း မဟုတ်ဘူး..ကိုယ့် ဘာကိုယ်ပဲ ပြန်လိုက်တော့မယ်..."

"ကောင်းပါပြီ..အဲ့တာဆိုလည်း ဖြည်းဖြည်း သွားပါညီကိုလင်း.."

"အေးဆေးပေါ့..တစ်ခရီးသွားတွေမလား..အဲ့ လောက်ကြီးလည်း ယဉ်ကျေးဖို့ မလိုပါဘူး ကွ..ဟားဟား...."

သို့နှင့် လင်းရီ ယွမ်ဈသိန်းကို အိတ်ကပ်ထဲ ထည့်ကာ ဟိုတယ်မှ ပျော်ရွှင်စွာ ပြန်လာခဲ့၏။

ချောင်ရှန့်ယွီ ထိုင်ခုံပေါ်သို့ ပြန်ထိုင်လိုက်ပြီး လက်ကျန်စီးကရက်ကို ဆက်ဖွာနေလိုက်သည်။

"ငါက ဒီကောင့်ကို ဖြောင်းဖြဖို့ တော်တော်လေး အားစိုက်ရမယ် ထင်ထားတာ..ငွေလေးငါးသိန်းနဲ့ အဆင်ပြေသွားမယ်လို့တောင် ထင်မထားဘူး..ဟဟ..ငါတော်တော်လေး အထင်ကြီးမိခဲ့တယ်လို့ ပြောရမှာပဲ..."

"သူက Sci-tech ရဲ့ စက်ရုံဒါရိုက်တာ ဆိုပေမယ့် ဝမ်ထျန်းလုံကတော့ လူရွေးမှားသွားပြီ..ဒီလို ယောက်ဖမျိုးနဲ့ဆိုလို့ကတော့ အ

နှေးနဲ့အမြန် ဒေဝါလီပြန်ခံရတော့မှာ.."ချောင်ရှန့်ယွီ၏ အတွင်းရေးမှူးမလေးမှ ပြောလိုက်သည်။

"အမှန်ပဲ..ဒါပေမယ့် ငါတို့ အတွက်တော့ အကျိုးရှိတယ်လေ..."

ချောင်ရှန့်ယွီမှ ကောက်ကျစ်စွာ ပြုံး၍ ပြောလိုက်ပြီး

"အနည်းဆုံးတော့ ထုတ်လုပ်ရေးပိုင်းက ပြဿနာတွေ ဖြေရှင်းပြီးသွား ဖြစ်သွားတာပေါ့ကွာ.. နောက်ပြီး ဒါက အစမ်းသဘောပူးပေါင်းတာဆိုတော့ ငါတို့ဘက်က ပိုပြီး ထုတ်လုပ်ရင်တောင် ပြဿနာမရှိဘူး...ငါတို့ Cisco အတွက် ပိုပြီး မြတ်သွားတာပေါ့..."

"ဒါပေမယ့် ဒီလိုအရှုံးနဲ့ ဆွေးနွေးပြီးတော့ တစ်ခုကိုယွမ်တစ်ရာ ပေးရတယ်ဆိုတာ ကတော့ နည်းနည်းလေး စျေးမြှောက်နေ သလားလို့..."

"ဟက်...ငါက အဲ့ငွေတွေ ပေးမယ်လို့ ထင် လား..."ချောင်ရှန့်ယွီ မျက်ဝန်းထဲ အထင်သေးရိပ်များ သမ်းလာခဲ့၏။

"ဘော့စ်မှာ ဘာအကြံဉာဏ်များ ရှိလို့လဲ ရှင့်...."

"ငါတို့ ခုလေးဝင် သဘောတူထားတယ်မ လား... စာချုပ်ထဲက အတိုင်း ထုတ်လုပ်တဲ့ အချိန်မှာ ငါတို့ဘက်က အလုပ်သမားဖိုးပေး မယ်...ပြီးနောက်ဆုံးကျမှ အဲ့ထဲက

အသားတင် အမြတ်ကို သူတို့ကို ပေးချေရမယ်..."

ချောင်ရှန့်ယွီ ပြောပြီး ဆေးလိပ်ပြာကို လက်ဖြင့် တစ်ချက်တောက်ကာ "အားလုံးပြီးတဲ့အခါကျမှ သူတို့ကို အလုပ်သမားဖိုးက ၁၀ မီလီယမ်လောက် ကုန်သွားတယ် ပြောပြီးတော့မှ နှစ်သိမ့်တဲ့အနေနဲ့ ယွမ် လေးငါးသောင်းလောက် ပေးလိုက်မယ်ကွာ...အဲ့လောက်ဆို တော်ရောပေါ့.."

"ဥက္ကဌချောင်ရဲ့ နည်းလမ်းတွေကတော့သြချလောက်ပါတယ်ရှင် ..တေယ်သေးတာပေါ့..ကျွန်မလည်း ခုလေးတင် စာချုပ်ထဲက အပိုဒ်သေးသေးလေးတစ်ပိုဒ် ထပ်ထည့်လိုက်သေးတယ်..တကယ်လို့ အငြင်းပွား

စရာတွေ ဖြစ်လာခဲ့မယ်ဆိုရင်တောင်မှ သူတို့ဘက်က ရှုံးမှာ အသေအချာပဲ.."

"ငါတွေးထားတာလည်း အဲ့လိုပဲလေ.."ချောင့်ရှန့်ယွီ ခြေတင်ချိတ်လိုက်ပြီး "ခုခြေနေပေါ်မူတည်ပီး ပြောရမယ်ဆိုရင် Sci-tech က ငါတို့ရဲ့ ဒုတိယစက်ရုံဖြစ်လာပြီ..ပြီးတော့ တစ်ပြားမှ ကုန်ကျစရာမလိုတဲ့ စက်ရုံကြီးပေါ့..ဟားဟား..ဘယ်လောက်တောင် ပိုင်လိုက်တဲ့ အကြံလဲကွာ...ဇမ္ဗူမှာ ငါ့ထက်တော်တဲ့ကောင်တောင် ရှိပါ့မလားပဲ .."

အတွင်းရေးမှူးမလေးမှ ချောင်ရှန့်ယွီ နောက်သို့ လျှောက်လာခဲ့ပြီး လက်နုနုလေးများဖြင့် အသာနှိပ်ပေးကာ လက်သာယာမှုပေးရင်း "သူက ကျွန်မတို့ရဲ့ ထုတ်လုပ်မှု မ

နိုင်မနင်းဖြစ်နေတဲ့ ပြဿနာကို ပူရှင်းပေးသွားရုံတင်မကသေးဘူး.ကုန်တွေ သိုလှောင်ဖို့ ကုန်လှောင်ရုံတွေပါ အဆစ်ပေးသွားသေးတယ်...မိုးနတ်မင်းကြီးက ကျွန်မတို့ကို မျက်နှာသာပေးနေလားလို့တောင် မသိဘူးနော်.."

ချောင်ရှန့်ယွီ မျက်လုံး အသာမှိတ်ပြီး ဇိမ်ခံရင်း "ဒီတစ်ကြိမ်တော့ ငါ့ဘက်က သေချာပေါက် အောင်မြင်မှုတွေ အမိအရယူပြမှ ရမယ်...ငါ့အဖေကို ငါ ချောင်ရှန့်ယွီက ဘာကောင်လဲဆိုတာ သိအောင် ပြပေးမယ်..ဟမ့်...ဟို Cisco ကို အမွေဆက်ခံမယ့်ခွေးမက ခုထိ သွားတောင် မပေါက်သေးဘူး...ငါ့ကို ယှဉ်နိုင်မှာတဲ့လား .."

"ဒါဆို ကျွန်မတို့ခု ဘာလုပ်ကြမလဲဘော့စ်..ဥက္ကဌချောင်ကို ဒီသတင်းကောင်း အမြန်ဆုံး ပြောပြသင့်လား..."

"အချိန်မကျသေးဘူး..အချိန်ကျလာတော့မှ သူ့ကို စပရိုက် အကြီးကြီးဖြစ်အောင် လုပ်ပေးလိုက်မယ်...ချောင်မိသားစုထဲမှာ ငါ့နေရာကို မြဲမြံအောင်လုပ်ရမယ်...လူတိုင်းကို ငါ့ခြေထောက်အောက်မှာ နင်းခြေပစ်ရမယ်..." ချောင်ရှန့်ယွီ မကျေမချမ်းဖြစ်စွာ ပြောလိုက်သည်။

"အွန်း..ဥက္ကဌချောင်ကို Sci-tech နဲ့ စာချုပ်ကိစ္စတွေ အားလုံး အခြေကျပြီးတော့မှ အသိပေးလည်း နောက်မကျသေးပါဘူး..."

"အမှန်ပဲ..ငါလည်း အဲ့လိုစဉ်းစားနေတာ.."

ချောင်ရှန့်ယွီ စီးကရက်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချကာ နင်းခြေမီးငြိမ်းလိုက်ပြီး ပျင်းရိစွာ အကြောဆန့်၍ "စားပွဲထိုးကို ခေါ် ပြီး ဘေလ်ရှင်းလိုက်တော့...မင်းနဲ့အတူ အပြီကြမ်းလို့ရမယ့် ဟိုတယ်ကောင်းတစ်ခု ရှာတွေ့ထားတယ်.."

"အဟင့်..ဘော့စ်က အရမ်းစိတ်မရှည်တာပဲ..."

မိနစ်အနည်းငယ်ကြာပြီးနောက် စားပွဲထိုး ရောက်ချလာခဲ့သည်။

"ဆာ ဘေလ်က ယွမ် ၄၂၆,၇၀၀ ကျသင့်ပါတယ်ဗျ...ဘဏ်ကနေ ငွေချေလို့ ရသလို ကတ်နဲ့လည်း ငွေချေလို့ရပါတယ်..ဘာနဲ့ ရှင်းမလဲခင်ဗျ..."

"ဘာပြောလိုက်တယ်...ဒီတစ်နပ်စာလေးက ယွမ် ၄ သိန်းကျော်..."

ချောင်ရှန်ယွီ တည်ငြိမ်စွာ မထိုင်နိုင်တော့ချေ။

"ငါခုလေးတင် တွက်ပြီးပါပြီဟ..အလွန်ဆုံး ကျမှ နှစ်သိန်းလောက်ပေါ့... ဘေလ်က ဘာလို့ နှစ်ဆတောင် ပိုများနေတာ..."

"စောနတုန်းက ထွက်သွားတဲ့ လူကြီးမင်းက Chateau Latour နှစ်ပုလင်း ပါဆယ်ဆွဲသွားလို့ပါခဲ့ဗျ.."

**အခန်း (၃၂၁)**

"ငိုးပဲကွာ..."

ချောင်ရှန့်ယို့ ကျိန်ဆဲလိုက်ပြီး "အဲ့ကောင်က လောဘမကြီးလွန်းဘူးလားကွ..ဒီမှာက လည်း အားရပါးရ မျိုစို့သွားသေးတယ် ..ပြီး တော့ ပါဆယ်ကလည်း ဆွဲသွားသေးတယ်.."

"ဘော့စ်ကလည်း ..စိတ်လေးလျှော့ပါဦး လို့...ရှင့်ရဲ့ အမျက်တွေကို ခဏနေကျမှ ကျွန်မပေါ်ပုံချနော်..."

သူ၏ အတွင်းရေးမှူးမလေးမှ ဖျောင်းဖြလိုက် ပြီး "ပြီးတော့ သူ့လိုလူမျိုးက ဒီလိုတွေ လုပ် တာ မဆန်းပါဘူး..မဟုတ်ရင် ဘာလို့ ဒီ လောက်လွယ်လွယ်နဲ့ သိမ်းသွင်းလို့ရမှာ..."

"အင်း...မင်းပြောတာ မှန်တယ်..."ချောင်ရှန့်ယွီ ပြောလိုက်ပြီး "အဲ့ငနဲက ကုန်လှောင်ရုံတွေ ဖြိုချပြီး ခိုအီငါး မွေးမယ်ပြောကတည်းက တော်ရုံလွတ်နေတာတော့ မဟုတ်ဘူး..."

"ကောင်းပြီ..ဘေလ်သွားရှင်းလိုက်တော့.."ချောင်ရှန့်ယွီ လက်ဝှေ့ယမ်းလိုက်ပြီး "ယီးပဲကွာ.. နောက်ကျ ငါ့ပိုက်ဆံတွေကို သေချာပေါက် ဒီကောင့်ဆီကနေ ပြန်ယူပြမယ်..."

.....

ဟိုတယ်မှ ထွက်လာခဲ့ပြီးနောက် လင်းရီ ချီရှန်းကျောက်ကို ဖုန်းခေါ်လိုက်သည်။ ဟော်ယွမ်ယွမ်လည်း ကုမ္ပဏီ၌ ရှိသည်ဟု

ပြောသံကြားတော့ လင်းယွမ်အုပ်စုသို့ ဦးတည်လိုက်၏။

"ဘော့စ်လင်း..ရောက်လာပြီလားဗျ..."

ချီရှန်းကျောက် လင်းရီကို ထ၍ နှုတ်ဆက်လိုက်သည်။

လင်းရီခေါင်းညိမ့်၍ ဟော်ယွမ်ယွမ်ကို ကြည့်လိုက်ပြီး "သူကတောင် မတ်တပ်ရပ်နေပြီ...မင်းက ဘာလို့ ထိုင်နေသေးတာ...ငါက မင်းရဲ့ စပိုက်စီဟော့ပေါ့လောက်တောင် ဆွဲဆောင်မှုမရှိဘူးလို့တော့ လာမပြောနဲ့..."

"ဘော့စ်ကလည်း အပိုတွေ လျှောက်ပြောနေပြန်ပါပြီ..ရှင်ကသာ ကျွန်မနှလုံးသားထဲမှာ ဆွဲဆောင်မှု အရှိဆုံး သူပါ

နော်...အေးအေးဆေးဆေးပဲ စကားပြောကြမယ်..ကျွန်မ လစာလေးကိုတော့ မလျှော့ပါနဲ့တော့."

"အဲ့တာဆို ဘာလို့ ခုထိ ပလုပ်ပလောင်းနဲ့စားနေသေးလဲ..."လင်းရီ ပြောလိုက်ပြီး

"ဘော့စ်တစ်ယောက်လုံး ရှေ့ရောက်နေတာတောင်မှ စားပါဦးလား တစ်ခွန်းပြောဖော်လေးတောင် မရဘူး...

"ဖူး..."

ဟော်ယွမ်ယွမ် သူမ စားထားသည့် အသားလုံးများကို မှုတ်ထုတ်မိသွားပြီး "ဘော့စ်..ကျွန်မကို ဟာသ လာလုပ်မနေနဲ့...ကျွန်မ

ခဏာနေကျရင် အလုပ်လုပ်ရတာ စားချိန် တောင် ရှိမှာ မဟုတ်တော့ဘူး..."

"အိမ်း...မင်းတို့က အဲ့လောက် အလုပ်ကြိုးစား နေတော့လည်း ဆုချတဲ့ အနေနဲ့ ရော့ကွာ...."

လင်းရီ Chateau Latour ဝိုင် နှစ်ပုလင်းကို ပစ်ပေးလိုက်၏။

"တစ်ယောက်တစ်ပုလင်းယူ..အိမ်ပြန်ပြီး တော့ အေးဆေးသောက်ကြပေါ့ကွာ.."

"Chateau Latour...?ဒါ တစ်ပုလင်းကို ယွမ် တစ်သိန်းကျော်တယ်မလား..."

ဟော်ယွမ်ယွမ် မယုံနိုင်သည့် လေသံဖြင့် ပြောလိုက်ပြီး "ဘော့စ်..ရှင်ဘယ်အချိန်တုန်း က ဒီလောက် ရက်ရောသွားခဲ့တာလဲဟင်..."

"ဒါလား..သောက်ရှူးတစ်ကောင်ဆီက ကုန်းဆင်းခဲ့တာလေ..ငါ့ပိုက်ဆံနဲ့ငါဆို မင်းတို့ကို ဒီလိုတွေ ဝယ်ပေးမယ် ထင်နေတာလား"

"တော်ပါတော့ဘော့စ်ရယ်..ကျွန်မတို့ကို အဲ့လောက် သထာကြောင်းတွေ ပြောမနေပါနဲ့တော့.."

"ကောင်းပြီ..ပွစိပွစိ လုပ်မနေနဲ့တော့ .."လင်းရီ ပြောလိုက်ပြီး "ငါမရှိတုန်း ကုမ္ပဏီမှာ ဘာတွေ ဖြစ်သွားသေးလဲ..."

"အစ်ကိုချီနဲ့ ကျွန်မျို့ နှစ်ယောက် တစ်ချို့ ပရောဂျက်လေးတွေကို မျက်စိကျနေတာတွေ ရှိတယ်..သူတို့ ဘက်က စာချုပ်တွေ ပို့လာလို့ သေချာလေး စစ်ဆေးနေတာ..ပရောဂျက် သေးသေးလေးတွေဆိုတော့ လုပ်ရ

တာ ပျင်းစရာကြီး..ကျွန်မတို့ ကစားလို့ ကောင်းမယ့် ပရောဂျက် အကြီးကြီးတစ်ခု လောက် ရရင် ကောင်းမယ်..."

ချီရှန်းကျောက်ကတော့ အပိုမပြောဘဲ စာဖိုင်များကို လင်းရီ လက်သို့ အပ်လိုက်သည်။

လင်းရီ ထို စာရွက် စာတမ်းများကို ကြည့်ရင်း သာမန်လေသံဖြင့် "မင်းတို့ ရင်းနှီးမြုပ်နှံတဲ့ အခါကျ သူတို့ရဲ့ နောက်ခံကိုလည်း ကြည့်ကြဦးဟ...ချိန်ကျွင်းရဲ့လို သောက်ရူး မျိုးတွေနဲ့ဆို ဝေးဝေးရှောင်..."

ချီရှန်းကျောက်မှ ချိန်ကျွင်းရဲ့ နှင့် ဖြစ်ပွားခဲ့သည့် အကြောင်းကိစ္စကို ဟော်ယွမ်ယွမ်အား ပြောပြီးသောကြောင့် သူမလည်း လင်းရီ

ပြောချင်သည့် အဓိပ္ပာယ်ကို နားလည်ပေသည်။

"ဟုတ်.."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး စာဖိုင်တွဲများကို လှန်လှောကြည့်ရှုလိုက်သည်။

သူ စိတ်ဝင်စားဖို့ကောင်းသည့် တင်ပြချက်များကို တွေ့နေရလေသည်။

"ဟမ်...မင်းတို့ကောင်တွေ ဖုန်းလန်ယဉ်ကျေးမှုမှာလည်း ရင်းနှီးမြှုပ်နှံထားသေးတာလားဟ..."

"ဒီတိုင်း ရင်းနှီးရင် ကောင်းမလားလို့ စဉ်းစားဆဲပါဗျ..အတည်တော့ မပြုရသေး

ဘူး..ပြဿနာရှိလို့လားဘော့စ်.."ချီရှန်း ကျောက် ပြောလိုက်၏။

"ငါမင်းတို့ကို အရင်ကလည်း နည်းပညာ နယ်ပယ်ထဲကကုမ္ပဏီတွေမှာပဲ ရင်းနှီးမြှုပ်နှံ ပါ့မယ်လို့ပြောထားပြီးသားမဟုတ်လား...ခု ဟာက သတင်းမီဒီယာ ကုမ္ပဏီကြီးလေ ကွာ..."

"ဒါက ကျွန်တော်တို့ရဲ့ လုပ်ငန်းပလန်တွေနဲ့ တော့ မသက်ဆိုင်ပါဘူး ဆိုပေမယ့် ဒီတိုင်း လင်းယွမ်ကုမ္ပဏီရဲ့ပုံရိပ်ကို အများအမြင်မှာ ကောင်းအောင်လို့ပါ..."ချီရှန်းကျောက်မှ ပြောလိုက်၏။

"တကယ်လို့ ကျွန်တော်တို့သာ မီဒီယာ ကုမ္ပဏီကို ရင်းနှီး မြှုပ်နှံမထားဘူးဆိုရင်

နောက်ကျ အများပြည်သူနဲ့ဆိုင်တဲ့ ပြဿနာတွေ တက်ခဲ့ရင် ဖြေရှင်းဖို့ ခက်ခဲသွားတော့မှာ..."

လင်းရီ ချီရှန်းကျောက် မည်သည်ကို ဆိုလိုချင်နေမှန်း နားလည်ပေသည်။

နားလည်လွယ်အောင် ပြောရမည်ဆိုပါက သတင်းမီဒီယာများမှ လင်းယွမ်ကုမ္ပဏီ၏ ပုံရိပ်ကောင်းများကို အများပြည်သူထံ ချပြစေရန်သာ။

"တစ်ခြား အကြောင်းပြချက်တွေ မရှိသေးဘူးဆိုရင် ဒီကိစ္စကို ခဏ ဘေးချိတ်ထားလိုက်...ငါတို့ ကုမ္ပဏီက ခုမှ တည်ထောင်ကာစပဲ ရှိသေးတယ်..အဲ့လိုမျိုး PR ပြဿနာ

တွေတော့ မကြုံရလောက်သေးဘူး...မလော နဲ့ဦး.."

"သာမန်ဆိုရင်တော့ ကုမ္ပဏီ အသစ်တွေက PR ပြဿနာတွေနဲ့ ရင်ဆိုင်ရမှာကို ကြောက်နေဖို့ မလိုဘူး..ဒါပေမယ့် ဘော့စ်ရဲ့ ကုမ္ပဏီကကျတော့ မတူဘူးလေ..တည်ထောင်ထားတာတောင် ဘယ်နှစ်ရက်ပဲရှိသေးလို့ တရားက ဆွဲခံနေရပြီ..ဟီးဟီး...ကျွန်တော့်အထက်တော့ ရင်းနှီးမြှုပ်နှံတာက အကောင်းဆုံးလို့ ထင်တယ်နော..."

ချီရှန်းကျောက်မှ အပြုံးလေးဖြင့် ပြောလိုက်သည်။

"ကိုယ်ရေးကိုယ်တာ တိုက်ခိုက်မှုတွေ မသုံးနဲ့လေကွာ.."လင်းရီ ပြောလိုက်ပြီး "အားလုံး

က နာမည်ကြီး ကျောင်းဆင်းတွေချည်းပဲ ကို...ဒီလို ပြောဖို့တော့ မသင့်ဘူး ထင်တယ် နော.."

"နေ နေစမ်းပါဦး.."ဟော်ယွမ်ယွမ် ဘေးမှ ဝင်ပါလိုက်ပြီး "အစ်ကိုချီနဲ့ ကျွန်မတို့က နာမည်ကြီးကျောင်းဆင်တွေ ဆိုတာတော့ ဟုတ်ပါပြီ..ဒါပေမယ့် ရှင်ကျတော့ကော...."

"အဲ့တော့ကော ဘာဖြစ်လဲ..နောက်ဆုံးကျ တော့လည်း ငါ့လက်အောက်မှာ အလုပ်လုပ် နေရတာပဲ မဟုတ်လား..."

ဟော်ယွမ်ယွမ် "...."

ငါ့ခြား ဘယ်မှာလဲ...

"ယွမ်ယွမ် မင်းက ကုမ္ပဏီရဲ့ CFO လေ...အဲ့ လိုကြီး ပြောဖို့ကျတော့ ဘယ်သင့်မှာ..."ချီရှ န်းကျောက် အပြုံးလေးဖြင့် ကြည့်၍ ပြော လိုက်သည်။

"အင်းပါ ခုပဲ ကျွန်မ ပါးစပ်ကို ခုပဲ ဇစ်ဆွဲထား လိုက်ပြီ..."

ချီရှန်းကျောက် လင်းရီဘက်သို့ လှည့်ပြီး "ဘောစ်လင်း..ခင်များမှာကော ဖုန်းလန် ကုမ္ပဏီကို ရင်းနှီးမြှုပ်နှံဖို့ ကိစ္စနဲ့ ပတ်သက် ပြီးတော့ အကြံပြုစရာများ ရှိသေးလားဗျ..."

"ထွေထူးတော့ မရှိဘူး..ဒါပေမယ့် အဲ့ဒီထဲက ရှယ်ယာရှင်တစ်ယောက်ကိုတော့ အတော် လေး စိတ်ဝင်စားမိသားကွ.."

လင်းရီ ထိုစာဖိုင်ထဲမှ တစ်ရွက်ကိုထာတ်၍ ဟော်ယွမ်ယွမ်တို့ရှေ့တွင် ဝှေ့ယမ်းပြလိုက်ပြီး

"ချောင်ကျင်းချိုး..."

ချီရှန်းကျောက်နှင့် ဟော်ယွမ်ယွမ်တို့ တည်ငြိမ်မှုများ ပျောက်ဆုံးသွားခဲ့ကြသည်။

"တကယ်လို့ ကျွန်မ မှတ်မိတယ မှန်မယ်ဆိုရင် ချောင်ကျားတုံးရဲ့ သမီးကလည်း ချောင်ကျင်းချိုးပဲမလား..."ဟော်ယွမ်ယွမ်မှ ပြောလိုက်၏။

"အမှန်ပဲ..နောက်မှ ဒီ ချောင်ကျင်းချိုးနဲ့ ချောင်ကျားတုံးရဲ့ သမီး ချောင်ကျင်းချိုးက တစ်ယောက်တည်းလားဆိုတာ စစ်ဆေး

ကြည့်လိုက်...တကယ်လို့ နာမည်တူသွားတာ ဆိုရင်တော့ ပုံမှန်အတိုင်းပဲ ဆက်လုပ်..အေး..မဟုတ်ခဲ့ဘူး ဆိုရင်တော့ ရင်းနှီးမြုပ်နှံဖို့ စဉ်းတောင်မစဉ်းစားနဲ့..ငါ့နည်းငါ့ဟန်နဲ့ပဲ ကိုင်တွယ်မယ်...."

လင်းရီ၏ လေးနက်တည်ကြည်သည့် အမူအရာကိုမြင်တော့ နှစ်ယောက်လုံးပြိုင်တူ ခေါင်းညိမ့်လိုက်ကြသည်။

ဟော်ယွမ်ယွမ်ကတော့ မကောင်းသည့် ခံစားချက်များ ရနေလေသည်။

အကယ်၍ တိုက်ဆိုင်မှု မဟုတ်ခဲ့ပဲ ချောင်ကျားတုံး၏ သမီးသာ ဖြစ်ခဲ့ပါက မိသားစုတစ်ခုလုံးမှာ ဝက်အူလှည့် ဖြစ်ပေတော့မည်။

ထိုသို့ ပြောပြီးနောက် လင်းရီ အေးဆေး မနေခဲ့။ အခြား ကုမ္ပဏီ အကြောင်းများကို တစ်ချက် စစ်တေးကြည့်ကာ ကုမ္ပဏီမှ ထွက်လာခဲ့လိုက်၏။

မထွက်လာခင်လည်း သူ ဟော်ယွမ်ယွမ်နှင့် ချီရှန်းကျောက်ကို ကုမ္ပဏီမှ မောင်းထုတ်ခဲ့သည်။

အလုပ်ကြိုးစားသည်က ကောင်းသော်လည်း အလွန်အကျွံကြီးကတော့ ဘယ်အရာမှ မကောင်းပေ။ ထို့ကြောင့် သူတို့၏ CPU ကို ခဏတစ်ဖြုတ် အနားပေးလိုက်၏။

ကုမ္ပဏီမှ ထွက်လာခဲ့ပြီးနောက် လင်းရီ ကျိုကျုံးဗီလာသို့ မောင်းလာခဲ့သည်။

ကုမ္ပဏီ၏ အခြေနေမှာ သူအဝေးသို့ ရောက်နေစဉ် ကာလအတွင်း တည်ငြိမ်ပြီးဖြစ်ကာ ချီရှန်းကျောက်နှင့် ဟော်ယွမ်ယွမ်တို့၏ စီမံခန့်ခွဲပေးမှုတို့နှင့်အတူ လင်းရီ၏ ဩဇာမှာ ကုမ္ပဏီတစ်ခုလုံးသို့ ဖြန့်ကျက်ထားနိုင်ခဲ့၏။

သူလုပ်ဖို့ လိုအပ်သည်ကတော့ ရှန်းထျန်းကျိုး ဟွာရှသို့ ပြန်အလာကို စောင့်ဆိုင်းရုံလေးပင်။ လင်းရီမှ အဖြေ အတိအကျ ရခဲ့ပြီးဖြစ်သောကြောင့် ရှန်းထျန်းကျိုး ရောက်မလာမှာကိုတော့ စိတ်ပူရန် မလိုအပ်။ သူ ဟွာရှသို့ ပြန်လာမည့် အချိန်အတိအကျကိုသာ လင်းရီမှ မထိန်းချုပ်နိုင်ခြင်းဖြစ်သာ။

အနှစ်ချုပ်ရမည်ဆိုပါက လင်းရီရှေ့ရှိ ကိစ္စအားလုံးမှာသူ့လမ်းကြောင်းနှင့်သူ အားလုံးမှန်ကန်နေလေသည်။

သူလုပ်ဖို့ လိုအပ်သည်ကတော့ တဖြည်းဖြည်းချင်း ထိပ်သို့ ရောက်အောင်တက်လှမ်းရုံသာ ကျန်တော့၏။

အရာအားလုံးကို စီမံပြီးနောက် လင်းရီကျောဆန့်ပြီး အများကြီး သက်တောင့်သက်သာ ဖြစ်သလို ခံစားသွားခဲ့ရသည်။

ရေမိုးချိုးပြီးနောက် လင်းရီ အိပ်ရာဝင်ရန်ဟန်ပြင်လိုက်၏။ ထိုအချိန်တွင်ပဲ ကျိချင်းရန်ထံမှ မက်ဆေ့ချ်ဝင်လာခဲ့လေသည်။

ကျီချင်းရန် : မစ္စတာလင်း..မနက်ဖြန် ကျွန်မကို လာကြိုဖို့ မမေ့နဲ့နော်...တကယ်လို့ ခရီးသည်ကသာ ရှင့်ထိုင်ခုံပေါ်မှာ ပန်းစည်းလေးတွေမြင်ရင် စိတ်ပျော်ရွှင်ပြီး ကြယ်ငါးပွင့် ရီဗျူး ပေးလောက်တယ်နော...

**အခန်း (၃၂)**

နင် လက်ဗလာနဲ့ လာခဲ့တာလား..

ကျီချင်းရန်၏ မက်ဆေ့ချ်ကိုမြင်တော့ လင်းရီ ငိုရအခက် ရယ်ရအခက် ဖြစ်သွားခဲ့သည်။ တကယ်လို့ သူမက ပန်းစည်းလိုချင်တယ်ဆို

ရင်လည်း ဒီတိုင်းပြောရောပေါ့..ဟုတ်တယ်မလား...

လင်းရီ : အဲ့တာကတော့ ငါ့စိတ်အခြေနေပေါ်မှာ မူတည်တယ်..

မိနစ်အနည်းငယ်ကြာပြီးသည့်အထိ ဖုန်းမှာ တိတ်ဆိတ်နေဆဲပင်။

ကျိချင်းရန် အိပ်ပျော်သွားပြီ ဖြစ်သောကြောင့် စာမပြန်တော့သည်ဟု လင်းရီ ယူဆလိုက်၏။

ဒီကောင်မလေးကတော့ သူ့ရဲ့ အလှပေါ် ဝင့်ကြွားတဲ့ သဘာဝကို အပြည့်ဝ ဖော်ထုတ်ပြနေတော့တာပဲ..

လင်းရီ မေးပွတ်လိုက်၏။ ပန်းတစ်စည်း တည်း ပေးမည်ဆိုပါက ပျော်ဖို့ကောင်း လိမ့်မည် မဟုတ်ချေ။

အချိန်ကို တစ်ချက်ကြည့်လိုက်တော့ ညရှစ် နာရီထိုးနေပြီးဖြစ်၏။ မြို့ထဲတွင်တော့ ၂၄ နာရီ အမြဲတမ်းဖွင့်သည့် ပန်းဆိုင်တစ်ဆိုင်ရှိ သည်။ အကယ်၍ သူသာ အချိန်ကို လျော်ကန်စွာ အသုံးချနိုင်မည်ဆိုပါက မှီ လောက်သေး၏။

ဆုံးဖြတ်ချက်ချပြီးနောက် လင်းရီ ဝန်ရှင်း လမ်းသို့ မောင်းနှင်သွားလိုက်သည်။

ထိုလမ်းမှာတော့ ကျိုးဟိုင်ရှိ ပန်းများ အဓိက ရောင်းသည့် လမ်းဖြစ်ပြီး မြင့်၊လတ်၊နိမ့်

အတန်းမရွေး ပန်းများကို ထိုလမ်းထဲတွင် စုံလင်စွာ ရှာတွေ့နိုင်သည်။

လင်းရီ လမ်းထဲတွင် အကြီးဆုံး ပန်းဆိုင်ကို ရှာဖွေလိုက်ပြီး ထိုဆိုင်ထဲသို့ တည့်မတ်စွာ ဝင်သွားလိုက်၏။

"ဟဲ့ ဆိုင်ထဲကို အဆင်လေး ဝင်လာပြီ တော့.."

လင်းရီ ဝင်လာသည်ကိုမြင်တော့ ပန်းရောင်းသည့် အမျိုးသမီး ဝန်ထမ်းများမှာ မျက်လုံးများ တလက်လက် တောက်ပလာခဲ့ကြ၏။

"ဒီချိန်ကြီး ပန်းလာဝယ်တယ်ဆိုတော့ သေချာပေါက် သူ့ကောင်မလေး အတွက်ပဲ ဖြစ်ရမယ်..."

"ဘယ်သူများ ကံကောင်းပြီး အဲ့ဒီရှောင်ကောကောရဲ့ မိန်းကလေး ဖြစ်သွားလဲ မသိဘူးနော်..."

"သူမရဲ့ အရင်ဘဝတုန်းက နဂါးငွေ့တန်းတစ်ခုလုံးကို ကာ်တင်ခဲ့မှပဲ ဒီလောက်ကံကောင်းတဲ့ ကမ္မတွေ ရမှာ..."

အမျိုးသမီး ဝန်ထမ်းငယ်လေးများ၏ ဣန္ဒြေမဆည်နိုင်ကြသည်ကို မြင်တော့ သက်လတ်ပိုင်း အမျိုးသမီး ဝန်ထမ်းမှ ခေါင်းအသာရမ်းမိသည်။

အနှိမ်မိန်းကလေးတို့မှာ မရင့်ကျက်ကြသေးချေ။

ချောမောသည်မှာ အမှန်ပင် ကြည့်ကောင်း လှသော်လည်း စစ်မှန်သည့် လူမှုဝန်းကျင် တွင်တော့ ငွေမရှိပါက ဘဝ၏ စိန်ခေါ်မှုများ ကို ဖြတ်ကျော်နိုင်လိမ့်မည်မဟုတ်။

အရမ်းကို အတွေ့ကြုံ နုသေးတယ်...

"ဟဲ့ နင်တို့ တည်တည်တံ့တံ့လေး နေကြ စမ်း..အဆင်မပြေဖူးတဲ့ အတိုင်းပဲ ငမ်းနေ လိုက်ကြတာများ ..ကောင်မတွေနော်..ငါသိပ် မပြောချင်ဘူး..."

"မမကြီးကလည်း အဲ့ရှောင်ကောကောက အရမ်းချောတာကိုးလို့..."

ရှည်လျားသည့် ဆံနွယ်ပိုင်ရှင် အမျိုးသမီး တစ်ဦးမှ ပြောလိုက်၏။

"တကယ်လို့ ကျွန်မသာ အန်တီလာနေတာ မဟုတ်လို့ကတော့ တစ်ခါတည်း သူ့ကို သွား ဝိုက်ပစ်လိုက်တယ်..."

"သပ..တကယ်လို့ ငါသာဆိုလို့ကတော့ သူ့ ကို မီးနီတွေ အကုန်ဖြတ်ခိုင်းပစ်လိုက် မယ်..."

ဆိုင်ပိုင်ရှင်မှာ ၎င်းကိုမြင်တော့ ကူကယ်ရာမဲ့ သွားခဲ့သည်။ သူမ ဤကလေးမလေးများကို သင်ခန်းစာ ပေးရတော့မည့် ပုံပင်။

"အစ်မရှ..ရှင်က သူ့ကို မြင်တာတောင်မှ ဘယ်လိုမှ မဖြစ်ဘူးနော်..."အမျိုးသမီး အ ရောင်းဝန်ထမ်းတစ်ဦးမှ စပ်စပ်စုစု မေးမြန်း လိုက်၏။

"ဘာထူးဆန်းလို့လဲ..ငါ့ယောက်ျားက ငါ့အပေါ်လည်း ကောင်းတယ်..အဝတ်ဆို လည်း အဝတ် ၊ စားချင်တာတွေဆိုလည်း ဝယ်ကျွေးသေးတယ်..ဒီလောက်နဲ့တင် ကျေနပ်နေပါပြီဟယ်..တစ်ခြား ဘာကိုမှ မမျှော်လင့်တော့ဘူး..."

"ဟွန့်.. ကျွန်မတော့ မယုံပေါင်..."

"ကျွတ် ကျွတ်..မိန်းကလေးတွေ နင်တို့က နုပါသေးတယ်...ထစ်ကနဲရှိ မျက်နှာလောက်ပဲ ကြည့်တတ်ကြတာ..."

အစ်မရှုမှ ပြောလိုက်ပြီး "ငါနင်တို့ကို ကြွားတာတော့ မဟုတ်လူးနော်..ငါငယ်ငယ်တုန်းကဆို မြို့က သခင်လေးတွေကော အဆင်ပါ

မကျန် အကုန်လိုက်ကြတာ..အကုန်လုံးက လည်း သူ့အောက်တောင် မလျော့ဘူး...."

"အင်းပါလေ..မမြင်ဖူးမှတော့ ယုံပေးရတာ ပေါ့..."

"ဘာလဲ..နင်တို့က မယုံဘူးဆိုတဲ့ သဘော လား.."

"အစ်မရှုကို အဆင်လေးတွေ လိုက်ပိုးပန်း တယ်ဆိုတာကတော့ ယုံပေးလို့ရတယ်..ဒါ ပေမယ့် သူ့လောက် ချောတယ်ဆိုတာတော့ မယုံဘူး..."

"အဲ့တာဆိုလည်း ပြီးတာပဲ..သူတို့က နင်တို့ ရှေ့က အဆင်လေးလောက် မချောဘူးပဲ ထားပါတော့.."အစ်မရှုမှ ပြောလိုက်ပြီး "ဒါ

ပေမယ့် ငါ ကိုယ့်ညီမတွေလို ခင်လို့ ပြောပြလိုက်မယ်..ရုပ်ချောတာကြည့်လို့ ထမင်းမဝဘူး..နင်တို့ လူရှေ့သူရှေ့ရောက်ရင် မျက်နှာငယ်နေရမယ်.."

"အစ်မပြောတာလည်း မှန်တာတော့ မှန်ပါတယ်..ဒါပေမယ့် သူက ပိုက်ဆံမရှိဘူးဆိုတာ အစ်မရှ ဘယ်လိုသိလဲ..."

"နင်တို့ ဒုတိယမျိုးဆက် သခင်လေးတွေ ပန်းလာဝယ်တာ မြင်ဖူးလို့လား..."အစ်မရှ မှ ပြောလိုက်ပြီး "သူတို့ကသာ အရိပ်မြွက်လေးပေးလိုက်လို့ကတော့ မိန်းကလေးဘက်ကနေ တာဆေးတွေ ကြိုဝယ်ပြီးတော့မှ ဟိုတယ်မှာ စောင့်နေဦးမှာ..သူတို့လို

သောက်ငမွဲတွေကပဲ စားလို့မရတဲ့ ပန်းတွေဝယ်ပြီး လက်ဆောင်ပေးတတ်ကြတာ..."

ဆိုင်ရှင် အစ်မကြီး၏ ပြောသံကြားတော့ ကောင်မလေးများအားလုံး ခေါင်းကိုယ်ဆီငြိမ့်မိလိုက်ကြသည်။ သူမပြောသည်မှာ လက်တွေ့ကျ၏။

"ဝန်ရှင့် လမ်းမှာ ဆေးဆိုင်ရှိလား..."

ရှည်လျားသည့်ဆံနွယ်ပိုင်ရှင် မိန်းကလေးမှ မေးလိုက်၏။

"ဘာလဲလုပ်မှာ..နေလို့မကောင်းလို့လား..."

"တားဆေးသွားဝယ်မလို့လေ..."

အစ်မရှ :"...."

ကြည့်ရတာတော့ လက်တွေ့ သင်ခန်းစာ ပေးတော့မှနဲ့ တူတယ်...

လင်းရီ ဆိုင်ထဲတွင် တစ်ခဏမျှ လျှောက်ပတ်ကြည့်ပြီးနောက် ပန်းအမျိုးစား အတော်လေး စုံလင်လှကြောင်း တွေ့ရှိလိုက်ရသည်။

သို့သော်လည်း ဈေးမှာတော့ အနည်းငယ် ရယ်စရာကောင်းနေလေသည်။။ တစ်ပွင့်လျှင် ၁၉၉ ယွမ် ကျသင့်၏။

လင်းရီ ကောင်တာသို့ သွားပြီး "ကျုပ် ပန်းတစ်ချို့လောက်ဝယ်ချင်လို့..ဒီည ဝယ်သွားရင် မနက်ရောက်တဲ့ထိဆို လန်းလောက်သေးလား..."

"မောင်ငယ်လေး..စိတ်တော့ မကောင်းပါဘူး..အစ်မတို့ဆိုင်က ပိတ်သွားပါပြီ.."ဆိုင်ရှင်မှ ပြောလိုက်၏။

"ပိတ်သွားပြီ..?"လင်းရီ အံ့အားသင့်သွားပြီး "ခုထိ ဖွင့်သေးတယ် မဟုတ်ဘူးလား..."

"အစ်မတို့က ကိုးနာရီဆို ပိတ်တာ..ပြီးတော့ ခုက ပိုက်ဆံတွက်နေလို့လေ..ဈေးတော့ ဆက်မရောင်းတော့ဘူး..."

"ကောင်းပြီလေ..အဲ့တာဆိုလည်း နှောင့်ယှက်မိတဲ့အတွက် ဆောရီးပါ..."

လင်းရီ ယဉ်ကျေးစွာ တုံ့ပြန်ပြီး လှည့်ထွက်ခဲ့လိုက်သည်။

ဆိုင်ရှိ ဝန်ထမ်းကောင်မလေးများကတော့ သူမတို့ သူဌေးကို အံ့အားသင့်သည့် မျက်ဝန်းတို့ဖြင့် ကြည့်နေကြ၏။

အစ်မရှုကတော့ လုံးဝ အမေးဇင်းပဲ..အရမ်း ချောတဲ့ ရှောင်ကောကောကိုတောင်မှ ငြင်း လိုက်တယ်ပေါ့...

"ဟာ...နှမြောဖို့ ကောင်းလိုက်တာနော်..."

ဘွန်း ဘွန်း ဘွန်း.....

ထိုအချိန်တွင် ဆိုင်အပြင်မှ ကျယ်လောင် သည့် အသံတစ်သံ ထွက်ပေါ်လာပြီးစပ်စု ချင်ကြသော့ မိန်းကလေးများကို သိချင်စိတ် များ တဖွားဖွား ဖြစ်လာစေတော့၏။

"ဘာသံကြီးလဲဟာ....ဆူညံနေတာပဲ.."

"ကားအင်ဂျင်သံ ထင်တယ်..."

"ဘယ်လိုလုပ်ဖြစ်နိုင်မှာ..ဘယ်လိုကားမျိုးမို့ လို့အင်ဂျင်သံက ဒီလောက်ကြီးတောင် ဆူညံနေတာလဲဟ..."

"နင်ကလည်း တုံးလိုက်တာ..ရှာရီ အစုတ်ကြီးဆိုရင်တော့ အင်ဂျင်သံက အဲ့လောက် ဟိန်းပါ့မလားဟဲ့..ဒီအသံက သေချာပေါက် ပြိုင်ကားပဲ.. "

သို့နှင့် ကောင်မလေးများ ဆိုင်ပြတင်းပေါက်သို့ အပြေးလေးသွားကာ အပြင်ဘက်ကို ဝိုင်းစပ်စုကြတော့သည်။

သို့သော်လည်း မြင်လိုက်ရသည့် မြင်ကွင်းမှာ တော့ သူမတို့ကို မျက်လုံးများ ပြူးကျယ် သွားစေသည်။

"သပ...တကယ်ပဲ ပြိုင်ကားကြီးဟာ..ပြီးတော့ မောင်းတဲ့သူကလည်း စောနက အထဲလာ သွားတဲ့ ရှောင်ကောကောပဲ..."

"ဘာ...သူက ပြိုင်ကားမောင်းတဲ့သူလား..."

ဆိုင်ရှင် အမျိုးသမီးမှာ ကြက်သေသေသွားခဲ့ ပြီး လုပ်လက်စ အလုပ်များကို ထားပသ်ခဲ့ က။ အပြင်သို့ ထွက်ကြည့်လိုက်၏။

တကယ်ပဲ ပြိုင်ကားကြီးဟာ...

ဘာ...ဘာတွေ ဖြစ်နေတာလဲဟင်...

ချမ်းသာတဲ့ ဒုတိယမျိုးဆက်သခင်လေးက တကယ်ကြီး ပန်းလာဝယ်နေတယ်တဲ့လား...

ဒါကြီးက အရမ်း....အမြင်ကျယ်သွားစေတာပဲ...

ကောင်မလေးရဖို့ဆို သူ့ဘက်က ဒီလိုတွေလုပ်ပေးစရာတောင် လိုသေးလို့လားဟဲ့..

"ဟိတ် ဟိတ် ..မောင်ငယ်လေး..ခဏလောက် စောင့်ပါဦး..."

လင်းရိ ဆိုင်ပိုင်ရှင် အမျိုးသမီး၏ ခေါ်သံကိုမကြားပဲ ရှေ့မီတာ တစ်ရာအကွာဝေးရှိ ပန်းဆိုင်သို့ မောင်းသွားလိုက်သည်။

ဆိုင်နာမည်ကိုတော့ ချစ်သူ့ပန်းဆိုင်ဟု အမည်ပေးထား၏။

သာမန်ဆန်သော်လည်း ဆိုင်၏ အရွယ်အစားကတော့ စောနဆိုင် နီးနီး လောက်ပင်။

"မောင်ငယ်လေး..ခဏလောက်ပါ.."

လင်းရီ ကားရပ်ပြီးကာရှိသေး စောနက သူ တွေ့ခဲ့သည့် ဆိုင်ပိုင်ရှင်မှာ နောက်မှ အမောတကောနှင့် ပြေးလိုက်လာသည်ကို မြင်လိုက်ရ၏။

"ဘာကိစ္စလဲ.."

"မောင်ငယ်လေးက ပန်းဝယ်ချင်နေတာ မဟုတ်လား..အစ်မတို့ဆိုင် လာခဲ့လေ."

"အမ်...ဆိုင်ပိတ်သွားပြီဆို..ကျုပ်က ဘယ်လို သွားဝယ်ရတော့မှာ..."

ဆိုင်ရှင်အမျိုးသမီးမှာ တခဏခန့် ပြောစရာစကား ရှပျောက်ရှ သွားခဲ့သည်။ အကယ်၍ သူမသာ လင်းရီ ပြိုင်ကားကြီးနှင့် လာမှန်းကြိုသိပါက ဆိုင်ပိတ်မည်တောင် မဟုတ်ချေ။

"နားလည်မှု လွဲသွားတာပါ.." ဆိုင်ရှင်အမျိုးသမီးမှ ပြုံး၍ "ဘာပဲပြောပြော ဖောက်သည်ဆိုတာက နတ်ဘုရားပဲလေ..မောင်ငယ်လေးက အစ်မတို့ဆိုင် လာအားပေးမှတော့ အစောကြီးပိတ်လိုက်ရင် ဘယ်ကောင်းမှာ.."

"မဒမ် ခင်များဒီမှာဘာတွေ လာပြောနေတာ..ကျုပ်ဆိုင်ရှေ့လာပြီးတော့မှကို ဖောက်သည်လာခိုးနေတယ်ပေါ့လေ..."

ပြောလိုက်သူကတော့ ချစ်သူ့ပန်းဆိုင် ပိုင်ရှင်ပင်။

လင်းရီ ပြိုင်ကားကြီးနှင့် သူ့ဆိုင်ရှေ့ထိုးရပ်လာသည်ကို မြင်တော့ လင်းရီကို ကိုယ်တိုင်ကိုယ်ကျ ထွက်ကြိုရန် စဉ်းစားထား၏။ သို့သော်လည်း တစ်စုံတစ်ဦးမှ သူ့ဆိုင်ရှေ့ရောက်နေသည့် ညှော်သည်ကို လာခိုးနေလိမ့်မည်လို့တော့ ထင်မထားခဲ့။

"ခိုးတယ်ဆိုတာက ဘာအဓိပ္ပာယ်တုန်း..."ဆိုင်ပိုင်ရှင် အမျိုးသမီးမှ အကြောမခံ ပြန်ပြောလိုက်ပြီး "သူက ငါတို့ဆိုင်ကို အရင်လာတာ..ဘယ်တုန်းက နင့်ဖောက်သည်ဖြစ်သွားတာတုန်း..."

"မင်းတို့ဆိုင်ပဲ ပိတ်ထားတာလေ..အဲ့တော့ သူငါ့ဆိုင်လာတာ ထူးဆန်းလို့လား..ဒီလိုကြီး လုပ်တာကတော့ လွန်လွန်းသွားပြီ..."

"ငါက သာမန်စီးပွားရေး..."

"ကဲ ကဲ တော်ကြတော့.."လင်းရီ ကူကယ်ရာ မဲ့စွာဖြင့် "ခင်များတို့ဆိုင်မှာ ပန်းတွေ ဘယ်လောက်ကျန်သေးလဲ ..."

"ပန်းတွေ ၂,ဝဝဝ လောက် ကျန်နေသေး တယ်..ပြီးတော့ ကျုပ်တို့မှာက ကိုင်ပိုင် ပန်း စိုက်တဲ့နေရာလည်း ရှိပြီးသား အားလုံး အဆင်ပြေအောင် လုပ်ပေးလို့ရတယ်..."

"အမယ်လေး ကျွန်မတို့ဆီမှာလည်း ပန်းစိုက် တဲ့ နေရာတွေ ရှိပါတယ်နော်..."ဆိုင်ပိုင်ရှင်

အမျိုးသမီးမှလည်း အောက်ကျမခံ ပြန်ပြော လိုက်သည်။

"ကျုပ် ခင်များတို့မှာ ဘာတွေရှိတယ်ဆိုတာ စိတ်မဝင်စားဘူး..အကုန်ယူမယ်..မနက်ဖြန် ငါးနာရီ ထရပ်ကားတစ်စီးနဲ့ ကျုပ်ပို့ခိုင်းတဲ့ နေရာကိုသာ ရောက်အောင် ပို့ပေး..လုပ်ပေး နိုင်မလား..."

"အားလုံးယူမယ်..."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး "အားလုံးပဲ..."

"အိုကေ အိုကေ..ကျုပ်တို့ အသင့်ပြင်ထား ပေးမယ်..."ဆိုင်ရှင် နှစ်ဦးလုံးမှ စိတ်လှုပ်ရှား စွာ ပြောလိုက်သည်။

....

နောက်တစ်နေ့ နံနက်ခင်းတွင်တော့ လင်းရီ ကျီချင်းရန်၏ ယွင်ရှေဗီလာသို့ မောင်းလာခဲ့လိုက်၏။ သူရောက်လာသည့် အချိန်တွင်တော့ မနက်စာမှာ စားပွဲပေါ်တွင် အသင့်ဖြစ်နေလေသည်။

"နင် မစားရသေးဘူးမလား..လာလေ..လာစားချည်.."

အေပရွန်နှင့် ချက်ပြုတ်နေသည့် ကျီချင်းရန်မှာ လင်းရီရောက်လာသည်ကိုမြင်တော့ သူ၏ အိမ်တွင်းစီးဖိနပ်လေးကို သယ်လာခဲ့ပေး၏။

သူမပြောရင်း လင်းရီကို စူးစမ်းကြည့်လိုက်ပြီး "အမ်..နင်က လက်ဗလာနဲ့ လာခဲ့တယ်ပေါ့.."

# အခန်း (၃၂၃)

"ငါက ဘယ်လိုလာခဲ့ရဦးမှာ...တခြား ပစ္စည်းတွေယူခဲ့လို့ မင်းလည်း မပြောဘဲနဲ့..."

"အာ...အဲ့တာလည်း ဟုတ်သားပဲ.."

ကျီချင်းရန် ပုံမှန်ပြန်ဖြစ်သွားပြီး "မြန်မြန်ဝင်လာပြီးနံနက်စာ ပူတုန်းလေး လာစားလှည့်..ခဏာနေဆိုရင် အေးကုန်တော့မှာ..."

ကျီချင်းရန်၏ နံနက်စာကတော့ ထုံးစံအတိုင်း ဟွာရှုနှင့် အနောက်တိုင်းကို ရောနှော၍ ချက်ပြုတ်ထား၏။

ပြင်ဆင်ရန် လွယ်ကူလှပြီး စားလို့မြိန်သည့် နံနက်စာပင်။

စားသောက်ပြီးနောက် ကျီချင်းရန် အဝတ်စားလဲရန် အပေါ်ထပ်သို့ တက်သွားခဲ့၏။ တစ်ချိန်တည်းတွင် သူမ ရင်ဘက်ထဲ၌ မျှော်လင့်တောင့်တမှုတို့ဖြင့် ပြည့်နှက်နေလေသည်။

"လင်းရီလို လူမျိုးက ပန်းစည်းကို သူနဲ့ အတူ ယူလာမှာ မဟုတ်လောက်ဘူး..သူ့ကားထဲမှာ ထည့်ထားတာပဲနေမှာ..အင်း..အဲ့လိုပဲ ဖြစ်ရမယ်..."

ကျီချင်းရန် ပြန်ဆင်လာသည့် အချိန်တွင် ဆော့ သူမ၏ အပြင်အဆင်မှာ လင်းရီကို မှက်တက်သွားစေခဲ့သည်။

"ဟမ်...ဒီကနေ့ကျမှ ဘာလို့ ဒီလောက် တောင် ပြင်ထားတာလဲဟ...."

ကျီချင်းရန်၏ အဝတ်စားစတိုင်မှာ များများ စားစား မပြောင်းလဲသွားသော်လည်း သူမ၏ မိတ်ကပ်ကတော့ အရင်နေ့များထက် အနည်းငယ် ထူပြောနေလေသည်။

ထို့ကြောင့် လှသည်မှာ မှန်သော်လည်း ယခင်ကလို ယဉ်ယဉ်လေးနှင့် လှနေသည်လို့ တော့ မခံစားရတော့ချေ။

"ငါ့ရဲ့ သူငယ်ချင်းဒေါက်တာက ရောက်လာ ပြီလေ..ပြီးတော့ ဒီနေ့ပဲ ကုမ္ပဏီကို လာမှာ ..ဒါကြောင့်မို့ နည်းနည်းလေး ပိုလှ အောင် ပြင်ထားတာ.."

လင်းရှိ သူမဘာတွေးနေလဲဆိုတာကို နားလည်ပေသည်။

"ဟင်းဟင်း...မင်းက အလှဘုရင်မလေး ဖြစ်ချင်နေတယ်ပေါ့..ဟုတ်တယ်ဟုတ်..."

"အိုက်ယား....နင်ကလည်း အဲ့လိုကြီး မပြောနဲ့လေ..ဒါက လေးစားသမှုနဲ့ပါနော်..တော်ပါ..နင့်ပြောလည်း နားလည်မှာမဟုတ်ဘူး.."

"မင်းက အလှဆုံးဖြစ်အောင် ပြင်ပြီးတော့မှ သူများကို အလှပုံရိပ်တွေနဲ့ ဖိနှိပ်ဦးမယ်....ပြီးတော့ လေးစားသမှုနဲ့လို့ကလည်း ပြောနေသေးတယ်..ကျွတ်..မင်းတို့ ခနရှင်တွေကတော့ မုသားကို ဘယ်လိုလှအောင် သုံးရမလဲဆိုတာ တကယ်သိတာပဲ..."

"နင်လည်း တူတူပဲ မဟုတ်လား..ယွမ်ယွမ်နဲ့ သူများတွေက နေ့တိုင်း အချိန်ပိုဆင်းနေရတယ်..ဒါကိုတောင်မှ နင်က ကမ္ဘပြုတယ်ဆိုပြီး ပြောနေသေးတယ် မဟုတ်ဘူးလား... "

"ဟီးဟီး..."

"ရပြီ..ဒီအကြောင်းတွေ ဆက်မပြောတော့ဘူး...ငါ့ကို အလုပ်လိုက်ပို့ပေးတော့.."

ကျီချင်းရန် သူမ၏ မျှော်လင့်တောင့်တမှုများကို ဖုံးကွယ်လျက် ပြောလိုက်သည်။

သို့သော်လည်း သူမစိတ်ထဲတွင်တော့ နှင်းဆီများနှင့် ပြည့်နှက်နေသည့် မြင်ကွင်းကို မြင်ယောင်နေမိပြီး ဖြစ်၏။

သူမ စိတ်လှုပ်ရှား၍မဖြစ်။ တည်ငြိမ်ဟန် ထိန်းထားရပေမည်။ မဟုတ်ပါက သူမယခင်က လင်းရီကိုကြွားထားသမျှ အားလုံး သဲထဲရေသွန်ဖြစ်သွားလိမ့်မည်။

အင်း..ဟုတ်တယ် ဒီလိုပဲ..

သူမကိုယ်သူမ ထိုသို့ တွေးတောရင်း နှစ်သိမ့်နေသော်လည်း မနေနိုင်စွာဖြင့် အနည်းငယ်တော့ စိတ်လှုပ်ရှားမိလေသည်။

သူမ ကြိုတင်၍ အော်ဒါတောင်တင်ထားသည်ကို ကြည့်ချင်းအားဖြင့် ကျီချင်းရန်မည်မျှ ပျော်ရွှင်နေလဲဆိုတာ သက်သေပြရန် လုံလောက်ပေသည်။

အပြင်သို့ ရောက်သောအခါ ကျီချင်းရန် တံခါးဖွင့်၍ ကားထဲသို့ ဝင်လိုက်၏။ သို့သော်လည်း မျှော်လင့်ထားသည်နှင့် မကိုက်ညီစွာ ကားထဲ၌ ဗလာကျင်းနေသည်ကို မြင်တွေ့လိုက်ရသည်။ ကားထဲတွင်တော့ မည်သည့်ပန်းစည်းကမျှ ရှိမနေခဲ့ချေ။

မျှော်လင့်ချက်အများကြီး ထားမိပြီးမှ ဖြစ်မလာသည့် အချိန်တွင် ကျီချင်းရန် အင်မတန်မှ ဝမ်းနည်းကြေကွဲသွားပြီး မျက်လုံးထဲတွင် မျက်ရည်များပင် အနည်းငယ် ဝေ့သီလာခဲ့သည်။ နောက်ဆုံး ကောက်ရိုးလေးတစ်မျှင်အဖြစ် ကားတစ်ခုလုံး နှံ့စပ်စွာ ကြည့်ရှုမိ၏။

သူတကယ်ကြီး မပြင်ဆင်လာခဲ့ပေးဘူးပေါ့..

ထုံးစံအတိုင်း အနီလင်းရီကတော့ သူမကို ဥပေက္ခာပြုထားချေပြီ။

"ထားပါ..လင်းရီက အမြဲတမ်း အိုက်တိုင်းပဲ မဟုတ်လား..မပြင်ဆင်လာခဲ့ပေးရင်တောင် မှ ထွေထူးကြီး ကိစ္စကြီး မဟုတ်ပါဘူး လေ.."ကျီချင်းရန် သူမကိုယ်သူမ ထိုသို့တွေး ရင်း ရင်ထဲတွင် နှစ်သိမ့်လိုက်သည်။

နာရီဝက်ကြာပြီးနောက် လင်းရီတို့ ချောင်ရန် အုပ်စုသို့ ရောက်လာခဲ့၏။

"ဒီနေ့တော့ ကုမ္ပဏီရှေ့မှာပဲ ရပ်လိုက်တော့ ..ငါ့သူငယ်ချင်းက အဲ့မှာ စောင့်နေနှင့်ပြီး သား..."

"အိုကေလေ.."

လင်းရီ ကားကို အပေါက်ဝသို့ မောင်းသွားလိုက်သောအခါ လှပသည့် မိန်းကလေးတစ်ဦး အပေါ်ဝရှေ့တွင် ရပ်တန့်နေသည်ကို မြင်လိုက်၏။ သူမ၏ ဆံပင်ကိုတော့ နောက်တွင် ထုံးထားပြီး ကျီချင်းရန်၏ အလှအောက် မဆိုစလောက်လေးသာ နိမ့်ကျပေသည်။

လမ်းတွင်တော့ ကျီချင်းရန်မှ သူမ၏ သူငယ်ချင်းဒေါက်တာ၊ လုထျန်အကြောင်း အများကြီး ပြောပြထားခဲ့၏။ ဟော်ယွမ်ယွမ်လည်း သူမနှင့် အများကြီးရင်းနှီးသည်ဆိုပင်။

"ထျန်ထျန် ..ဆောရီးပါနော်...ကားကကြပ်နေလို့ အကြာကြီး စောင့်စေမိပြီ..."ကျီချင်းရန် အားနာနေဟန်ဖြင့် ပြောလိုက်သည်။

"မယုံပါဘူး.."လုထျန် အပြုံးလေးဖြင့် ပြောလိုက်ပြီး

"နင် မိတ်ကပ်လိမ်းနေလို့ ကြာနေတာ မဟုတ်လား...ကျောင်းတုန်းကလည်းး အမြဲတမ်း ဒီလိုချည်းပဲ..တစ်ခုခုရှိပြီဆို နင်ပဲ မိတ်ကပ်အလိမ်းဆုံး.."

"အိုက်ယား..တကယ်ကြီး ကားကြပ်နေလို့ပါ ဆိုနေ...နင်ကလည်း.."ကျီချင်းရန် ရှက်ရွံ့စွာဖြင့် ပြောလိုက်၏။

ဒီကောင်မကတော့လေ...လင်းရီက ဒီမှာရှိနေပါတယ်ဆိုနေမှ ဘာလို့ နောက်ကြောင်းတွေ ပြန်ဖော်နေမှန်းလဲ မသိဘူး...

"အင်းပါ အင်းပါ..မပြောတော့ပါဘူး နော်..."လုထျန်း အပြုံးလေးဖြင့် ပြော လိုက်၏။

"နင့်ရဲ့ ကောင်လေးက တယ်မဆိုးပါ လား...လွိုင်ကန် မောင်းရုံတင်မကသေး ဘူး.အရမ်းလည်း ချောသေးတယ်..."

ထိုသို့ပြောပြီးနောက် လုထျန် ညာလက် ဆန့် ထုတ်၍ "ဟယ်လို ကျွန်မက လုထျန်ပါ.... ရှင့်အကြောင်းတွေ ကတော့ ချင်းရန် ကြွား ထားတာမှ နားနဲ့ မဆံ့လောက်အောင်ပါပဲ... "

လင်းရီလည်း လက်ဆွဲနှုတ်ဆက်လိုက်ပြီး "လင်းရီပါ...ချင်းရန်လည်း မိန်းကလေး အကြောင်း အများကြီး ပြောဖူးလို့ သိနေတာ ကြာပါပြီ..."

ရှက်ရွံ့နေသည့် ကျီချင်းရန်မှာတော့ အရှက်မပြေသေးဟန်ဖြင့် "ရပြီ အထဲဝင်ကြစို့..သူက လုပ်စရာတွေ ရှိသေးတယ်..ငါတို့ဘာငါတို့ သွားကြမယ်..."

"အင်း..သွားစို့လေ.."

ကျီချင်းရန် နောက်သို့ လှည့်လိုက်ပြီး လင်းရီကို ကြည့်ကာ "ငါတို့ သွားတော့မယ်နော်..ဖြည်းဖြည်းမောင်း..သတိလေး ဘာလေး ကပ်ပြီးလည်း မောင်းဦး..."

လင်းရီ တုံ့ပြန်သည့် အနေဖြင့် ခေါင်းညိမ့်ပြပြီး အိုကေလက်ဟန် ပြုလုပ်လိုက်သည်။

နှစ်ယောက်သား ရုံးခန်းထဲသို့ ဝင်သွားသည်ကို မြင်တော့ လင်းရီလည်း ထိုနေရာမှ မောင်းထွက်လာခဲ့၏။

ယခုလေးတင် ဖြစ်ပျက်ခဲ့သည့် မြင်ကွင်းကို ပြန်လည်မြင်ယောင်ရင်း ကျီချင်းရန်မှာလည်း အခြားငယ်ရွယ်သော မိန်းမငယ်လေးများ၏ နှလုံးသားနှင့် ထူးမခြားနားကြောင်း သတိထားမိသွားသည်။

အပြင်ဘက်တွင် အေးစက်စက်ရှိသော်လည်း ရင်ဘက်ထဲတွင်တော့ နွေးထွေးကြင်နာမှုရှိ၏။ မိန်းမသားဆန်ပြီး တစ်ခါတစ်ရံ မွေးကင်းစ ကလေးလေးကဲ့သို့လည်းဖြူစင်နူနယ်လွန်းသည်။ ထို့ပြင် အလှအပကလည်း ကြိုက်နှစ်သက်သေး၏။

ထိုအကြောင်းစဉ်းစားရင်း လင်းရီ ပြုံးပြီး ကြည်နူးနေဟန်ဖြင့် ခေါင်းခါရမ်းလိုက်သည်။

နှစ်ယောက်သား အဆောက်အဦးထဲသို့ ဝင်ရောက်လာသောအခါ လုထျန်မှ ပြုံး၍ ကျိချင်းရန်ကို ကြည့်ကာ "ရန်တက္ကသိုလ်ရဲ့ အလှဘုရင်မလေးရဲ့ နှလုံးသားကို သိမ်းပိုက်စိုးမိုးထားနိုင်တဲ့သူဆိုတော့ အတော်လေးကို တမူထူးမယ်နဲ့တူတယ်....ချောတာကတော့ အရမ်းချောတယ်.."

"အိုက်ယား...နင်ကလည်း ဘာတွေ လာပြောနေတာ..ရုပ်ချောတိုင်းလည်း အရာရာ မဟုတ်ပါဘူးဟဲ့..."

"သူကနင့်နှလုံးသားကို ဘယ်လိုသိမ်းပိုက်သွားခဲ့တာ..."

လုထျန် စနောက်ချင်နေဟန်ဖြင့် "ကြည့်ရတာတော့ အချိုတွေ အများကြီး ကျွေးခံထားရတယ်နဲ့တူတယ်..နှင်းဆီတို့ စိန်လက်စွပ်တို့လိုမျိုးပေါ့..."

"အလကားပါဟယ်..အဲ့တာတွေ ဝယ်ပေးဖို့နေနေသာသာ သူက သစ်တုံး ခေါင်းကြီး ရိုလည်း မရိုတတ်ဘူး..."

ထိုအချိန် သူမစိတ်ထဲတွင်တော့ လင်းရီကိုအားပါးတရ ကျိန်ဆဲနေလေသည်။ အကယ်၍ လင်းရီသာ နှင်းဆီပန်း တစ်စီးလောက်လေးပဲဖြစ်ဖြစ် ယူလာပေးခဲ့မည် ဆို

ပါက သူ့ကို အင်မတန် ရိုဆန်သည့်လူဟု ကြွားဝါ၍ ရပေဦးမည်။

သို့သော်လည်း သူမရင်ထဲရှိ အရှက်ရမှုကို ပြေပျောက်စေရန် ထိုအတွေးများကို ခေတ္တ ဘေးချိတ်ထားလိုက်ရ၏။

"မဖြစ်နိုင်လိုက်တာ...." လုထျန်၏ အသံ အနည်းငယ် မြင့်သွားခဲ့ပြီး "နင်က ရိုမဆန် တတ်တဲ့သူကို မကြိုက်ဘူးလို့ ငါထင်ထား တာကော..မှတ်မိပါသေးရဲ့.. ငါတို့ ကျောင်း တုန်းက ကိုးရီးယားကားတွေ အတူကြည့် တုန်းက နင်ပဲ မင်းသားက မင်းသမီးကို ပန်းစည်းလေးတွေ လက်ဆောင်ပေးရင် အူ တွေ အသည်းတွေ ယားနေတာမဟုတ်ဘူး လား...ခုတော့ ဘယ်လိုဖြစ်သွားခဲ့

တာ..ရုပ်ချောတာနဲ့ပဲ မင်က အလျှော့ပေး လိုက်တယ်ပေါ့လေ... "

"မဆိုင်ပါဘူး..ငါကိုက အဲ့လိုမျိုးတွေ မကြိုက်တာပါနော်.."ကျီချင်းရန် ရင်ထဲမှ မပါစွာဖြင့် ပြောလိုက်၏။

"အင်း အင်း ..ကားတစ်စီးနဲ့တင် လုံလောက်နေပါပြီလေ..."

"တော်စမ်းပါဟာ..အဲ့တာတွေ ပြောမနေနဲ့တော့ ...ငါ့ရုံးခန်းထဲမှာ သွားပြီး စကားသွားပြောကြရအောင် မတွေ့တာတောင် ဘယ်လောက်ကြာနေပြီလဲ..."

ခတ်လှေကားထဲမှ ထွက်လာပြီးနောက် ကျီ ချင်းရန် သော့ဖြင့် ရုံးခန်းတံခါးကို ဖွင့်လိုက် သည်။

ရုတ်ချည်းဆိုသလို ရုံးခန်းထဲမှ မွှေးကြိုင် သည့် ပန်းရနံ့များ နှာသီးဝသို့ သင်းထုံလာ ခဲ့၏။

ကြီးမားသော ရုံးခန်းကြီးမှာ နှင်းဆီးပန်းတို့ ဖြင့် ပန်းပင်လယ်ကြီးသဖွယ်ဖြစ်နေပြီး သူမ စားပွဲခုံနေရာမှလွဲ၍ နေရာတိုင်းတွင် ပြည့် နှက်နေလေသည်။

ဒါ…ဒါ သူလုပ်ပေးထားတာလားဟင်…

သူမ ပန်းစည်းလိုချင်သည်ဆိုသော်ငြား လင်း ရှီမှ မထင်မှတ်ထားစွာဖြင့် ပန်းပင်လယ်ကြီး

ပြင်ဆင်ထားပေးလိမ့်မည်လို့ ထင်မထားခဲ့ချေ။

"ချင်းရန်..နင်က လျှောက်ပြောနေတယ်ပေါ့လေ..သူက နှင်းဆီပန်းတွေ ဒီလောက်အများကြီးနဲ့ စပရိုက်လုပ်ပေးတာတောင်မှ နင်က ရိုမဆန်တတ်တဲ့သူလို့ ပြောနေသေးတယ်ပေါ့...ဒီက အားတွေ ကျနေပါပြီ ."လုထျန်နာကျင်နေဟန်ဖြင့် ပြောလိုက်သည်

"ဟွန့်..ကောင်စုတ်ကတော့ ဘာလို့ ဒီလောက်အများကြီးလုပ်ထားတာလဲကို မသိဘူး..အလကား အလဟဿ ဖြစ်အောင်လို့..."ကျီချင်းရန် ဒေါသထွက်နေဟန် ဆောင်လိုက်ပြီး "ငါက ဒီလိုမျိုးတွေလုပ်တာကို မကြိုက်ပါဘူး ဆိုနေမှ..."

"ဟန်ဆောင်နေတယ်..နင်တို့လိုလူတွေကို ငါ အမုန်းဆုံးပဲ သိလား .နှုတ်ကသာ မလိုချင်ဘူး ပြောနေပြီးတော့မှ ခန္ဓာကိုယ်ကတော့ ဘယ်လောက်တောင် လိုချင်လို့ ဆတ်ဆတ်ခါနေလဲဆိုတာ မဖုံးကွယ်နိုင်တဲ့ဟာတွေ..."

လုထျန်ပြောလိုက်၏။

"နင်အိပ်ရာထဲမှာလည်း အဲ့တိုင်းပဲလား...သူ့ကို တင်းတင်း ဖက်ထားပြီးတော့ ပါးစပ်ကနေ ရပ်ပါတော့ လို့ အကျယ်ကြီး အော်နေတယ် ဟုတ်တယ်ဟုတ်..."

ကျိချင်းရန် ချက်ချင်းဆိုသလို မျက်နှာ နီရဲသွားခဲ့ပြီး "ငါ...ငါ မဟုတ်ပါဘူးနော်..ပေါက်တတ်ကရတွေ လာမပြောနဲ့..."

နှင်းဆီ ပင်လယ်ကြီးကို ကြည့်ရင်း ကျီချင်းရန် ရင်ထဲတွင်တော့ သူမ၏ ခံစားချက်များကို ဖိသိပ်ရန် ဘယ်လောက်တောင် ခက်ခဲလဲဆိုတာ နားလည်သွားတော့သည်။

သူမ သူငယ်ချင်းရှေ့တွင် ကြွားဝါရန် ပန်းတစ်စည်းလောက်လေးသာ လိုချင်သော်လည်း လင်းရှိမှ စပရိုက်အကြီးကြီး လုပ်ပေးလိုက်လိမ့်မည်လို့တော့ ထင်မထားခဲ့။

သူမ အော်လန်ဒိုတွင် မြင်းရုပ်စီးစဉ်ကလည်း ထို့အတူပင်။

လင်းရှိမှ သူမကို ဘယ်တုန်းကမှ စိတ်မပျက်စေခဲ့။

ထိုကဲ့သို့သော ယောက်ျားမျိုး၌ သူမတစ်ဘဝလုံးကို ပုံအပ်ရန် ထိုက်တန်လေသည်။

**အခန်း (၃၂၄)**

"သင့်တွင် အော်ဒါအသစ် ရှိပါတယ်..ကျေးဇူးပြုပြီး ဂရုတစိုက် ကြည့်ရှုပေးပါ..."

လင်းရှီ လမ်းတစ်ဝိုက် ကားပတ်မောင်းနေစဉ် သူ့ဖုန်းထဲသို့ အော်ဒါအသစ် ရောက်လာခဲ့သည်။

အော်ဒါ၏ တည်နေကို ကြည့်လိုက်သောအခါ ဖူကွေ့အိမ်ရာမှ ၀မ်တ ပလာဇာသို့ ဟု ရေးထား၏။

လင်းရှိ တခဏမျှ စဉ်းစားကြည့်သောအခါ သူထိုနေရာသို့ မရောက်ဖူးသေးကြောင်း သိလိုက်ရ၏။ သို့နှင့် မြေပုံဖွင့်ကာ လမ်းညွှန်ရာအတိုင်း မောင်းလာခဲ့လေသည်။

ရောက်သွားသည့် အချိန်တွင်တော့ လူနေရပ်ကွက်ဟောင်းလေးတစ်ခုဖြစ်ကြောင်း မြင်တွေ့လိုက်ရ၏။

လမ်းနှစ်ဖက်တွင် ဆိုင်တန်းများ ဖွင့်ထားပြီး အရွယ်သုံးပါးမရွေး၊ ဈေးမေးသူမေး ၊ ၀ယ်သူက၀ယ်နှင့် စည်ကားနေလေသည်။ ၎င်းကို

မြင်တော့ လင်းရီ ခေါင်းအတော်လေး ကိုက်သွားခဲ့၏။ သူဝင်နိုင်ဖို့ရာလမ်းမမြင်ပေ။

သို့နှင့် လင်းရီ ဖုန်းထုတ်၍ ကတ်စတန်မှာ ဖုန်းနံပါတ်ကို လှမ်းခေါ်လိုက်သည်။

"ဟယ်လို ဒါက ဖုန်းနံပါတ် ၉၄၂၁ နဲ့ဆုံးတဲ့ မစ္စတာဟွမ်လား..""

"ဟုတ်တယ်..ဘာကိစ္စလဲ..."

"ကျွန်တော်က ခင်များရဲ့ Didi ဒရိုင်ဘာပါ..မစ္စတာဟွမ်ဆီ လာကြိုချင်ပေမယ့် လမ်းက အဆင်မပြေဘူး ဖြစ်နေလို့ ..အဲ့တာ ရှေ့ကို မီတာ ဒါဇင်လောက် လမ်းလျှောက်လာပေးလို့ရမလား..ကျုပ် စျေးရှေ့မှာပါဗျ..."

"လမ်းအဆခြနေမကောင်းဘူး...အဲ့တာက ဘယ်လိုအကြောင်းပြချက်ကြီးလဲကွ.."

တစ်ဖက်လူမှာ သဘောတူရန် ဆန္ဒမရှိဘဲ "ငါ့ကို လာကြိုတဲ့ ကားတွေ နေ့တိုင်းနီးပါးရှိတယ်..ဘယ်တုန်းကမှ လမ်းကောင်းလို့ ဝင်မရဘူးဆိုပြီး မပြောဖူးဘူး..ဒီတိုင်း မီတာဒါဇင်လောက်လေး ပိုမောင်းတော့ကော မင်းဓာတ်ဆီက ဘယ်လောက် ကုန်သွားမှာမို့လို့ လဲကွ...."

"ကျုပ်က ဆီကုန်မှာ ကြောက်လို့ မဟုတ်ဘူး ...ဒီတိုင်း ကျုပ်ကားဘော်ဒီက အတော်လေး နိမ့်နေလို့..ဝင်မယ်ဆိုရင် စင်းရာတွေ ထင်ကုန်မှာ.."

"လာနောက်နေတာလား ဟျောင့်..ငါ Didi ခေါ် စီးနေတာ ငါ့သားတစ်သက် ရှိပြီကွ..ဘာလို့ မင်းကားကျမှ ကိုယ်ထည်က နိမ့်နေတာ..ပြိုင်ကားကြီးမို့လို့လား..."

"ကျုပ်မောင်းတာလည်း ပြိုင်ကားပဲလေ..."

"ငိုးပဲ စောက်ပို လာလုပ်မနေနဲ့..တကယ်လို့ မင်းက ပြိုင်ကား မောင်းတယ်ဆိုရင် ငါက လေယာဉ်မောင်းနေတာကွ.."တစ်ဖက်မှ အော်ဟစ် ကြိမ်းမောင်းလိုက်ပြီး "မြန်မြန်ဝင်ခဲ့စမ်း..ငါ့အချိန်တွေ လာမဖြုန်းနဲ့..မဟုတ်လို့ကတော့ မင်းကို ကွန်ပလိန်း တက်ပစ်မယ်.."

"တကယ့်လို့ ကျုပ်ကား အစင်းရာတွေ ထင်သွားရင် ခင်များ တာဝန်ယူမှာလား.."

"ယူမယ်ကွာ..ယီးပဲ..ဆီနည်းနည်းလေး ချွေတာတော့ကော မင်းဘယ်လောက် ချမ်းသာသွားမှာ ကျလို့..."

လင်းရီ ဖုန်းအသံသွင်းသည့် မုဒ်ကို ဖွင့်လိုက်ပြီး နောက်တစ်ခေါက်ပြန်မေးလိုက်၏။

"ကျုပ်ကား ခြစ်ရာတွေ ထင်သွားခဲ့ရင် ခင်များတာဝန်ယူမှာ သေချာတယ်နော် . "

"ငိုးပဲ..မင်းငါ့ကို တမင်အချိန်လာဖြုန်းနေတာလား...တကယ်လို့ ငါသာ အလျင်မလိုနေဘူးဆိုရင် ယီးမှ မင်းကား စီးမနေဘူး.."တစ်ဖက်လူမှ ကျိန်ဆဲလိုက်ပြီး "ကားအစုတ်ကြီးမလား..ပြင်ပေးလိုက်မယ်ဟျောင့်.."

"ခင်များကတောင် အဲ့လိုပြောလာပြီဆိုမှ တော့ ကျုပ်ကလည်း ဘာကို စိုးရိမ်နေရ မှာ..."

ပြောပြီးနောက် လင်းရီ လှိုင်ကန်ကိုရပ်ကွက်ထဲသို့ မောင်းချသွားခဲ့သည်။

နီရောင်သွေးသွေး လှိုင်ကန်တစ်စီး ဝင်ရောက်လာသည်ကိုမြင်တော့ ဟင်းရွက်ရွေးနေကြသည့် အန်တီတို့မှာ ကမန်းကတမ်း လမ်းဖယ်ပေးလိုက်ကြ၏။

သူမတို့ ကားအကြောင်း များများစားစား မသိသော်လည်း ကား၏ အဆင်းကို ကြည့်ရုံမျှဖြင့် သေချာပေါက် တန်ဖိုးမနိမ့်ကြောင်း အလွယ်တကူ သိနိုင်လေသည်။

သို့နှင့် လင်းရီ ရပ်ကွက်ထဲသို့ ဖြည်းညင်းစွာ မောင်းလာခဲ့ရင်း အလုပ်ကိုယ်စီ ရှုပ်နေကြသည့် လူငယ်လူရွယ် အများအပြားကိုလည်း ကြက်သေသေသွားစေခဲ့၏။

ဘာလားဟ..စူပါကားကြီးက ရပ်ကွက်ထဲ ရောက်လာတယ်တဲ့လား..

အစင်းရာတွေ ထင်မှာ မကြောက်ဘူးလားဟ...သောက်ကျိုးတွေတော့ နည်းကုန်တော့မှာပဲ...

ထိုအချိန် ယူနစ်သုံး၊ အမှန်လေးအဆောက်အုံ၏ ဝင်ပေါက်တွင် လူငယ်စုံတွဲတစ်တွဲ မတ်တပ်ရပ်နေကြ၏။

အမျိုးသား၏ နာမည်မှာတော့ ဟွမ်ပောဂ် ဆုန်းဖြစ်ပြီး ၊ သူ၏ ဇနီးဖြစ်သူ အမျိုးသမီး မှာတော့ လီရှောင်းယွီဟု ခေါ်တွင်လေသည်။

"ယောက်ျား ရှင် ဘာလဲဖြစ်လို့ အဲ့လောက် တောင် အော်ကြီးဟစ်ကျယ်နဲ့ ဆဲဆိုနေရ တာ..ရပ်ကွက်ထဲကလူတွေတောင် ဝိုင်း ကြည့်ကုန်ကြပြီ..."

လီရှောင်းယွီမှ မေးမြန်းလိုက်၏။

" မေးမနေစမ်းပါနဲ့ကွာ..စိတ်တိုဖို့ ကောင်း လိုက်တာ..လမ်းမလျှောက်ချက်လို့မှ ဒရိုင် ဘာခေါ်ပါတယ်ဆိုနေမှ လမ်းလျှောက်လာခဲ့ ပေးလို့ရလားတဲ့....ငါလချီးပဲလို့ "ပြောနေ ရင်း ဒေါသထွပ်လာကာ ဟွမ်ပောဂ်ဆုန်း ဆဲဆိုမိပြန်သည်။

"အမ်...အဲ့လိုကြီးလား..သူတို့က ဘယ်လိုဝန်တောင်မှုတွေ ပေးနေလဲ မသိဘူးနော်.."

"အဲ့တာပြောတာပေါ့....သူ့ ခာတ်ဆီချွေတာ ချင်တိုင်းနဲ့ ငါတို့ကို လမ်းလျှောက်ခိုင်းနေတယ်..ငါတို့ကို လအ တွေများမှတ်နေလား မသိဘူး.."ဟွမ်ပော်ဆုန်းမှ ပြောလိုက်ပြီး "မိန်းမ..ငါစဉ်းစားပြီးသွားပြီ..ငါတို့ ရောက်ချင်တဲ့ နေရာရောက်ပြီးတာနဲ့ အဲ့ကောင်ကို သေချာပေါက် မကောင်းတဲ့ ရီဗျူးတွေ ပေးပစ်ဦးမယ်..."

"ဟမ့်..သူ့ကို မကောင်းတဲ့ ရီဗျူး ပေးတာကတောင်မှ ကြင်နာလွန်းနေပြီ..."လီရှောင်းယွီမှ ပြောလိုက်ပြီး "အဲ့လိုလူမျိုးတွေက ဘာမှလည်း ဟုတ်တာလည်း မဟုတ်ဘဲနဲ့ အရမ်း

မောက်မာကြတယ်...ဘယ်လိုလူတွေ မှန်းလဲ မသိပါဘူး.."

"အေးဆို...ပြီးတော့ ဆင်ခြေပေးတာက လည်း သူများ လက်ခံနိုင်လောက်တဲ့ဟာ မပြောဘူး..သူမောင်းလာခဲ့တဲ့ကားက ပြိုင်ကားတဲ့..လမ်းပေါ် မောင်းလာခဲ့ရင် သူ့ကား ခြစ်ရာတွေ ထင်ကုန်မှာဆိုးလို့တဲ့....မင်းပဲ စဉ်းစားကြည့်ကွာ..ပြိုင်ကားကြီးနဲ့ Didi မောင်းတယ်ဆိုတာက ဖြစ်နိုင်လား.. "

"ဟင်..သူက ပြိုင်ကားမောင်းတယ်လို့ ပြောတယ်..."လီရှောင်းယွီ အံ့အားတကြီး ဖြစ်သွားခဲ့ပြီး "အဲ့ဒီ ဒရိုင်ဘာက တော်ရုံ လွတ်နေတာတော့ မဟုတ်လောက်ဘူးထင်

တယ်...မဟုတ်ရင် အဲ့လိုစကားမျိုး ပြော ထွက်မှာ မဟုတ်ဘူး......."

"ပြောချင်နေတာအဲ့ဒါ..အဲ့လိုပြောလိုက်တာနဲ့ ငါက ယုံမယ့် ကောင်လို့ ထင်နေတာလား မ သိဘူး.."ဟွမ်ဟော်ဆုန်း ပြောလိုက်ပြီး "ကိုယ်ခုလေးတင် စဉ်းစားပြီးသွားပြီ..အဲ့ ကောင်ရောက်လာတာနဲ့ မကောင်းတဲ့ ရီဗျူး ပေးပစ်မယ်..နောက်ကျရင် ကွန်ပလိန်း တက်မယ်..."

"အွန်း..အဲ့လိုပဲ လုပ်ကြတာပေါ့.."

ဘွန်း..ဘွန်း....

နှစ်ယောက်သား စကားပြောနေစဉ် မ ထင်မှတ်ထားသည့် ဆူညံသံကြီး တစ်ခုကို ကြားလိုက်ရသည်။

ဖြတ်သွားဖြတ်လာသူ အများအပြားလည်း သိချင်စိတ်ဖြင့် အသံလားရာဘက်သို့ ပြိုင်တူ ကြည့်မိလိုက်ကြ၏။

မနီးအဝေးတွင် အနီရောင် လွိုင်ကန်တစ်စီး မောင်းလာသည်ကိုမြင်တော့ အားလုံး ရှော့ခ် ရသွားခဲ့ကြလေသည်။

"အဲ့..အဲ့တာကြီးက လွိုင်ကန် မဟုတ်လား ကွ.."

Fast and furious ဇာတ်ကားကို လွန်စွာ ခုံမင်ဆွဲလန်းသူတစ်ဦး ဖြစ်သည့် အလျောက်

ကားမြင်သည့် အချိန်တွင် လှိုင်ကန်မှန်း တန်းသိလေသည်။

ယွမ်သန်း ၆၀ကျော်တန်ကြေးရှိသည့် လှိုင်ကန်ကို သူတို့ရပ်ကွက်အိုလေး၌ တွေ့ရလိမ့်မည်ဟု ထင်မှတ်မထားချေ။

စိတ်လှုပ်ရှားဖွယ် ကောင်းလွန်းလှ၏။

"ခင်များက ဖုန်းနံပါတ် ၉၄၂၈၁ နဲ့ ဆုံးတဲ့ မစ္စတာဟွမ်လား.. "

လင်းရီ ထိုသို့ မေးလိုက်သည်တွင် ဟွမ်ဟော်ဆုန်းနှင့် လီရှောင်းယွင်တို့ ကြက်သေသေသွားခဲ့ကြ၏။

"မင်း...မင်းက ငါ့ဖုန်းနံပါတ်ကို ဘယ်လိုလုပ်ပြီး သိနေတာ.."

"ကျုပ်က Didi ဒရိုင်ဘာလေ..ခင်များပဲ ကျုပ်ကို လာကြိုဖို့ မပြောထားဘူးလား..."

"မင်း...မင်းက Didi ဒရိုင်ဘာ.."ဟွမ်ဟော် ဆုန်း မယုံကြည်နိုင်စွာဖြင့် လင်းရီကို မေးမြန်းမိသည်။

ဟွမ်ဟော်ဆုံးနှင့် သူ၏ ဇနီးဖြစ်သူတို့မှာ မယုံကြည်နိုင်စွာဖြင့် ငူငူငိုင်ငိုင်ကြီး ရပ်နေကြတော့၏။ လမ်းသွားလမ်းလာများပင်လျှင် လင်းရီ၏ စကားကိုကြားတော့ မျက်လုံးများ ပြူးကျယ်သွားခဲ့ကြသည်။

စူပါကားနှင့် Didi မောင်းသူရှိလိမ့်မည်ဟု သူတို့ အိပ်မက်ထဲတွင်တောင် ထည့် မစဉ်းစားခဲ့ဖူးကြချေ။

"ဟုတ်တယ်..ကျုပ်ပဲ.."

ပေါ်ဟွမ်ဆုန်း ရင်ခုန်စိတ်လှုပ်ရှားသွားခဲ့၏။

သူဒီနေ့ ကံကောင်းလွန်းနေတာလားဟ..

တက္ကစီလေး တစ်ချက် ခေါ်မိပါရဲ့... စူပါကားကြီး စီးရတော့မယ်..တန်လိုက်တာကွာ..

အကယ်၍ သူလွိုင်ကန်ထဲ၌ ခေတ္တမျှ ထိုင်ပြီး ဆယ်လ်ဖီလေး ဆွဲနိုင်ခဲ့လျှင်တောင်မှ သူ၏ လုပ်ဖော်ကိုင်ဖက်များကို တစ်သက်လုံးကြွားရန် လုံလောက်သည်။

"နေဦး..ခင်များ ကားထဲ မဝင်သေးနဲ့ဦး.."လင်းရီ ပြောလိုက်ပြီး "ဒီရပ်ကွက်ထဲ ဝင်လာတော့ ကျုပ်ကားက အစင်းရာတွေ

အတက်လေး ထင်သွားတယ်..ခင်များပဲ အလျော်ပေးမယ်လို့ ပြောထားတယ်မလား..ကျုပ်ခု ကားအာမခံ ကုမ္ပဏီကို ဖုန်းခေါ်လိုက်တော့မယ်..လျော်ကြေးကိစ္စလေး စကားပြောကြတာပေါ့..."

"လျော်ကြေး.."

ဟွမ်ဟော်ဆုန်းနှင့် လီရှောင်းယွင်တို့ ထိတ်လန့်သွားကြပြီး နောက်ကျ၍ ချွေးအေးများ စေးကပ်သွားခဲ့ကြသည်။

သူတို့ အဲ့လိုပြောခဲ့တာတော့ ဟုတ်တယ်....

ဒါပေမယ့် ဒါကြီးက လွိုင်ကန်လေကွာ..

ယွမ် သန်း၆၀ ကျော်တဲ့ လွိုင်ကန်ကြီးဟာ....

ဒီလိုကားမျိုးပေါ်မှာ ခြစ်ရာလေးတစ်ခု ထင်လို့ ပြင်ရင်တောင်မှ ယွမ်တစ်သိန်းကျော်ပဲ.. အဲ့ပမာနဲ့ဆိုရင် အနည်းဆုံးတော့ ကားသေးတစ်စီးစာလောက် ဝယ်လို့ရတယ်...

သူတို့လို အကြွေးနွံနစ်နေတဲ့ လခစားလေးတွေက အဲ့လောက်ကြီးကျ လျော်ပေးနိုင်မှာတဲ့လား..

"ဟဲဟဲ ငါ..ငါက ..အလကားစနေတာပါဟ.."

"ခင်များ စတာ မစတာ ကျုပ်စိတ်မဝင်စားဘူး..ခင်များ တောင်းဆိုလို့လည်း ကျုပ်မောင်းလာခဲ့ပေးပြီးပြီ..ပြီးတော့ ခင်များဘက်က ပျက်ဆီးမှုတွေ အတွက်လည်း လျော်ပေးမယ်လို့ ပြောထားပြီးသား... ဘာမှ ဆွေးနွေးနေစရာ အကြောင်း မရှိဘူး..."

ဟွမ်ပော်ဆုန်း သွေးဆုတ် ဖြူလျော်သွားခဲ့ပြီး မူလက ပျော်ရွှင်နေသည့် စိတ်လေးများပင် ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားခဲ့သည်။

ရိုးရှင်းစွာပင်၊သူ ထိုမျှ များပြားလှသည့် ငွေကြေးပမာဏကို လျော်ပေးရန် မစွမ်းသာခဲ့ပေ။

"နင် စကားကို မဟုတ်တမ်းလျှားတွေ လာမပြောနဲ့.."လီရှောင်းယွင်မှ "ငါ့ယောက်ျားက တစ်ခါမှ အဲ့လိုမျိုး မပြောဖူးဘူး..နင့်ဘာနင်ပြောနေတာ..."

"ဟုတ်.. ဟုတ်တယ်...ငါအဲ့လိုမျိုး မပြောခဲ့ဖူးဘူး.မင်းဘာမင်း ဒီကို မောင်းလာခဲ့တာ..လာပြီး အကြောင်းလာမရိုက်နဲ့ဟျောင့်.."

လင်းရီ ကူကယ်ရာမဲ့စွာဖြင့် ခေါင်းခါရမ်းလိုက်ပြီး "ခင်များတို့ ဝန်မခံဘူးဆိုတာ သိလို့ကို ကြိုပြီးတော့ အသံဖမ်းထားတယ်..."

"မင်း..မင်း အသံဖမ်းထားတယ်..."

နှစ်ယောက်လုံး အလွန်အမင်း အံ့အားသင့်သွားခဲ့ပြီး သူတို့၏ စောနက ယုံကြည်ချက်များမှာ အခိုးအငွေ့များကဲ့သို့ လေထဲတွင် ပျောက်ရှသွားခဲ့သည်။

"အသံဖမ်းထားတယ်...ဟမ့်..ဒီတော့ နင်အသံဖမ်းထားတော့ကော ဘာဖြစ်လဲ.."လီရှောင်းယွီ ပြောလိုက်ပြီး "နင့်ကား ဘယ်ချိန်တုန်းက ခြစ်ရာထင်လဲဆိုတာ ဘယ်သူသိလို့လဲ...ငါတို့ဆီ မရောက်လာခင်ကတည်းက

ခြစ်ရာထင်နေတာလည်း ဖြစ်နိုင်တာပဲလေ... ငါတို့ကို အပြစ်လာဖို့ချဖို့ စဉ်းစားမနေနဲ့.."

"အဲ့လိုဆိုရင်တော့ ခင်များတို့က ကျိုးကြောင်း မသင့်ရာကျလွန်းသွားပြီ..."

" ကျိုးကြောင်းမတင့်ဘူးဆိုတာက ဘာသဘောလဲ...ငါ့အထင်တော့ နင်ငါတို့ကို အလကား သပ်သပ် ခြိမ်းခြောက်ငွေညစ်နေတယ်လို့ပဲ မြင်တယ်..."

လီရှောင်းယွီ ပြောလိုက်ပြီး "ပြီးတော့ ငါတို့မှာ နင့်ရဲ့ အချက်အလက်တွေရှိတယ်..ငါတို့ ကွန်ပလိန်းမတက်ခင် ကိုယ့်ဘာကိုယ် အလိုက်တသိနဲ့ ထွက်သွားလိုက်တော့..."

**အခန်း(၃၂၅)**

"ခင်များတို့က ကျုပ်ကို ကွန်ပလိန်းတက်တော့မယ်..."

လင်းရှီ ရယ်မောလိုက်ပြီး "ကျုပ်ကမှ ခင်များတို့ကို ကွန်ပလိန်းတက်သင့်တာ.."

"ဟမ့်..ကိုယ့်အဆင့်ကိုယ်သိရင် ဒီလိုစကားတွေ မပြောဘူး.."လီရှောင်းယွီမှ ပြန်ချေပလိုက်၏။ သူမဘက်ကတော့ တစ်ပြားမှ အလျှော့မပေးချေ။

"နင်က Didi ရဲ့ကားလည်း မောင်းလာသေးတယ်..ပြီးတော့ ငါတို့ကိုလည်း ခြိမ်းခြောက်ငွေညစ်ချင်သေးတယ်.."

"ဆိုတော့ ဒီလိုပေါ့.."ဟွမ်ဟော်ဆုန်း သတိပြု မိသွားပြီး "မင်းက ကုမ္ပဏီကားနဲ့ ငါတို့ကို လာပြီး လိမ်ရိုက်ချင်နေတယ်ပေါ့လေ.."

"ဟုတ်တယ်လေ..Didi မှာ ဇိမ်ခံကား ဝန် တောင်မှုဆိုတာ သပ်သပ်ရှိတယ်...ဆိုတော့ဒီ ကားက သေချာပေါက် ကုမ္ပဏီကားပဲ.."လီ ရှောင်းယွီမှ ပြောလိုက်သည်။

"သေချာတာပေါ့..မဟုတ်ရင် ဘယ်သူက စူ ပါကားကြီးနဲ့ Didi ပြေးမှာ..ဒီတော့ ဒီကောင် တစ်ချိန်လုံး ငါတို့ကို လေရိုက်နေတာပေါ့..ငိုး ပဲကွာ.."ဟွမ်ဟော်ဆုန်း ပြောလိုက်၏။

လီရှောင်းယွီ ရင်ဘက်ရှေ့တွင် လက်ကို ပိုက် လျက် "ဒီနေ့ ဖြစ်ပျက်ခဲ့တာတွေနဲ့ ငါတို့ အငြင်းအခုန် မလုပ်ချင်ဘူး..ဒီတော့ မြန်မြန်

လစ်လိုက်တော့ ..ငါတို့တာ ကွန်ပလိန်းတက်လိုက်ရင် နင် အလုပ်ဖြုတ်ခံရရုံတင် မကဘူးနော်..ထောင်ပါကျသွားနိုင်တယ်...ငါတို့ဘက်က သတိမပေးဘူးလို့ လာမပြောနဲ့.."

"ဟားဟား..ကျုပ်ဘက်က ထွက်သွားပေးဖို့ဆိုရင်တော့ မျှော်မနေနဲ့တော့...ကွန်ပလိန်းတက်ချင်ရင် တက်လို့ရတယ်...ခင်များတို့ကျုပ်ကို ထောင်ထဲ ဘယ်လိုပို့မလဲဆိုတာတွေ့ချင်စမ်းပါဘိ..."

"ရတယ်..နင်စောင့်နေ...ခုပဲ ကွန်ပလိန်းတက်ပြမယ်.."

လီရှောင်းယွိဖုန်းထုတ်လိုက်ပြီး Didi ၏ ကွန်ပလိန်းတက်လို့ရသည့် ဌာနဖုန်းနံပါတ်ကို ရှာတွေ့သွားသည်။

"Didi ကလား..ကျွန်မ ရှင်တို့ရဲ့ သောက်ချိုး ကမပြေ အပေါက်လည်းဆိုးတဲ့ ဒရိုင်ဘာကို ကွန်ပလိန်းတက်ချက်လို့..သူ့ရဲ့ လိုင်စင်နံပါတ်ပြားက HU ANB 666"

"ဟုတ်တယ်...ကျွန်မ အမြင်မမှားဘူး..သူ့ နံပါတ်က HU ANB 666 ...ပြီးတော့ လွိုင်ကန်အနီလေး..အဲ့ဒရိုင်ဘာက ပါဆင်ဂျာတွေကို ခြိမ်းခြောက်ငွေညစ်နေတယ်...ရှင်တို့ဘက်က သေချာလေးကိုင်တွယ်ပြီးတော့ ကျွန်မတို့ရဲ့ စိတ်ထိခိုက် နစ်နာမှုအတွက် လျော်ကြေးပေးရမယ်..."

"ကျွန်မတို့ခု ဖူကွေ့အိမ်ရာရဲ့ အဝင်ဝမှာ..ဝင်တာနဲ့တင် လှမ်းမြင်နေရတဲ့ နေရာမှာ..."

"အိုကေ..."

"မိန်းမ..သူတို့ဘက်က ဘာပြန်ပြောလဲ..."ဟွမ်ဟော်ဆုန်း မေးမြန်းလိုက်၏။

"Didi က အရမ်းကို ဝန်တောင်မှုကောင်းတယ်..သူတို့ ဒရိုင်ဘာက လူတွေကို ခြိမ်းခြောက်ငွေညှစ်နေတယ်လို့ ပြောသံလဲကြားရော တစ်ခါတည်း ဖြေရှင်းဖို့ လူတစ်ယောက် လွှတ်လိုက်ပါပြီတဲ့...."

လီရှောင်းယွီမှ ပြောပြလိုက်၏။

"အင်း ငါတို့ သွားစရာ ရှိသေးတယ်ဆိုပေမယ့် ဒီကောင့်ကို သေချာလေး စောင့်နေရအောင်ကွာ..တော်ကြာ ထွက်ပြေးသွားမှဖြင့်..."

"ဟုတ်တယ်..သူ့ကို ကျွန်မတို့ စိတ်ထိခိုက် နစ်နာကြေးအတွက် လျော်ကြေးတောင်းရမယ်.."

မျက်လုံးပါသည့် လူတိုင်း ထိုလင်မယား မျက်နှာပေါ်ရှိ မောက်မာမှုများကို အထင်းသား မြင်တွေ့နိုင်လေသည်။

ဘေးမှ ရပ်ကြည့်နေသည့် အဘွားအို တစ်ဦးမှ "လူလေး..အဘွားအထင်တော့ လူလေး မြန်မြန် ထွက်ပြေးတာ ကောင်းမယ်လို့ ထင်တယ်နော...သူတို့နဲ့ ရှုပ်လို့ အကျိုးရှိမှာ မဟုတ်ဘူး.."

"အမ်..ဘာလို့ တုန်း အဘွားရဲ့..သူတို့က ခြေလေးချောင်းနဲ့ လက်ခြောက်ဖက် ပါနေလို့လား."

"အဲ့လင်မယားနှစ်ယောက်က အဘွားတို့ ရပ်ကွက်မှာ သူတောင်းစားဆိုရင်တောင်မှ သူတို့နဲ့ ပြဿနာတက်ရင် ခွက်ပါသိမ်းလို့ ပြောနေရတာ..လူလေးနား ငွေတွေ အများကြီး ညစ်မှာဆိုးလို့ပါကွယ်....."

"အဆင်ပြေပါတယ်...ကျုပ်ကံကို ယုံကြည်တယ်..."

လင်းရီ အပြုံးလေးဖြင့် ပြောလိုက်၏။

ရပ်ကြည့်နေသူများကတော့ ခေါင်းခါရမ်းမိလိုက်ကြသည်။ အနှီလူငယ်လေးမှာလည်း မဟုတ်မခံ စိတ်ထားရှိသည့်ပုံပင်။

"အံမာ...နင်က သတ္တိတော့ ဘယ်ဆိုးလို့လည်း..နင်တို့ သူဌေးလာမှ အမြီးကုပ်ပြီး

ထွက်မပြေးနဲ့..."လီရှောင်းယွီမှ ခါးထောက် ပြောလိုက်ပြီး "နင့်လိုမျိုး ကုမ္ပဏီကားကြီးနဲ့ လူကို ပတ်လိမ်ရဲတဲ့ သတ္တိကိုတော့ လေးစား မိတယ်...ထောင်ထဲ အကြာကြီး နေဖို့သာ ပြင်ထားပေတော့..."

"ဟျောင့်..ငါမင်းကို ခက်ခဲအောင် မလုပ်ချင် ဘူးကွာ..ယွမ်တစ်သောင်းပဲပေးလိုက်..ငါတို့ ဘက်က ကြေအေးပေးမယ်..."

ဟွမ်ဟော်ဆုန်းမှ ပြောလိုက်၏။

"ခင်များဒီကိစ္စကို ဆက်မလိုက်ဘူးဆို ရင်တောင်မှ ကျုပ်ကတော့ ဆက်လိုက်ဦးမှာ ပဲ.."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်ပြီး "ခင်များတို့ကောင်တွေ လူပါးဝတယ များနေ

ပြီ..ဒီတစ်ခါတော့ မှတ်လောက်သားလောက် ဖြစ်အောင် ဆုံးမပေးရမယ်.."

"ဟားဟား...လိုး ..မင်းက ငါတို့ကို လူပါး၀တယ်လို့ ပြောနေတယ်.."ဟွမ်ဟော် ဆုန်း အသံမြင့်၍ မေးလိုက်ပြီးပြီး "မင်းဒါငါ တို့ရဲ့ ကိုယ်ကျင့်တရားကို စော်ကားနေတာပဲ ကွ..အစကတော့ တစ်သောင်းလောက်နဲ့ ကြေအေးပေးမလို့ပဲ..ခုတော့ မရတော့ ဘူး..နှစ်သောင်းဖြစ်သွားပြီ.."

"ကျုပ်မပြည့်တဲ့ကောင်တွေက နှစ်တိုင်းလိုလို ရှိတယ်..ဒါပေမယ့် ဒီနှစ်ကတော့ ပိုများ တယ်..ခင်များတို့ရဲ့ အရှက်မရှိပုံက ကျုပ် အမြင်ကို ကျယ်သွားစေတာပဲ..."

"နင်နဲ့ စကားစစ်ထိုးရမှာ ပျင်းတယ်..တာဝန်ရှိသူတွေ လာရင် နင့်ဘက်က လျှော်ပေးဖို့သာ ပြင်ထား."လီရှောင်းယွီမှ ပြောလိုက်၏။

မိနစ်နှစ်ဆယ်ခန့် စောင့်ဆိုင်းပြီးနောက် ဘန်ထလေ တစ်စင်းနှင့် BMW 7 စီးရီးတို့မှာ အထဲသို့ ရောက်လာကြပြီး လင်းရီ၏ လွိုင်ငါကန်ဘေး၌ ရပ်တန့်လိုက်၏။

ကားတံခါးများ အသီးသီးပွင့်လာခဲ့ပြီး အထဲမှ လူတစ်ဒါဇင်ခန့် ထွက်လာခဲ့ကြလေသည်။

လင်းရီ သူတို့ကို တစ်ချက် အကဲခတ်ကြည့်လိုက်၏။ သို့သော်လည်း တစ်ယောက်တစ်လေကိုမျှ မှတ်မိနေခြင်းမရှိခဲ့။

ဟွမ်ပေါ်ဆုန်းနှင့် လီရှောင်းယွီတို့ကတော့ ဘန်ထလေထဲမှ ထွက်လာသည့် လူကို မြင်တော့ အူးယားဖားယား ပြေးသွားကြပြီး " ခင်များက Didi ရဲ့ ဘော့စ်မလား..ကျုပ် ခင်များတို့ရဲ့ ကားနဲ့ လူတွေကို လိမ်ရိုက်နေတဲ့ ဒရိုင်ဘာကို ရီပို့တင်ချင်လို့..ဒီကိစ္စကို သေချာလေးကိုင်တွယ်ပေးပါ.."

ဟွမ်ပေါ်ဆုန်းမှ ပြောလိုက်သည်။

" ခင်များ အထင်လွဲနေပြီနဲ့ တူတယ်..."

ပြောလိုက်သူကတော့ အနည်းငယ် ဝဖိုင့်နေပြီး Didi လက်အောက်ခံ ကျိုးဟိုင်စီးပွားရေးဌာန၏ တာဝန်ရှိသူ ရန်ချောင်ပင်။ သူလည်း မကြာသေးမီကမှ ရာထူးတိုးလာသူဖြစ်၏။

"အထင်လွဲတယ်.. ဘာကို ဘယ်လိုလုပ်ပြီး အထင်လွဲရမှာ..."

"အခြေနေက ရှင်းရှင်းလေးရယ်..ကျုပ်က အော်ဒါတင်ပြီး သူ့ကို လာကြိုခိုင်းတယ်..ရောက်လာတော့ သူ့ကား ဘော်ဒီမှာ အစင်းရာတွေ ထင်နေလို့ အလျော်ပေးပါမတဲ့...ဒီလောက် ရှင်းလင်းမြင်သာနေတာကို တေယင်မှ ခင်များတို့က သူ့ကို ကာကွယ်ပေးဦးမယ်လို့တော့ လာမပြောနဲ့.."

"ကြည့်ရတာတော့ ဒီကိစ္စ မကိုင်တွယ်ခင် ခင်များတို့ကို ဒါရိုက်တာလင်းနဲ့ မိတ်ဆက်ပေးလိုက်မယ်....."

ရန်ချောင် ကိုယ်နေဟန်ထား ဖြောင့်မတ်လိုက်ပြီး "ခင်များတို့ ရှေ့မှာ ရှိနေနဲ့သူက

Didi ရဲ့ ဒုတိယအများဆုံး ရှယ်ရာပိုင်ရှင်..ဒါရိုက်တာလင်းပဲ..Didi မှာက ဇိမ်ခံကား ဝန်ဆောင်မှုရှိတယ်ဆိုတာ မှန်ပေမယ့် သန်း၆၀ ကျော်တန်တဲ့ လွိုင်ကန်ကြီးကိုတော့ ကျုပ်တို့လည်း မတတ်နိုင်ဘူး... "

"ရှင်းအောင် ပြောရမယ်ဆိုရင် ဒီရဲ့ လွိုင်ကန်က ကုမ္ပဏီကား မဟုတ်ဘူး..ဒါရိုက်တာလင်းရဲ့ ကိုယ်ပိုင်ကားပဲ..ဒီတော့ ဒါရိုက်တာလင်းက ကုမ္ပဏီကားမောင်းပြီးတော့ ခင်များတို့ကို လိမ်နေတာလည်း မဟုတ်ဘူး..."

"ဒုတိယအနေနဲ့..ဒါရိုက်တာလင်းရဲ့ အဆင့်အတန်းနဲ့ဆိုရင် ခင်များတို့လို ပါမွှားလေးတွေကို လိမ်စရာ အကြောင်းကို မရှိတာ..ဒါကြောင့်မို့ ကုမ္ပဏီက ဒါရိုက်တာလင်း

ရဲ့ ဂုဏ်သတင်းကို ကာကွယ်တဲ့ အနေနဲ့ ဒီကိစ္စကို အဆုံးထိလိုက်ဖို့ စီစဉ်ထားတယ်.."

တိတ်ဆိတ်ငြိမ်သက်...

ထိုအခိုက်အတန့်တွင် ပတ်ဝန်းကျင်ရှိလူတိုင်း ကြက်သေသေသွားကြကာ ပါးစပ်အဟောင်းသားလေးများ ဖြစ်နေကြ၏။

ဟွမ်ဟော်ဆုန်းနှင့် လီရှောင်းယွီတို့မှာလည်း မျက်နှာ သွေးပျက်သွားခဲ့ကြသည်။

"မင်း..မင်းဘာပြောလိုက်တယ်...သူက Didi ရဲ့ဒုတိယအကြီးဆုံး ရှယ်ရာပိုင်ရှင်..."

"အမှန်ပဲ...ရှယ်ရာတန်ဖိုးက ဆယ်ဘီလီယမ်လောက် ရှိတယ်..."

ရန်ချောင် နှာခေါင်းရှုံ့လိုက်ပြီး "ဟမ့် ဒါနဲ့များ မစ္စတာလင်းက လိမ်ရိုက်နေတယ်ဆိုပြီးတော့ အပုတ်ချနေတယ်ပေါ့..ဘယ်လိုတောင် သောက်အဓိပ္ပာယ် မရှိလိုက်လဲ..."

ဟစ်....

လင်းရီ ဘယ်သူလဲဆိုတာ ကြားသိသွားသည့် အချိန်တွက်တော့ လူတိုင်း လေအေးတစ်ရှိုက် ရှူသွင်းလိုက်ကြရသည်။

သူက ဒီလောက် ဉစ္စာပေါ ရုပ်ချောဖြစ်နေတာတောင်မှ Didi ပြေးနေတယ်တဲ့လား..အတော်လေး အားယားနေတာလားကွ...

"ကျုပ်..ကျုပ်တို့...."

ဟွမ်ပောဟ်စုန်း ပါးစပ် ဟစိဟစိ ဖြစ်နေသော်လည်း ပြောစရာစကား ရှာမရခဲ့ပေ။

ဘာတွေ ဖြစ်နေတာလဲဟ..ငါကကော ဘာလို့ ဒီလောက် ပါဝါကြီးတဲ့သူနဲ့ လာဆုံနေရတာလဲဟ...

"ဒါရိုက်တာလင်း..စိတ်မရှိပါနဲ့ဗျာ..ကျွန်တော်တို့ ဒီကိစ္စကို သေချာလေး ကိုင်တွယ်လိုက်ပါ့မယ်ဗျ..."

ရန်ချောင်မှ ရိုကျိုးစွာဖြင့် ပြောလိုက်သည်။

"အင်း..ဒီလိုကိစ္စတွေဆိုတာက တင်းတင်းကြပ်ကြပ် ကိုင်တွယ်ဖြေရှင်းမှ ရမှာ..."လင်းရီ ပြောလိုက်ပြီး "ခုခေတ် ပါဆင်ဂျာတွေကို လုပ်ငန်းရှင်တွေက ဖောက်သည်ကသာလျှင်

နတ်ဘုရားပါလို့ သမုတ်ထားတော့ အတော်လေး အကြောက်လန့်ကင်းနေကြတယ်...မင်းတို့ ဒီကိစ္စကို လွယ်လွယ်လေးနဲ့ အဆုံးသတ်ပေးလိုက်လို့ လုံးဝ လုံးဝ မဖြစ်ဘူးနော်..အပြင်းထန်ဆုံး ကိုင်တွယ်ပေးတယကို ငါရချင်တယ်.... "

"နားလည်ပါပြီဗျ."

"အိုး ဟုတ်သားပဲ..သူတို့ကို ကားလျော်ကြေးကော ရအောင်တောင်းလိုက်..."

"ဟုတ်ကဲ့..စိတ်ချပါခင်ဗျ.."

"မ..မလုပ်ပါနဲ့..."

ဟွမ်ပော်ဆုန်း လင်းရီလက်မောင်းကို ဆွဲပြီး မြေပြင်ပေါ်တွင် ဒူးထောက်လျက်

"ဒါရိုက်တာလင်း...ကျေးဇူးပြုပြီး အခွင့်ရေးလေး တစ်ခါလောက် ပဲ ပေးပါဗျာ..ကျုပ်မှာ တကယ့်ကို လျော့စရာ မရှိလို့ပါ"

လင်းရီကတော့ လက်ကို ခါချကာ တစ်ခွန်းမျှမဆိုဘဲ မောင်းထွက်သွားလိုက်၏။

ရန်ချောင်မှ ထိုကိစ္စကို ကိုင်တွယ်ပေးလိမ့်မည်။ သူ့ အာရုံစိုက်ရန် ဘာမျှ မလိုအပ်ချေ။

ရပ်ကွက်ထဲမှ ထွက်လာခဲ့ပြီးနောက် လင်းရီ အော်ဒါများ ဆက်လက် လက်ခံလိုက်သည်။

တစ်နာရီထိုးသည့် အချိန်တွင်တော့ လင်းရီ အော်ဒါခြောက်ခု လက်ခံခဲ့ပြီး ကီလို၈၀ ကျော်အထိ မောင်းနှင်ပြီးဖြစ်၏။ သို့

တိုင်အောင် ကြယ်ငါးပွင့်ရီဗျူးမှတော့ တစ်ခု တည်းသာလျှင်ရရှိခဲ့သည်။

ယခု လင်းရီအတွက်တော့ ကြယ်ငါးပွင့်ရီဗျူး ရခြင်းမရခြင်းက အရေးမကြီးတော့ချေ။ စနစ်၏ မစ်ရှင်မှာ မောင်းနှင်သည့် ကီလိုမီတာ အပေါ် မူတည်နေသောကြောင့် သူ့အား ဒုက္ခပေးခဲ့သည့် ထိုရီဗျူးများကို ယီးပဲဟု အားပါးတရ ဆဲဆို၍ ရချေပြီ။

တစ်မနက်ခင်းလုံး အလုပ်လုပ်ပြီးနောက် လင်းရီ တစ်နေရာထိုင်ပြီး စားသောက်တော့မည့် အချိန်တွင် သူ၏ ဖုန်းမှ အသံမြည်လာခဲ့၏။ ဝမ်ရန်မှ ဖုန်းဆက်လာခဲ့ခြင်းပင်။

"အီးဟီးဟီး....တီချယ်လင်း..သမီးကို ကယ်ပါဦး..သမီး ဒုက္ခရောက်နေပါပြီ... "

# အခန်း (၃၂၆)

"ဘာဖြစ်တာလဲ..ဖြည်းဖြည်းပြော..."လင်းရီ လေးနက်သည့် အသံဖြင့် မေးလိုက်၏။

"တီချယ်....သမီး အမေ့ကို ဆေးသွားဝယ်ပေးတော့ ကားနဲ့ တိုက်မိလို့..ခုတော့ အများကြီး လျော်ပေးရတော့မယ်....."

"စိတ်အေးအေးထား...ခု ဘယ်မှာလဲ..."

"ဂဇလမ်းက ဘတ်စ်ကားမှတ်တိုင်လေးနားမှာ..."

"အဲ့မှာပဲ စောင့်နေ..ဘယ်မှ မသွားနဲ့..ခဏနေဆိုရင် ရောက်ခဲ့မယ်.."

"ဟုတ်ကဲ့..တီချယ်..."

လင်းရီ ဖုန်းချပြီး ဝမ်ရန်၏ အိမ်သို့ မောင်းနှင်သွားလိုက်သည်။

.....

၈၉ လမ်း၊ ဘတ်စ်ကားမှတ်တိုင် အနီး၌

အဖြူရောင် Mustang တစ်စီးလမ်းဘေးတွင် ထိုးရပ်ထားပြီး ဘေးတွင်တော့ စက်ဘီးတစ်စီးမှ လဲလျောင်းနေလေသည်။ မပါမဖြစ်သည့် လူအုပ်ကြီးမှလည်း ဘေးမှ ဝိုင်းအုံစပ်စုကြည့်နေကြတော့၏။

"တောင်းပန်ပါတယ်နော်... တမင်သပ်သပ်လုပ်တာ မဟုတ်ပါဘူးလို့...ကျွန်မ ပြန် လျော်ပေးပါ့မယ်...."

ဝမ်ရန်၏ သွင်ပြင်မှာ အနည်းငယ် ဖိုသီဖတ်သီဖြစ်နေလေသည်။ သူမ၏ ဘောင်းဘီ၌လည်း ဖုံများပေကျံနေပြီး အဝတ်များမှာလည်း အနည်းငယ် စုတ်ပြဲနေ၏။ ပြင်းပြင်းထန်ထန် ဒဏ်ရာ မရသွားသည်ကပင် ကံကောင်းသွားသည်ဟု ဆိုရပေမည်။

"မိန်းကလေး..ငါဒီကားကို အသစ်ဝယ်ထားတာ..မောင်းတာတောင် တစ်ပတ်မရှိသေးဘူး..မင်းက တိုက်လိုက်ပြီဆိုတော့.မင်း..မင်းကွာ....."

Mustang ကားပိုင်ရှင်မှာတော့ အသက်သုံးဆယ် အရွယ်ရှိ သက်လတ်ပိုင်း အမျိုးသားတစ်ဦးဖြစ်၏။ အနည်းငယ် ဝဖိုင့်ဖိုင့် ရှိပြီး

မျက်နှာအမူအရာမှတော့ ရိုးသားဖြောင့်မတ်သည့်အသွင်ပင်။

ကားပိုင်ရှင်၏ ဘေးတွင်တော့ သူ၏အမျိုးသမီးမှ တစ်ဆက်တည်းဝတ် ဂါဝန်ကိုဝတ်ဆင်ထားပြီး သူမ၏ အမူအရာမှာတော့ အေးစက်နေလေသည်။ အမူအရာကို ကြည့်ခြင်းအားဖြင့် မည်သူမဆို ဒေါသထွက်နေကြောင်း အလွယ်တကူ ပြောနိုင်၏။

"ကျွန်မဘက်ကမှားမှန်းသိပါတယ်..
လောလောနဲ့မို့ လမ်းကူးတဲ့ချိန် ဘေးကို မကြည့်လိုက်မလို့ပါ...ကျွန်မအနူးညွတ်
တောင်းပန်ပါတယ်နော်..."

"မိန်းကလေး...ဒါက တောင်းပန်စကား ပြောလိုက်ရုံနဲ့ ပြီးသွားမှာ မဟုတ်ဘူး... .ကားက

ပြန်ပြင်လို့ရတယ် ဆိုရင်တောင်မှ ပြင်ထားတယ်ဆိုတဲ့ ပုံစံကြီးက တစ်သက်လုံး အရာထင်နေတယ့်မှာလေ..."Mustang ကားပိုင်ရှင်မှ စောဒက တက်လိုက်၏။

သူ၏ လေသံအရဆိုပါက ကားပိုင်ရှင်မှာ ဝမ်ရန်ကို ခက်ခဲအောင် မပြုလုပ်ချင်ပေ။ သူ၏ကား ထိခိုက်သွားသောကြောင့် ရင်ဘက်ထဲ၌ ခံရခက်နေခြင်းသာဖြစ်၏။

"ရှင်ဘာတွေ ပြောနေတာ..သူ့ကို လျော်ခိုင်းရမှရမယ် လေ....ကားတံခါးကလည်း ချိုင့်ခွက်နေတာ ကြည့်လို့တောင် မကောင်းဘူး..ပြီးတော့ ခြစ်ရာဆိုတာကလည်း အကြီးကြီးပဲ..4S ဆိုင်ကိုသွားပြီ ပြင်မယ်ဆိုရင် အနည်းဆုံး ယွမ် ၂၀,၀၀၀ လောက်တော့

ကုန်မှာ.."ဂါဝန်နှင့် အမျိုးသမီးမှ မောက်မောက်မာမာဖြင့် ဆိုလိုက်၏။

ဝမ်ရန် ရှော့ခ်ရသွားခဲ့သည်။ လျော်ပေးရမည့် ငွေမှာ ထိုမျှ များပြားလိမ့်မည်ဟု သူမ မျှော်လင့်မထားခဲ့။

သူမ အိတ်ကပ်ထဲတွင် ချိုးခြိမ်ချွေတာပြီး စုဆောင်းထားသည်မှာ ငွေကြေးယွမ် ၅၀၀ မျှသာရှိသည်။ ထိုမျှလောက်ဖြင့် လျော်ပေးရန် လုံလောက်လိမ့်မည်မဟုတ်။

"ငါ့အထင်တော့ အဆင်ပြေတယ် ထင်တာပဲ..."ကားပိုင်ရှင်မှ ပြောလိုက်ပြီး "ဒီမိန်းကလေးရဲ့ အခြေနေက တအားကြီးကောင်းမယ့်ပုံလည်း မပေါ်ဘူး...အဲ့ လောက်ပိုက်ဆံ အများကြီး တတ်နိုင်မှာ မဟုတ်

လောက်ဘူး...ကံဆိုးတယ်ပဲ သတ်မှတ်ပြီး တော့ ကားအာမခံကုမ္ပဏီဆီကနေပဲ ယူ လိုက်ရအောင်ကွာ.."

"ကျွန်...ကျွန်မ မှာ ယွမ် ၅၀၀ ရှိပါ တယ်..ကျွန်မ အကုန်လုံး ရှင်တို့ကို ပေးလိုက် ပါ့မယ်..."

ဝမ်ရန် သူမ အိတ်ကပ်ထဲရှိ ပိုက်ဆံ အကုန်လုံးကို ထုတ်လိုက်၏။

ဟောင်းနွမ်းနေသည့် ရာတန် အစုတ်လေး များကို မြင်တော့ ကားပိုင်ရှင် အမျိုးသားမှာ စာနာသနားစိတ် ဖြစ်မိသွားသည်။ သို့သော်လည်း သူ၏ဇနီးကတော့တော့ အ လွှတ်ပေးလိမ့်မည် မဟုတ်ကြောင်း တပ်အပ်သိနေလေသည်။

"နင်လာနှောက်နေတာလား..ငါတို့ကား ပြင်ဖို့ စရိတ်က ယွမ် ၂ သိန်းနီးပါ ကျမှာ..ဒါကို နင် က ယွမ် ၅၀၀ လာပေးနေတယ်ပေါ့လေ..နင့် ၅၀၀ က ဒေါ်လာတွေ ဆိုရင်တော့ တစ်မျိုး ပေါ့ဟဲ့..."

"အဲ့ဒါဆို ခဏလေးလောက် စောင့်ပေးလို့ ရ လား...ခဏနေဆို ကျွန်မရဲ့ တီချယ်က လာတော့မှာဆိုတော့...အဲ့ခါကျမှ ပိုက်ဆံ ချေးပြီး ပေးရင်ကော..."

"ဟမ့်...နင့်ရဲ့ ဆရာ.."ကားပိုင်ရှင်၏ ဇနီးဖြစ် သူမှ ရင်ဘက်ရှေ့လက်ကို ပိုက်လျက် "နင့် ဆရာနဲ့ နင်က ဘာတော်လို့လဲ.....သူက နင့်ကို ပိုက်ဆံ ချေးပေးမှာ သေချာပြီတဲ့လား...."

ဝမ်ရန် တဒင်္ဂမျှ တွေဝေသွားခဲ့၏။ လင်းရှီ သူမကို ပိုက်ဆံ ချေးပေးစရာ အကြောင်းမရှိသည်မှာ အမှန်ပင်။

သို့သော်လည်း ထိုအချိန်တွင် လူတိုင်း၏ နားစည်ထဲသို့ ကျယ်လောင်သော ကား အင်ဂျင်သံကြီးမှာ တိုးဝင်လာခဲ့လေသည်။

ဘွန်း...ဘွန်း...

လွိုင်ကန်၏ အင်ဂျင်သံမှာ သားရဲဟိန်းသံကြီးကဲ့သို့ မြည်ဟီးနေပြီး လူတိုင်း၏ အာရုံကို ဆွဲဆောင်သွားခဲ့တော့၏။

"ဒါ...ဒါ..လွိုင်ကန် ၇ မဟုတ်လားဟ..."

"ငါကြားတာတော့ဒီကားက သန်းဆယ်ချီ တန်တယ်ဆိုပဲ...ဘာလို့ ဒီရောက်နေတာလဲ ဟ..."

လှိုင်ကန်မှာ လုတိုင်း၏ အကြည့်အောက်တွင် ဝမ်ရန်ရှေ့သို့ ရပ်သွားခဲ့၏။

ဇင်ယောင်ငှက်တောင်ပံ ပြန့်ကားသကဲ့သို့ ကားတံခါးများ ပွင့်လာပြီး ထိုအထဲမှ လင်းရီ အခန့်သား ထွက်လာခဲ့လေသည်။

"ဘယ်လောက်တောင် ချောမောလိုက်တဲ့ သခင်လေးလဲ..."

"စူပါကားနဲ့ ရှောင်ကောကော..အိုက်စ်...ငါ့ အသည်းတစ်ခြမ်းလေးတော့ ပါသွားပြန်ပြီ..."

"တီချယ်လင်း..."

လင်းရီကို ရောက်လာသည်ကိုမြင်တော့ ဝမ်ရန် မျက်ရည်စက်လက်ဖြင့် သူ့ထံသို့ ပြေးလာခဲ့၏။

"ဘာဖြစ်သွားသေးလဲ..."

"သမီးက အဆင်ပြေတယ်..ဒါပေမယ့် သမီးစက်ဘီးက သူများကားကို ဝင်တိုက်မိလိုက်ပြီ.."

"မင်းအဆင်ပြေရင် ပြီးတာပဲ..မငိုနဲ့တော့ ..."

လင်းရီ ဝမ်ရန်ကို မျက်ရည်များ သုတ်ပေးပြီးနောက် "ခင်များက Mustang ကားပိုင်ရှင်လား..."

"အမ်..ကျ...ကျုပ် .."

ကားပိုင်ရှင်မှာ တုန်လှုပ်နေပြီး စကားလုံးများမှာ လည်ချောင်းဝတွင် တစ်ဆို့နေခဲ့၏။ သူ့ဘဝတွင် ပထမဆုံးအကြိမ် ချမ်းသာသည့် သခင်လေးများနှင့် စကားပြောဖူးခြင်းပင်။

စောနက ကတ်ကတ်လန်အောင် အော်ပြောနေသည့် သူ၏ ဇနီးပင် လင်းရီ၏ သန်မာသည့် အရှိန်အဝါ လွှမ်းတံပိုးများအောက်တွင် နဂိုကလောက် ယုံကြည်ချက်များ မရှိတော့ချေ။

လင်းရီ တစ်ချက်ခေါင်းညိမ့်ပြီး အက်စီးဒင့်ဖြစ်ခဲ့သည့် မြင်ကွင်းကို ပြန်လည်မြင်ယောင်ကြည့်လိုက်၏။ မြေပြင်အခြေနေ၊ လမ်းအခြေနေတို့ကို တွက်ချက်ကြည့်မည်ဆိုပါက မှားသည့်သူမှာ ဝမ်ရန်ပင်။

"ကျုပ်ကိုပြော..ခင်များတို့ ဒီကိစ္စကို ဘယ်လို ဖြေရှင်းချင်လဲ..."လင်းရီ မေးလိုက်၏။

"ဒီကားက အရည်သွေးမြင့် တဲ့Mustang ကားပဲ...ကျွန်မတို့က ယွမ် ၂၀၀,၀၀၀ နီးနီးလောက် သုံးပြီး ဝယ်ထားရ တာ..ပြင်ခဆိုရင် ယွမ် ၂၀,၀၀၀ လောက်ကုန် လောက်တယ်..ရှင့်ဘာရှင် သင့်တော်သလို သာ ကြည့်ပေးလိုက်."ကားပိုင်ရှင်၏ ဇနီးမှ ပြောလိုက်၏။

"ညီကို..ကျုပ်လည်း ဒီကလေးမလေးဆီက နေ ပိုက်ဆံ မယူချက်ပါဘူးကွာ..ဒါပေမယ့် ကားက ဝယ်ထားတာ မကြာသေးဘူးဆို တော့...မင်းလည်း သိမှာပါ..ပိုက်ဆံကြောင့် ပြောနေတာ မဟုတ်ဘူး."

ထိုသို့ပြောရင်း ကားပိုင်ရှင်၏ အသံမှာ အနည်းငယ် တုန်ခါနေခဲ့၏။

ချမ်းသာသည့် ဒုတိယမျိုးဆက် သခင်လေး နှင့် စကားပြောရသည်မှာ တကယ့်ကို အစစအရာရာ ဆင်ခြင်နေရသည်။

အကယ်၍ သူတို့ကိုသာ မပျော်ရွှင်အောင် ပြုလုပ်မိပါက လင်းရီ မလျော်ပေးလျှင်တောင် သူတို့ဘက်က ဘာမျှ တတ်နိုင်မည် မဟုတ်ချေ။

"အင်း..ကျုပ်ကလည်း ကားတွေ နှစ်သက်တဲ့ သူဆိုတော့ ခင်များပြောချင်တာကို နားလည်တယ်..."လင်းရီ ပြောလိုက်ပြီး "ကျုပ် ဖုန်း တစ်ကောလောက် ခေါ်လို့ရလား..."

"ဖုန်း..."

ကားပိုင်ရှင်မှာ နားမလည်သော်လည်း သူ၏ ဖုန်းကို ကြည်ဖြူစွာဖြင့် လင်းရီ လက်ထဲသို့ ကမ်းပေးလိုက်၏။

လင်းရီ ဝီချက်အကက်ပ်ကို ဖွင့်လိုက်ပြီး ငွေလက်ခံသည့် QR code ကို ဖွင့်ကာ ယွမ် ၂ သိန်း လွှဲပေးလိုက်သည်။

"ခင်များတို့က ယွမ် ၂ သိန်းနီးပါး သုံးပြီး ဝယ်ထားရတယ်ဆိုတော့...ကျုပ် ယွမ် ၂ သိန်း ပေးလိုက်မယ်..ဒီပိုက်ဆံတွေ နဲ့ နောက်အသစ်တစ်စီး ဝယ်လိုက်တော့ ဒီကားကို တော့ ကျုပ်ယူသွားမယ်...ကျေနပ်လား..."

ထိုအခိုက်အတန့်တွင် အချိန်မှာ တဒင်္ဂခန့် ရပ်တန့်သွားသည့်အလား ခံစားမိလိုက်ကြသည်။

အခြားသူများဆိုလျှင် အကျ်စီးဒင့်ဖြစ်သည်နှင့် အာမခံ ကုမ္ပဏီကို ဖုန်းဆက်ကြပေလိမ့်မည်။ သို့သော်လည်း လင်းရီကတော့ ကားအသစ်တစ်စီး ဝယ်နိုင်သည့်ငွေကြေးပမာဏကို နှစ်ခါ မစဉ်းစားဘဲ ထုတ်ပေးလိုက်၏။

ဤသည်က သောက်ရမ်း ငွေကြေးချမ်းသာသူတို့၏ လျော်ကြေးပင်လော။

ငိုးပဲ...ဒါကြီးကတော့ တန်လွန်းသွားပြီ..

"ဟုတ် ဟုတ် ကျေနပ်ပါတယ်.."

"အဲ့တာဆို ဒီမှာ စောင့်နေလိုက်..ကျုပ် တစ်ယောက်ယောက် လွှတ်ပြီးတော့ ခင်များ တို့နဲ့ စာရွက်စာတမ်း ကိစ္စတွေ လုပ် ခိုင်းလိုက်မယ်"

လင်မယား နှစ်ယောက်လုံး အလျှင်အမြန် ခေါင်းညိမ့်လိုက်ကြ၏။ လင်းရှိဘက်မှ ကြင်နာလွန်းနေသည်ဟုတောင် ဆို၍ရ သည်။ အကယ်၍ သူတို့ဘက်ကသာ ပို၍ ရောင့်တက်လာပါက ဤကြင်နာမှုလေးမှာ ပျောက်ဆုံးသွားပေလိမ့်မည်။

လင်းရှိ ကျိုးဟိုင်ထောင်ကို ဖုန်းဆက်၍ ယခု ကိစ္စကို လွှဲပြောင်းပေးလိုက်သည်။

သူ့ကို အက်စီးဒင့်ဖြစ်ထားသည့် ကားအား ပြန်ရောင်းပြီး ဝမ်ရန်အတွက် ကားအသစ်

တစ်စီး စီစဉ်ထားပေးရန် အမိန့်ပေးထားလိုက်၏။ သို့နှင့် ကိစ္စအားလုံးမှာ အဆင်ပြေပြေနှင့် ပြီးဆုံးသွားတော့၏။

ငွေ၏ တန်ခိုးသိဒ္ဓိများပေတည်း။

"ကားထဲဝင်...ပြန်လိုက်ပို့ပေးမယ်..."

"အမ်...စက်ဘီးကျတော့ကော...ပြန်ပြီးတွန်းသွားရဦးမယ်လေ..."ဝမ်ရန် ခေါင်းငုံ့ပြီး အသံတိုးတိုးလေးဖြင့်ပြောလိုက်၏။

"မင်းက အဲ့ စီးလို့မရတော့တဲ့စက်ဘီးအစုတ်ကြီးနဲ့ ဘာဆက်လုပ်ဦးမှာ..."လင်းရီပြောလိုက်ပြီး "အတွန့်တက်မနေနဲ့..ကားထဲဝင်..."

ဝမ်ရန် ကားထဲဝင်ရောက်ပြီးနောက် နှစ်ယောက်လုံး ရှုကွမ်းခရိုင်သို့ ဦးတည်လိုက်ကြ၏။

"တီချယ်လင်း..သမီးတီချယ့်ကို ယွမ် ၅ သိန်းအကြွေးတင်သွားပြီပေါ့.."

"အင်း..ဖြည်းဖြည်းမှ ဆပ်လည်း ရတယ်..ခုလောလောဆယ် ငါမင်းကို ခိုင်းစရာ တစ်ခုရှိတယ်..လုပ်မလား..."

"ဟင်...ဒါဆို သမီး အလုပ်ရတော့မှာပေါ့နော်..."ဝမ်ရန် စိတ်လှုပ်ရှား ပျော်ရွှင်စွာ ဖြင့်မေးမြန်းလိုက်၏။

"ဟုတ်တယ် .. ခု ငါ့မှာ အလုပ်သမားက သိပ် မရှိဘူး ဖြစ်နေတာ ဆိုတော့ စောစီး အလုပ်ဝင်လိုက်တော့..."

"အွန်း အွန်း.သမီးလည်း ခုလေးတင် စာမေးပွဲ ပြီးထားတာဆိုတော့ အလုပ်လိုချင် နေတာနဲ့ အတော်ပဲ..."ဝမ်ရန် ပြောလိုက်ပြီး "ဒါနဲ့ တီချယ် နေ့လည်စာ စားပြီးပြီလား..မ စားရသေးရင် သမီးအိမ် လိုက်ခဲ့လေ.တီချယ် စားချက်တာလေးတွေ ချက်ကျွေးမယ်..."

"အင်း... သွားကြတာပေါ့.."

လင်းရီ ဝမ်ရန်၏ အိမ်သို့ ရောက်သောအခါ မည်သူမျှ ရှိမနေကြောင်း သတိထားမိ သွား၏။

"အန်တီက ဘယ်လဲသွားခဲ့တာ..."

"အမေက အဒေါ်တို့အိမ်သွားတယ်...ညနေ လောက်မှ ပြန်လာမှာ..."

အိမ်ထဲသို့ ဝင်ရောက်ပြီးနောက် ဝမ်ရန် အေပရွှန်ကို ဝန်ဆင်ကာ မီးဖိုချောင်ထဲသို့ ဝင်သွားခဲ့၏။

"တီချယ် ဘာစားချင်လဲ...သမီး လုပ်ပေးမယ်လေ..."

"အဆင်ပြေတဲ့ ခေါက်ဆွဲပဲ လုပ်လိုက်ကွာ..ခဏနေကျ တခြားလုပ်စရာတွေ ရှိသေးတယ်..."

"အဲ့လိုဆို ကြက်ဥပြုတ် နှစ်လုံးနဲ့ လုပ်လိုက်မယ်နော..."

ဝမ်ရန်၏ အမြင်တွင်တော့ ခေါက်ဆွဲနှင့် ကြက်ဥပြုတ် နှစ်လုံးမှာ ဇိမ်ခံစားစာရာကြီး ဖြစ်၏။

လင်းရီ စနစ်မရခင်အချိန်တုန်းကလည်း ယခုလို ကြက်ဥခေါက်ဆွဲမှာ သူ့အတွက် ဇိမ်ခံစားစရာ ဖြစ်ခဲ့လေသည်။

မကြာမီ ခေါက်ဆွဲနှင့် ကြက်ဥပြုတ်တို့မှာ စားပွဲခုံပေါ်တွင် သုံးဆောင်ရန် အသင့် ဖြစ်နေ၏။ လင်းရီ လည်း အားနာခြင်းအလျင်းမရှိ တူကိုကိုင်ကာ အားပါးတရ စားသောက်လိုက်သည်။

"တီချယ်..သမီးက ဘယ်လိုအလုပ်မျိုးလည်း လုပ်ရမှာလဲဟင်..."

"ငါ့ အတွင်းရေးမှူး လုပ်ရမှာကွာ...အခိက တော့Cisco နဲ့ ပတ်သက် စပ်လျဉ်းတဲ့ ကိစ္စ တွေကို တာဝန်ယူပေးရမယ်...မင်းရဲ့လစာကို ကျ တစ်လကို ဂထောင်ပေးမယ်....နောင်ကျ လစာလည်းတိုးပေးဦးမှာ..ဒါပေမယ့် အဲ့တာ ကတော့ မင်းရဲ့ လုပ်ရည်ကိုင်ရည်ပေါ် ကြည့် ပြီး ဆုံးဖြတ်ပေးရမှာပေါ့..."

**အခန်း (၃၂၇)**

"ယွမ် ဂထောင်"

ဝမ်ရန် အံ့အားသင့်သွားခဲ့ပြီး "အာ.တီချယ် ကလည်း သမီးကို အဲ့လောက်ကြီး ပေးဖို့ မ

လိုပါဘူး....ပင်းချန်တက္ကသိုလ်ဆိုတာက ကျောင်းကောင်းမှ မဟုတ်တာ ..ပြီးတော့ ယွမ် ၃ ထောင် ဆိုရင်တောင်မှ အဲ့ကျောင်း က ဘွဲ့ရထားတဲ့ သူတွေ အတွက် အတော် လေး များနေပြီကိုပဲ..."

"လျှာမရှည်စမ်းနဲ့..ယွမ် ၈ ထောင်ဆိုတာက ငါ့အတွက် ဘာမှမဟုတ်ဘူး.ဒီတိုင်း သာမန် လစာလေးပဲ..."လင်းရီ ပြောလိုက်ပြီး "ပြီး တော့ မင်းအလုပ်သေချာ မလုပ်ရင် လစာ တွေလည်း လျှော့ဦးမှာ...ဒီတော့ ပေါ့သေး သေး မမှတ်လိုက်နဲ့..."

"အွန်း..သမီးကတော့ များတယ်လို့ ထင်တာ ပဲ....."ဝမ်ရန် ပြုံးရွှင်စွာ ပြောလိုက်ပြီး "ကျေးဇူးနော်..တီချယ်..."

"အဲ့တာဆို မင်းလုပ်ရမယ့်ကိစ္စတွေ ပြောပြမယ်."လင်းရီ တူကို ချလိုက်ပြီး

"မင်း လက်ရှိ အဓိကထားပြီး လုပ်ရမှာက ချောင်ရှန့်ယွီလို့ ခေါ်တဲ့သူနဲ့ ဆက်သွယ်ဖို့ပဲ...သူက Cisco အီလက်ထရောနစ် ကုမ္ပဏီရဲ့ ဒါရိုက်တာ..နောက်ပြီး အနာဂတ်ကျ ငါတို့ကလည်း သူနဲ့ အလုပ်တွေ အများကြီး လုပ်ဖို့ ရှိတယ်..ဒီတော့ မင်းကိုယ်တိုင် Cisco နဲ့ ရင်းနှီးကျွမ်းဝင်အောင် လုပ်ထားရင် ပိုကောင်းမယ်..မဟုတ်ရင်တော့ ငါတို့ရဲ့ လုပ်ငန်းပလန်တွေကို လိုက်မှီနိုင်မှာ အဟုတ်ဘူး."

"ဟုတ်ကဲ့ရှင့်.မှတ်ထားပါ့မယ် တီချယ်..."

"တကယ်လို့ ဘာမှ လုပ်စရာ ထွေထူးမရှိဘူး ဆိုရင် ရှန်းရန် စက်မှုဇုန်ဘက်ကို တစ်ချက် ဝေ့ကြည့်လိုက်...အဲ့မှာ ငါတို့ရဲ့ Sci-tech နဲ့ Cisco စက်ရုံက ဘေးချင်းကပ်ရပ်လေး ပဲ..လုပ်စရာ မရှိဘူးဆိုရင် အဲ့သွားပြီး ဧရိယာ တစ်ဝိုက်ကို လှေ့လာကြည့်ကြည့်လိုက်.ငါ မင်းအတွက် ရုံးခန်းလုပ်ထားပေးမယ်...."

"ဟုတ်ကဲ့ပါ...မှတ်သားထားပါ့မယ်ရှင့်..."

ထို့နောက် လင်းရီ ဝမ်ရန်ကို သူမ သိသင့်သိ ထိုက်သမျှ အရာအားလုံးကို ပြောပြခဲ့သည်။ လုရင်း၏ ဖုန်းနံပါတ်ကိုတောင်မှ သူမထံ ပေးထားခဲ့၏။

"အိုး ပြီးတော့ ချောင်ရှန့်ယွှီဆိုတဲ့ကောင်က လည်း ကောင်းတဲ့ကောင်တော့ မဟုတ်ဘူး

နော်...တကယ်လို့ မင်းကို ရီးတိယားတား လာလုပ်လို့ကတော့ သူ့ရဲ့ ဖွားဖက်တော်ကို ဆောင့်ကန်ပစ်ပလိုက်..."

ဝမ်ရန် မျက်နှာ ရဲသွားခဲ့ပြီး "အဲ့..အဲ့လိုလုပ်လို့ ဖြစ်ပါ့မလား တီချယ်ရဲ့...."

"ဘာမှ ဖြစ်ဘူး..တစ်ချက်တည်းနဲ့ မျိုးဆက်ပြတ်အောင်သာ ဆော်ပစ်လိုက်..."

"အွန်း...နားလည်ပါပြီ"

ခေါက်ဆွဲတစ်ပွဲစားပြီးနောက် လင်းရီ တစ်သျှူးဖြင့် နှုတ်ခမ်းသုတ်လိုက်ပြီး "ကောင်းပြီ..ငါမင်းကို ပြောစရာရှိတာတွေတော့ ပြော

ပြီးသွားပြီ..ကျန်တာကိုတော့ ကိုယ့်ဘာကိုယ် ပဲ လေ့လာဆန်းစစ်ကြည့်လိုက်တော့..."

"ဟုတ်ကဲ့ပါရှင့်..."ဝမ်ရန် လင်းရီကို လေးနက်စွာ ဦးညွှတ်လိုက်ပြီး "တီချယ် လင်း..သမီးအပေါ် ကောင်းပေးလို့ ကျေးဇူး ပါနော်....သမီးတော့ဖြင့် ဒီကျေးဇူးတွေကို ဘယ်လို ဆပ်လို့ ဆပ်ရမှန်းတောင်မှ မသိ တော့ဘူး..."

"ငါမင်းကို လခပေးပြီး ခိုင်းနေတာလေ..မင်း က ဘာတွေ ပြန်ဆပ်ချင်နေတာ..."

"ဒါပေမယ့် ယွမ် ၅ သိန်းလေ..အဲ့လောက် အများကြီးကို ဘယ်လိုလူကမှ ချေးငှား ပေး ရဲကြမှာ မဟုတ်ဘူး.".

"ငါက လူမဟုတ်လို့လား.."

"မ မဟုတ်ပါဘူးရှင်..သမီးက အဲ့သဘောမျိုး နဲ့ ပြောတာ မဟုတ်ပါဘူး..."ဝမ်ရန် လက်ကို အပြင်းအထန် ခါရမ်းလိုက်ပြီး "တီချယ်လင်း က အရမ်းကောင်းတဲ့ လူတစ်ယောက်ပါ..."

"ကောင်းပြီ..မင်းရင်ထဲမှာ ငါ့ကို လူကောင်း အနေနဲ့ ဆက်မြင်နေလိုက်..ငါတော့ သွား တော့မယ်.."

"ပြန်တော့မှာလည်း..အဲ့တာဆို လိုက်ပို့ပေး မယ်လေ..."

"မလိုဘူး..ကိုယ့်ဘာကိုယ် လုပ်စရာရှိသာ တာ လုပ်နေလိုက်..."

ဝမ်ရန်၏ အိမ်မှ ထွက်လာခဲ့ပြီးနောက် လင်းရီ Didi ဆက်ပြေးနေလိုက်၏။

ညနေ လေးနာရီခွဲသည့် အချိန်တွင်တော့ အော်ဒါလေးခု ပြီးမြောက်သွားပြီး ကီလို ၆၀ ကျော်ကို မောင်းနှင်ခဲ့လေသည်။ ကျီချင်းရန်ကို ကြိုရန် ချောင်ရန် အုပ်စုသို့ ဦးတည်လိုက်၏။

ကလင် ကလင် ကလင်

လမ်းတွင် လင်းရီ ဖုန်းသံ မြည်လာခဲ့ပြီး ဟော်ယွမ်ယွမ်မှ ခေါ်လာခဲ့၏။

"ဘော့စ်..ကျွန်မ ဖုန်းလန် ယဉ်ကျေးမှု ကို စစ်တေးကြည့်ပြီးပြီ...ဘော့စ်ထင်ထားတဲ့ အတိုင်းပဲ ..အဓိကရှယ်ယာပိုင်ရှင် ချောင်

ကျင်းချိုးနဲ့ ချောင်ကျားတုံးရဲ့ သမီး ချောင်ကျင်းချိုးက တစ်ယောက်တည်းပဲ.."

"ဘယ်လောက်တောင် တိုက်ဆိုင်လိုက်လဲ.."လင်းရီ ပြုံးလိုက်ပြီး "မင်းဘယ်လိုထင်လဲ...သူတို့ဘက်က ရင်းနှီးငွေကို တအားလိုအပ်နေတယ်လို့ ထင်လား..."

"အဲ့လိုမျိုး အရိပ်အမြွက်တွေတော့ မတွေ့ရသေးဘူး.....ဒါကြောင့်မို့ ခန့်မှန်းရတော့ ခက်တယ်...ရှင့်ဘာရှင်ပဲ သွားပြီးတော့ စုံစမ်းကြည့်ကြည့်လေ..."

"အင်းး..ငါ ခုပဲ သူနဲ့ သွားတွေ့ကြည့်လိုက်ဦးမယ်..."

"ခစ်ခစ်..ဘော့စ်က ခဏလေးတောင် မစော င့်မနိုင်တော့ဘူးပေါ့..တကယ် မကောင်းတဲ့ ကောင်ကြီးပဲ..."

"တကယ်လို့ ငါကသာ မကောင်းတဲ့ကောင် ဆိုရင် မင်းခုချိန် ဘာဖြစ်နေပြီထင်လဲ...အဲ့ တာကိုကျတော့ ထည့်မပြောတော့ဘူးပေါ့..."

"ဘာလို့လဲဆိုတော့ ကျွန်မက ရှင့်ကို အခွင့်ရေး မှ မပေးတာကိုး..အိုကေတယ်နော်..."

"ဟားဟား..ပြောချင်တာသာ ပြောနေလိုက် တော့..မင်းစိတ်ချမ်းသာရင် ပြီးရော..."

ဟော်ယွမ်ယွမ် :"...."

ဘာသဘောတုန်းဟ..လူကို လာလှောင်နေ တာလား...

ဖုန်းချပြီးနောက် လင်းရီ ကားပါကင်ထိုးသည့် နေရာသို့ သွားလိုက်၏။

သို့သော်လည်း ချက်ချင်းကြီးတော့ အပေါ်တက်မသွားသေးချေ။ကားပေါ်တွင် ထိုင်၍ အတွေးနက်နေလေသည်။

အနှီ ချောင်ကျင်းချိုးမှာ စိတ်ဝင်စားဖို့ကောင်းလှ၏။

မူလကတော့ လင်းရီ ချောင်ကျင်းချိုးမှာ Cisco ၏ စီးပွားရေးကို အမွေဆက်ခံရန် အသင့်ဖြစ်နေလောက်ချေပြီဟု ထင်မှတ်ထားသည်။ မဟုတ်ပါက ချောင်ရှန့်ယွီမှ သူ၏ လုပ်နိုင်စွမ်းကို သက်သေပြနိုင်ရန် ထိုမျှ လောနေလိမ့်မည် မဟုတ်ချေ။

သို့သော်လည်း မထင်မှတ်ထားစွာဖြင့် ချောင်ကျင်းချိုးမှာ သူမ၏ ကိုယ်ပိုင် ကုမ္ပဏီကို စတင်ပြီး ရင်းနှီးမြှုပ်နှံသူများကိုပင် စတင်ခေါ်ယူနေပြီးဖြစ်၏။ ယင်းက စိတ်ဝင်စားစရာပင်။

သူမ ကြည့်ရသည်မှာတော့ Cisco ၏ အမွေကို ဆက်ခံဖို့ရာ စိတ်မဝင်စားသည့်ပုံပင်။ မဟုတ်ပါက ယခုလို ကိုယ်ပိုင် ကုမ္ပဏီ ထူထောင်လိမ့်မည် မဟုတ်ချေ။

ဒီလိုဆိုရင်တော့ ချောင်ကျင်းချိုးနဲ့ တစ်ခေါက်လောက်တော့ တွေ့ကြည့်ရမယ့်ပုံပဲ…

ကလင် ကလင် ကလင် …

လင်းရီ၏ ဖုန်းမြည်လာခဲ့ပြီး ကျီချင်းရန်မှ ဖုန်းဆက်လာခဲ့ခြင်းဖြစ်၏။

"နင်ကုမ္ပဏီရောက်နေပြီလား..."

"အင်း..ခုလေးတင် မြေအောက် ကားပါကင် ရောက်တာ..."

"အဲ့တာဆို နင် မတက်လာနဲ့ဦး...ထျန်ထျန်နဲ့ ငါနဲ့ နင့်ဆီလာနေပြီ..."

"သူမက မပြန်သေးဘူးလားဟ..."

လုထျန်မှာ ကျီချင်းရန်ထံသို့ အလည်လာပြီး နောက် ပြန်သွားလိမ့်မည်ဟု ထင်မှတ်ထားခဲ့ သည်။ သို့သော်လည်း တစ်နေ့လုံး ကျီချင်း ရန်၏ ရုံးခန်း၌ ရှိနေလိမ့်မည်လို့ ထင်မ ထားခဲ့ချေ။

"အင်း...ငါတို့ ဒီည သွားစရာနေရာတစ်ခုရှိတယ်လေ...ဒါပေမယ့်နင်ဒီနေ့ လုပ်တာတော်လို့ ဆုချတဲ့ အနေနဲ့ နင့်ကိုပါ ခေါ်သွားဖို့ ဆုံးဖြတ်လိုက်တာ..."

"အဲ့လိုဆို ငါဂုဏ်ယူသင့်လား..."လင်းရီ မေးလိုက်၏။

"ဒါပေါ့..."ကျီချင်းရန် အပြုံးလေးဖြင့် ပြောလိုက်၏။

"အောက်ထပ်မှာ စောင့်နေ...ငါတို့ ဆင်းလာနေပြီ..."

"အိုကေ..."

မိနစ်အနည်းငယ်ကြာပြီးနောက် လုထျန်နှင့် ကျိချင်းရန်တို့ ခါတ်လှေကားထဲမှ လက်ချင်းချိတ်လျက် ထွက်လာခဲ့ကြ၏။

သို့သော်လည်း နှစ်ယောက်လုံး၏ လက်ထဲတွင် ပုံးသေးသေးလေး ကိုယ်စီ ကိုင်လာခဲ့ကြသည်။ အမြင်အရတော့ လက်ဆောင်ပုံးလေး ဖြစ်သည့်ဟန်ပင်။

"နင်ဒီနေ့ လုပ်တာ တကယ်မဆိုးဘူး..ရန်တက္ကသိုလ်ရဲ့ အလှနတ်သမီးလေးကိုတောင်မှ ဟက်ထိပြီး မျက်ရည်လေးဝဲသွားအောင် လုပ်နိုင်ခဲ့တယ်..."လုထျန်မှ စနောက်သည့်ဟန်ဖြင့် ပြောလိုက်သည်။

"နင်ဘာတွေ လျှောက်ပြောနာ...သူမလုပ်နိုင်ခဲ့ပါဘူးနော်.."ကျိချင်း ရှက်သွေးလေးဖြန်း

သွားပြီး " ဒီတိုင်း နှင်းဆီပန်းလေးကိုများ ..တို့က ရင်တောင် မခုန်ဘူး..."

"ဟွန့်...လာပြီး ဟန်ဆောင်မနေနဲ့..ပန်းတွေ မြင်တော့ နှင် ပါးစပ်အဟောင်းသားနဲ့ ရင်ဘက်ကို လှမ်းဖိလိုက်တာ ငါတွေ့လိုက်တယ်နော်...တကယ်လို့ ငါသာ နှင့်နေရာမှာဆိုလို့ကတော့ သူ့ကို ဒီည ကောင်းကောင်းကြီး ဆုချီးမြှင့်ပေးလိုက်မှာ..."

"အဲ့တာဆိုလည်း ငါအချိန်ရမှ သူ့ကို ဟင်းချက်ခိုင်းလိုက်တော့မယ်..."

"ဟမ်...အဲ့တာက ဘယ်လို ဆုချတာကြီးတုန်း..ဟိုက ဒီလောက် ကြိုးစားပမ်းစားနဲ့ လုပ်ထားရတာကို နင်က ဟင်းချက်ခိုင်းမယ်..."

လုထျန် ချခိုင်းသည့် ဆုနှင့် ကျီချင်းရန် နားလည်နေသည့် ဆုတို့မှာ တစ်ခြားစီ ဖြစ်နေလေသည်။ ယင်းကလည်း ကျီချင်းရန်မှ ပိုပြီး အင်နိုးစန့်လေး ဖြစ်နေသောကြောင့်ပင်။

"ကဲပါ ကဲပါ..အဲ့တာတွေ ပြောမနေနဲ့တော့..အရင်သွားကြရအောင်..."

ကျီချင်းရန် သူမ၏ ကားသော့ကို လင်းရီထံ ကမ်းလိုက်ပြီး "နင့်ကားက လူနှစ်ယောက်ပဲ ထိုင်လို့ရတယ်ဆိုတော့ ငါ့ကားပဲ မောင်းလိုက်တော့..ဒီနေ့ နင့်ကို အလှလေးနှစ်ယောက်ရဲ့ သီးသန့်ဒရိုင်ဘာ လုပ်ခိုင်းရတော့မယ်..ကျေနပ်လားပြော..."

"ဒါပေါ့ ဒီကလည်း ကျေနပ်စွာနဲ့ ဒရိုင်ဘာ ဖြစ်ပေးပါ့မယ်တဲ့ဗျာ...."

သုံးယောက်သား ကျီချင်းရန်၏ မာစီးတီးထဲသို့ ဝင်လိုက်ကြ၏။

"နင်တို့ နှစ်ယောက်က ဘယ်သွားကြမှာ..."

"ကျင်းယွဲ့ဟွား အိမ်ရာဆီ...ငါ့တီချယ်ရဲ့ အိမ်က အဲ့မှာလေ...ဒီနေ့ ဆရာမ အိမ်ကို သွားလည်ကြဖို့ တိုင်ပင်ထားကြတာ..."

လင်းရှီ ခေါင်းညိတ်မိလိုက်သည်။ ယခုတော့ လုထျန်နှင့် ကျီချင်းရန်တို့ အဘယ်ကြောင့် လက်ဆောင်ပုံးလေးများ သယ်ဆောင်လာခဲ့လဲဆိုတာကို သဘောပေါက်သွားချေပြီ။ သူမတို့၏ တီချယ်အတွက်ပေတည်း။

"မင်းက ရန်တက္ကသိုလ်ကနေ ဘွဲ့ရခဲ့တာ မဟုတ်ဘူးလား...မင်းရဲ့တီချယ်ကလည်း ရန်ကျင်းမှာပဲ ရှိသင့်တာ မဟုတ်လား..."

"အင်း..ဆရာအများစုကတော့ ရန်ကျင်းကပဲ..ဒါပေမယ့်ငါ့ဆရာမရဲ့ မိသားစုက ကျိုးဟိုင်က...ပင်စင်ယူပြီးတော့ သူ့မိသားစုဆီပြန်လာနေတာလေ..ငါတို့ နှစ်တိုင်း ဒီလိုချိန်ဆို ဆရာမရဲ့တပည့်တွေ အားလုံးစုပြီး သွားလည်နေကြပဲ..."

"အော်...အဲ့လိုကိုး..."

"စကားဖြတ်ပြောလိုက်ဦးမယ်...ယွမ်ယွမ်က ဘယ်အချိန်လာမှာလဲတဲ့..."လုထျန် မေးလိုက်၏။

"သူ(မ)က ကုမ္ပဏီမှာ အလုပ်များနေတယ်ဆို တော့ နောက်ကျလောက်တယ်...ငါတို့ကို မ စောင့်နဲ့လို့ ကြိုပြောပြီးသား..အလုပ်ပြီးတာနဲ့ လိုက်ခဲ့မယ်ဆိုပဲ..."

ကျီချင်းရန်မှ ပြောလိုက်သည်။

"အမ်..ဟော်ယွမ်ယွမ်ကော လာမှာတဲ့လား..."

လင်းရှီ အံ့အားသင့်သွားခဲ့သည်။

"ဒါပေါ့ သူက ငါ့ဂျူနီယာလေ...ပြီးတော့ ဆရာမကျန်းရဲ့ တပည့်ပဲ...သေချာပေါက် လာမှာပေါ့ဟဲ့..."

ကျီချင်းရန် သူမနှင့် လင်းရှီတို့၏ ပတ်သက် ဆက်နွယ်မှုကို အသုံးချကာ ဟော်ယွမ်ယွမ်

ကို အလုပ်စောဆင်းလို့ရအောင် မပြုလုပ်ခဲ့ချေ။

မည်သို့ပင်ဆိုစေကာမူ အလုပ်မှာ ပထမဦးစားပေးအရာဖြစ်၏။ ယင်းက ချိုးဖောက်၍ မရသည့် သံမဏိစည်းမျဉ်းပင်။

လင်းရီ အခြေနေကို သဘောပေါက်စွာဖြင့် ခေါင်းညိမ့်လိုက်သည်။

ထို့နောက် ကျင်းယွဲ့ဟွား အိမ်ရာသို့ မောင်းနှင်သွားလိုက်၏။

ကျိုးဟိုင်တွင် ကျင်းယွဲ့ဟွား အိမ်ရာကို အဆင့်မြင့် လူနေအိမ်ရာ အဖြစ် သတ်မှတ်၍ ရ၏။

သာမန် လူလတ်တန်းစားတို့မှာ ဤနေရာ၌ အိမ်တစ်လုံး ပိုင်ဆိုင်ဖို့ရာ မစွမ်းသာချေ။

သို့သော်လည်း ရန်တက္ကသိုလ်ရှိ ပါမောက္ခတို့မှာတော့ မတူခြားနား၏။

ဤနေရာ၌ နေထိုင်ရန် အဆင့်မှီလေသည်။

အိမ်ရာရှေ့သို့ ရောက်သောအခါ လင်းရီ လုံခြုံရေးအစောင့်ကို အကျိုးကြောင်း ပြောပြပြီး ဝင်ခွင့် တောင်းလိုက်၏။ မကြာမီ အစောင့်မှ နားလည်မှုရှိစွာဖြင့် သွားခွင့်ပြုလိုက်လေသည်။

ကျီချင်းရန်၏ လမ်းညွှန်ပြသမှုအောက်တွင် လင်းရီတို့ သုံးယောက် ပါမောက္ခရန်၏ အိမ်သို့ ရောက်လာခဲ့ကြ၏။

အဝင်ဝတွင်တော့ လင်းရှိ ဇိမ်ခံကား သုံးစီး အပြိုင်ရပ်ထားသည်ကို မြင်တွေ့လိုက်ရပြီး ဈေးအနည်းဆုံးကပင် တန်ကြေး နှစ်မီလီယမ်ကျော်သော မာစီးတီး G63 ဖြစ်နေလေသည်။ ဈေးအကြီးဆုံးကတော့ ဘန်ထလေ ဖြစ်ပြီး လင်းရှိ မလိုချင်၍ သူများကိုတိုက်ပြီး လွှင့်ပစ်ခဲ့သည့် ကားမော်ဒယ်နှင့် အတူတူပင်။

"သူတို့က တယ်လည်း မြန်ပါလား...ငါတို့ ထက်တောင် ကြိုရောက်နေသေးတယ်..."လု ထျန်မှ မကျေမနပ် ပြောလိုက်၏။

**အခန်း (၃၂၈)**

"သူတို့လည်း နင့်လို မြို့ပြင်ကပဲလေ..တွေ့ဆုံပွဲရှိလာသာ လာခဲ့ကြတာ..ဒီတော့ စောရောက်နေတာ မဆန်းပါဘူးဟယ်.."

"အင်း..အဓိပ္ပာယ်တော့ ရှိသား..."လုထျန်ပြောလိုက်ပြီး "အရင်ဆုံး အထဲဝင်သွားရအောင်..ငါတော့ ဗိုက်ဆာနေပြီ..."

"အွန်း.."

လင်းရိ ကားပါကင်ထိုးလိုက်ပြီး သုံးယောက်အတူ တံခါးရှေ့သို့ ရောက်လာခဲ့ကြ၏။

ကနေဦးတွင် ဇိမ်ခံကား သုံးစီးကို တွေ့မြင်လိုက်ရ၍ အနည်းငယ် အံ့အားသင့်သွားခဲ့သော်လည်း တခဏမျှ တွေးတောပြီးနောက် ပုံမှန်ပြန်ဖြစ်သွား၏။

ရန်တက္ကသိုလ် ပါမောက္ခမှ မွေးထုတ်ပေးလိုက်သည့် တပည့်တပန်းတို့မှာ သာမန်လူများ ဖြစ်နိုင်ပါမည်လော။

ကျိုချင်းရန်မှာ အကောင်းဆုံး ဥပမာပင်။ သူ၏ စီးပွားရေးလုပ်ငန်းတွင် အများသူငါထက် အောင်မြင်နေသည့် အမျိုးသမီး စီအီးအို တစ်ယောက်ဖြစ်နေလေသည်။

ထို့ကြောင့်လည်း ရန်တက္ကသိုလ်ကနာမည်ကြီး ကျောင်းတစ်ကျောင်းဖြစ်နေသည်မှာ မဆန်းတော့ချေ။

သုံးယောက်သား လှေကားထစ်များပေါ်သို့တက်လာခဲ့ကြ၏။ ဓာတ်လှေကားထဲမှ ထွက်လာပြီးနောက် တံခါးမှာ ဖွင့်လျက်ရှိကြောင်း မြင်တွေ့လိုက်ရသည်။

အထဲမှ ရယ်ရယ်မောမောနှင့် စကားဝိုင်းကျနေသည့် အသံများလည်း ကြားနေရသေး၏။ လေထုမှတော့ အလွန်အမင်း သက်တောင့်သက်သာရှိနေသည့်ပုံပင်။

"အိုက်ရိုး..ချင်းရန်နဲ့ ထျန်ထျန်လလည်း ရောက်လာပြီပေါ့...ဆရာမတို့ကလည်း သမီးလေးတို့ကို စောင့်နေတာ.."

လင်းရီတို့ ဝင်လျင် ဝင်ချင်း တစ်ခေါင်းလုံးဆံပင်များ ဖွေးဖွေးဆွတ်ဖြူနေသည့် အမယ်အိုကြီးတစ်ဦးမှ ဝမ်းပန်းတသာနှင့် တံခါးဆီသို့ လျှောက်လာပြီး သုံးယောက်လုံးကို နွေးထွေးစွာ ကြိုဆိုလာသည်။

အထဲတွင်တော့ လူငါးဦး ရှိနေကြ၏။

ကျီချင်းရန် ဆရာမ၏ ခင်ပွန်းဖြစ်သူအပြင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့မှာလည်း ဆိုဖာပေါ်တွင် ထိုင်နေကြသည်။

အမျိုးသား တစ်ဦးမှာတော့ မျက်မှန်တစ်လက်ကို တပ်ဆင်ထားပြီး အပြာရုပ်နှင့် အနက်ရောင်ပန်ကို ဆင်ယင်ထားကာ အထာကျကျ ဝတ်ဆင်ထား၏။

အခြားတစ်ဦးမှာတော့ သာမန်ကာလျှံကာမျှသာ ဝတ်ဆင်ထားပြီး ရုပ်ရည်မှာလည်း ရွက်ကြမ်းရေကျိုပင်။

တစ်ဦးတည်းရှိသည့် အမျိုးသမီးမှာလည်း ကျီချင်းရန်နှင့် လုထျန်တို့လောက် လှပသိမ်မွေ့စွာခြင်း မရှိ။ နှစ်ခါကြည့်ဖို့ရာပင် မထိုက်တန်ချေ။

"လင်းရီ..နင့်ကို မိတ်ဆက်ပေးမယ်...ဒါက ငါ့ရဲ့ ဆရာမ ကျန်းမင်ပွား....ဒါကျတော့ ဆရာမရဲ့ အမျိုးသား..ရန်တက္ကသိုလ်က ပါမောက္ခ ဆရာဖန့်ရှင်းကော်..."

လင်းရီ အပြုံးလေးဖြင့် နှုတ်ဆက်လိုက်ပြီး "တွေ့ရသာ ဝမ်းသာပါတယ်ဗျ..ဆရာမ ကျန်း...ဆရာဖန့်.."

"ဒီအဘွားကြီး ထျန်ထျန်နဲ့ စကားပြောတုန်းက ချင်းရန်မှာ ကောင်လေး ရှိနေပြီလို့ကြားတယ်..ခု သူ့ကောင်လေးက တကယ်ကို အဆင်းရှိတာပဲ...ရန်တက္ကသိုလ်က ကောင်စုတ်တွေထက် အများကြီး သာတယ်..."

ကျီချင်းရန် ရှက်သွေးဖြန်းသွားခဲ့၏။

သူမ၏ အကြီးအကဲများထံမှ လင်းရီနှင့် သဘောတူသည့်လေသံကို ကြားရသည်တွင်တော့ သူမရင်ထဲတွင် နှစ်သက်ကြည်နူးမှုများ ပြည့်လျှံနေတော့၏။

"လာကြ လာကြ အဲ့မှာပဲ ရပ်မနေနဲ့ဦး...အစားသောက်တွေက အဆင်သင့် ဖြစ်နေပြီ...အရင်ဆုံး စားကြရအောင်..."ဖန့်ရှင်းကော်မှ အထဲသို့ ဝင်၍ စားသောက်ရန် ဖိတ်မန္တက ပြုလိုက်သည်။

ကျီချင်းရန်နှင့် ကျန်သူများလည်း စားပွဲပေါ်တွင် ထိုင်လိုက်ကြလေသည်။ ဟင်းပွဲများအားလုံးမှာတော့ အိမ်ချက်ဟင်းလျာများဖြစ်ပြီး ထူးထူးဆန်းဆန်း ဟင်းတစ်ခွက်မျှမပါဝင်ချေ။

ဟင်းပွဲများမှာ ရိုးရှင်းသော်လည်း မြည်းကြည့်လိုက်သည်နှင့် အိမ်သို့ရောက်နေသည့် နွေးထွေးကြင်နာမှုနဲ့ ချက်ပြုတ်သူ၏ စေတနာကို လျှာမှတစ်ဆင့် ခံစားသိမြင်နိုင်သည်။

စားသောက်နေစဉ် အတွင်း လင်းရီ ကျန်သူများ၏ နာမည်ကိုလည်း မှတ်သားမိ၏။

သေသပ်ကျနစွာ ဝတ်ဆင်ထားသည့် အမျိုးသား၏ နာမည်မှာတော့ လျိုရီတဖြစ်ပြီး သာမန် အဝတ်များ ဝတ်ဆင်ထားသည့်သူကိုတော့ဝမ်ကျစ်ဟွေ့ဟု ခေါ်တွင်လေသည်။

ကျန်ရှိသည့် အမျိုးသမီး၏ နာမည်ကတော့ ကျိန်းဝန်ကျယ်ပင်။

သို့သော်လည်း ဝမ်ကျစ်ဟွေ့နှင့် ကျိန်းဝန် ကျယ်တို့ကသာလျှင် ကျီချင်းရန်တို့နှင့် အတန်းတူပြီး လိုျရီတကတော့ သူတို့ အားလုံး၏ စီနီယာကြီးဖြစ်လေသည်။

စားသောက်နေရင်း ကျီချင်းရန်မှ ခွက် မြှောက်လိုက်ပြီး "ဆရာမကျန်း..တက္ကသိုလ် တုန်းက နေ့ရက်တွေမှာ သေချာလေး ဂရုစို က်ပေးခဲ့တဲ့ အတွက် ကျေးဇူးတင်ပါတယ် ရှင့်..ဆရာမသာ မရှိလို့ကတော့ ဒီနေ့ သမီးရဲ့ အောင်မြင်မှုတွေ ဆိုတာလည်း ရှိလာမှာ မဟုတ်ဘူး..ဒါကြောင့်မို့ ဝိုင်အစား ဒီ လက်ဖက်ရည်တစ်ခွက်နဲ့ တို့စ်လုပ်ပေးပါရ စေ..."

"ချင်းရန်ရယ်...ဆရာမ အမြင်မှာတော့ သမီးက ကိုယ့်သမီး အရင်းလေးလိုပါပဲ..ဒီကိုလာလည်တယ် ဆိုတာကလည်း အိမ်ပြန်လာတာနဲ့ အတူတူပဲ မဟုတ်လာ..ဘာလို့ ဒီလိုတွေပြောနေရတာလဲ..."ကျန်းရှူမင်မှ အပြုံးလေးဖြင့် ပြောလိုက်၏။

"ခု သမီးတို့တစ်တွေ နယ်ပယ် အသီးသီးမှာအောင်မြင်မှုရနေကြတာကိုပဲ ဆရာမက ပီတိဖြစ်လှပြီ..."

"အဓိပ္ပာယ်ရှိတယ်..."ဖန့်ရှင်းကော်မှ အပြုံးလေးဖြင့် ပြောလိုက်ပြီး "ဒီလက်ဖက်ရည်က ခုဘာမှ အရသာမရှိဘူး...မင်္ဂလာပွဲက ဝိုင်ကမှ ပိုပြီး ကောင်းဦးမယ်..."

"ဟုတ်တယ်..မြန်မြန် မင်္ဂလာဆောင်ဖို့ ရက်သတ်မှတ်လိုက်တော့..မင်္ဂလာသေရည် သောက်ဖို့ မစောင့်နိုင်တော့ဘူး..."လုထျန် ရယ်မောပြောဆိုလိုက်သည်။

"မဟုတ်တာတွေ..နင်တို့ပြောနေသလိုလည်း အမြန်ကြီး မလုပ်ပါဘူးနော်.."ကျီချင်းရန် ရှက်ရွံ့စွာ ပြောလိုက်၏။

"ဒီအဘိုးကြီး ကျောင်းတုန်းကမှတ်မိပါသေး တယ်..ချင်းရန်ဆိုတာက အင်မတန်မှ အရှက်အကြောက်ကြီးတဲ့ မိန်းကလေး....ခု အပြင်လောက ရောက်တာတောင်မှ အဲ့တိုင်း ပဲလို့တောင် ထင်မထားဘူး..ဟားဟား..."ဖန့် ရှင်းကော်မှ ပြောလိုက်၏။

"ချင်းရန်ကတော့ ပြောင်းတော့မှာ မဟုတ်လောက်ပါဘူး.."လုထျန်မှ ပြောလိုက်သည်။

"ကျုပ်အထင်တော့ လက်ထပ်တယ်ဆိုတာက လောသင့်တဲ့ ကိစ္စ မဟုတ်ဘူးလို့ ထင်တယ်.."လျိုရှီတမှ ဝေဖန်သည့် လေသံဖြင့် ပြောလိုက်ပြီး

"ကျုပ်တို့ ဆုံးဖြတ်ချက် မချခင် ဘက်ပေါင်းစုံကနေ စဉ်းစားတွေးခေါ်ရမယ်..ကျုပ်ကိုယ်တိုင်က ယောကျ်ား တစ်ယောက်ဆိုပေမယ့် လောကကြီးမှာ ဘာမှ မှီခိုလို့ မရတဲ့ ယောကျ်ားတွေ ရှိသေးတယ်ဆိုတာတော့ ဝန်ခံရမယ်...လောပြီးမှ နောက်ကျသွားခဲ့ရင် ကိုယ့်ရဲ့ဘဝတစ်ခုလုံးက နောင်တရနေတော့မှာ..."

"စီနီယာ..ရှင်အဲ့လောက်ကြီးလည်း ဝေဖန်စရာ မလိုပါဘူး..လင်းရီက လူကောင်းသူကောင်းလေးပါနော်..."

လုထျန်မှ ကာကွယ်ပြောဆိုပေးလိုက်၏။

"ငါကလည်း စကားအဖြစ်ပြောနေတာပါဟ..အတည် မှတ်မနေကြနဲ့...ငါတို့အဆင့်အတန်းနဲ့ဆို အဓိကက အတွင်းစိတ်ပဲ...ကျန်တာက ဘာမှ အရေးမကြီးဘူး..."လျိုရှီတမှ ပြောလိုက်သည်။

လုထျန် လျိုရှီတကို မျက်လုံးလှန်လိုက်ပြီး တိုးတိုးလေးဖြင့် "ဟမ့်..အကော်ဒီယံလောက်တီးတတ်တဲ့သူကများ...ငမူးတွေကပဲ ကိုယ့်ခေါင်းထဲမှာ စဉ်းစားသမျှကို ပေါက်တတ်ကရ လျှောက်ပြောနေမှာ..."

"ထျန်ထျန် ..ဘာပြောလိုက်တယ်...အကော်ဒီယံအကြောင်း ပြောနေတာလား...အဲ့တာက ငါကြွမ်းကျင်တဲ့ အပိုင်းလေ..တီးပြစေချင်နေတာလား.."

လုထျန် ငြင်းဆန်တော့မည့် အချိန်တွင် ကျန်းရှုမင်မှ "တီးပြလည်း ဘယ်ဆိုးလို့လဲ..ဆရာမတို့တောင် မင်းရဲ့ လက်သံကို နားမထောင်ရတာ အတော်လေး ကြာနေပြီ..အကော်ဒီယံက ငါ့စာကြည့်ခန်းထဲမှာ ..သွားယူခဲ့လိုက်...."

"ဆရာမကျန်းက နားဆင်ချင်တယ်ဆိုနေမှတော့ ကျွန်တော်ကလည်း လူတိုင်းရှေ့မှာ အရှုးလုပ်ပြရတော့မှာပေါ့ဗျာ..."

ထိုနောက် လျိုရီတ မတ်တပ်ရပ်ပြီး စာကြည့်ခန်းထဲသို့ ဝင်သွား၏။

ပျောက်ကွယ်သွားသည့် လိုျရီတ၏ နောက်ကျောကို ကြည့်ရင်း လင်းရီမှ "ဒီကောင်က အတော်လေးလည်း ဟန်ဆောင်ပန်ဆောင် လုပ်လှချည်လားဟ...ပြီးတော့ ဟန်ဆောင်တာတောင်မှ ဆန်းသစ်တီထွင်မှုလေးတောင်မရှိဘူး..ဒီကောင်က ဘာလားပဲ"

"တကယ်လို့ ရှင်က သူ့အကြောင်း သိချင်တယ်ဆိုရင်တော့ သူက ရှင့်ရဲ့ ရည်းစားလုဖက်လို့ ပြောရင် ပိုမှန်မယ်...ကျောင်းတုန်းက သူ ချင်းရန်ကို အသေအလဲ ပိုးပန်းခဲ့တာလေ..ဒါပေမယ့် ချင်းရန်က သူ့ကို လှည့်တောင် မကြည့်တာ...တကယ်လို့ ဆရာမကျန်းနဲ့ မခွဲချင်လို့သာ မဟုတ်ရင် ချင်းရန်က အစောကြီးကတည်းကနေ အတန်းပြောင်း

ပြီး သွားပြီ..."လုထျုန်မှ အသံနိမ့်၍ ပြော လိုက်၏။

"ဟမ့်...ဘယ်သူက ငါ့ရဲ့ ဘောဘီပူတူးချင်းရန် လေးကို ပိုးပန်းဖို့ သတ္တိတွေ ပေးလိုက်တာပါ လိမ့်...လျှန်ကျင်းရှုကလား...."

"အွက်...ရှံတာ..ဘောဘီပူတူးချင်းရန်ဆိုပဲ...နင် တို့ နှစ်ယောက် သာမန်လေးပဲ ခေါ်ကြလို့ မ ရဘူးလား...ငါနောက်ထပ် နံရိုး နည်းနည်း လောက် ဆက်စားချက်သေးတယ်..."

"ကောင်စုတ် နင်စကားကို ဆင်ဆင်ခြင်ခြင် ပြောနော်..ငါတို့က ခု ဆရာမ အိမ်ရောက်နေ တာ..."

ကျီချင်းရန် လင်းရီ ခါးကို ဆွဲဆိတ်လိုက်ပြီး "တကယ်လို့ ဆရာမကျန်းနဲ့ ဆရာဖန့်တို့သာ ကြားသွားရင် မကောင်းဘူး..."

"ကောင်းပြီလေ..အဲ့တာဆိုလည်း အိမ်ရောက်မှ ခေါ်တာပေါ့.."

ကျီချင်းရန် ဘာမျှ ပြန်မပြောချေ။ သူမလည်း ဘေဘီပူတူးချင်းရန် ဟူသော နာမည်လေးမှာ နားဝင်ချိုသည်ဟု ခံစားမိနေသည်။

ထိုအကြောင်းကို စဉ်းစားမိတော့ ကျီချင်းရန် မျက်နှာလေး ရဲတက်လာခဲ့တော့၏။

ယင်းက နားရွက်ဖွယ်အတိုပင်။

သုံးယောက်သား တီးတိုး ပြောနေကြတုန်း လျိုရီတ အကော်ဒီယံကို ယူဆောင်လာခဲ့၏။

"ရီတ...ပိုက်ခယ်ရေကန်ဆိုတဲ့ တေးသွားကို တီးပေးစမ်းကွာ..ငါ အဲ့သီချင်းကို မတီးတတ်လို့ မင်းနားက ကြည့်ပြီး သင်ယူဦးမယ်..."ဖန့်ရှင်းကော်မှ နိမ့်ချစွာဖြင့် ဆိုလိုက်သည်။

ဖန့်ရှင်းကော်နှင့် ကျန်းရှူမင်တို့မှာ အကော်ဒီယံကို နှစ်သက်သူများ ဖြစ်ကြ၏။ သို့သော်လည်း သူတို့၏ အရည်အချင်းမှာ အကောင်းစားကြီး မဟုတ်ခဲ့ပေ။ ထို့ကြောင့် အိမ်၌သာ အပျင်းပြေ တီးခတ်လေ့ ရှိကြ၏။

ယခု ကောင်းကောင်းမွန်မွန် တီးတတ်သည့် လျိုရီတ ရောက်လာသောကြောင့် သူတို့ တေးတစ်ပုဒ်လောက် တောင်းဆိုမိသည်မှာ သဘာဝပင်။

"ဆရာဖန့်ကတော့ မြှောက်ပင့်လွန်းနေပါပြီ...ကျွန်တော်က ဆရာ့ရှေ့မှာ ဘယ်လိုလုပ်ပြီး ဝင့်ကြွားရဲမှာလဲတဲ့ဗျာ..."

"မင်း ကောင်းကောင်းတီးတတ်တယ်ဆိုတာ ငါမသိဘူးများ မှတ်နေတာလား...မြန်မြန်တေးတစ်ပုဒ်လောက် လုပ်စမ်းကွာ...လူတိုင်းလည်း နားဆင်လို့ရတာပေါ့..."

"အဲ့တာဆိုလည်း ကျုပ်ကပဲ တတ်သည့်ပညာ မနေသာဆိုသလို တစ်ပုဒ်လောက် အစမ်းတီးပြပါရစေ "

လျိုရီတ အကော်ဒီယံကို ကိုင်လိုက်ပြီး ဖန်ရှင်းကော်၏ တောင်းဆိုမှုအတိုင်း ပိုက်ခယ်ရေကန် တေးသွားကို စတင်တီးခတ်တော့၏။ သူ၏ အမူအရာမှာတော့ ကိုယ့်

ကိုယ်ကို လွန်စွာ နှစ်ထောင်အားရဖြစ်နေသည့် ပုံပေါက်နေလေသည်။

သို့သော်လည်း လင်းရီ မျှော်လင့် မထားသည်ထက်ပိုစွာ ထိုင်နဲ့မှာ ကိုယ့်ကိုယ်ကို အထင်ကြီးစွာဖြင့် တစ်ဆင့်တက်ပြီး အကော်ဒီယံဖြင့် သီချင်းလေးပင် ညည်းလိုက်သေးသည်။

ကာနံ့နဘောများမှာ လုံး၀ စုတ်ပြတ်သပ်နေသော်လည်း အများနားတွင်တော့ ကြားကောင်းရုံလောက်တော့ရှိ၏။

"မဆိုးဘူး မဆိုးဘူး..."လို့ူရီတ တီးခတ်ပြီးသည့် အချိန်တွင် ကျန်းရှုမင်နှင့် ဖန်းရှင်းကော်တို့မှ ဦး ဆောင် လက်ခုပ် တီးလိုက်၏။

"မင်းရဲ့ လက်သံတွေကတော့ မကျဆင်းတဲ့ အပြင်ပိုပြီးတောင် တိုးတက်လာတာပဲ ဟာ...ငါတို့လို အဘိုးကြီးတွေကတော့ လူငယ်လေးတွေလောက် သင်ယူတာ မမြန်ဆန်နိုင်တော့ပါဘူးကွာ..."

ဟမ်..

လင်းရီ ကြောင်အသွားခဲ့၏။

ဘယ်လိုငရဲလဲဟ...

ဒီကောင် ပေါက်တတ်ကရတွေ လျှောက်လုပ်နေတာကို ခင်များက ဘယ်လိုလုပ်ပြီး ကောင်းတယ်လို့ ပြောလိုက်တာတုန်း....

**အခန်း (၃၂၉)**

"ချင်းရန် ဒီရဲ့ နံရိုးကြော်လေး စားကြည့်ကြည့်ပါလား..အတော်လေး မဆိုးဘူး...ငါ့ဟင်းချက်လက်ရာ နီးနီးလောက်ရှိတယ်..."လင်းရီ ပြောလိုက်၏။

"ကိုယ့်ကိုယ်ကိုယ် မြှောက်ပင့်အမနေနဲ့..ဆရာမကျန်းရဲ့ လက်ရာက နင့်ထက်အသာကြီးကို..."

"တကယ်ကြီးလား...အဲ့တာဆို နောက်ကျ ငါ့ကို ဟင်းလာမချက်ခိုင်းနဲ့တော့..."

"အန်... မဟုတ်ဘူးလေ..."ကျီချင်းရန် စိုးထိတ်သွားခဲ့ပြီး "နင်ငါ့ကို အဲ့လိုလုပ်လို့ မရဘူးလေ...."

"အမယ်လေး..ကြည်နူးနေလိုက်ကြတာ များ...တော်ပြီ...နင်တို့နဲ့ ဝေးဝေးနေတာပဲ ကောင်းတယ်.."လုထျန်းမှ နှစ်ယောက်လုံးကို ရှုံ့မဲ့စွာ ကြည့်လိုက်ပြီး ကုလားထိုင်ကို ချင်းရန်နှင့် နည်းနည်းလေးခြားလိုက်သည်။

"ဘာလဲ..မနာလို ဖြစ်နေတာလား..."လင်းရီ ရယ်မောလိုက်ပြီး "ဖြစ်လည်း မတတ်နိုင်ဘူး ဟေ့..တစ်ကမ္ဘာလုံးမှာ ငါ့လောက်နီးနီး ချောတဲ့ကောင်က ခပ်ရှားရှားရယ်..."

"ပေါက်တတ်ကရတွေ ပြောမနေနဲ့.... ငါ ရန်တိုက် ပေးလိုက်လို့ နင့်ကို ချင်းရန်က ညစာမကျွေးပဲ နေဦးမယ်နော..."

"အဟွတ် အဟွတ် အဟွတ်..."

ကိုဝန်ကျယ် ပေါ့ပါးစွာ ချောင်းဟန့်လိုက်ပြီး "ရှင်တို့တွေ...စီနီယာက ခုလေးတင် အကော်ဒီယံ တီးပြီးသွားတာကို လေးစားသမှုနဲ့ လက်ခုပ်တီးပေးသင့်တယ်လို့ မထင်ဘူးလား..."

"အင်း..မဆိုးပါဘူး..ကောင်းပါတယ်..."

ကျီချင်းရန်မှ အလေးမထားဟန်ဖြင့် ပြောဆိုလိုက်သည်။

"ချင်းရန် ..သမီးကတော့လေ သီချင်းတောင် ကောင်းကောင်း နားထောင်တဲ့ပုံလည်း မပေါ်ပါဘူး..."ကျန်းရှူမင်မှ အပြုံးလေးဖြင့် ပြောလိုက်ပြီး "ရီလေး...သားကော သူတီးသွားတာ ဘယ်လိုထင်လဲ..."

"ကောင်းတာပေါ့ဗျာ..အရမ်းကောင်းတာမှ ပြောမပြတတ်လောက်အောင်ပဲ...ဘယ်လို ကောင်းလို့ ကောင်းမှန်းကို မသိတာ..."

လင်းရီ တမင်အရွဲ့တိုက်ပြီး ချီးမွမ်းလိုက်၏။

စနစ်၏ ပညာရှိဉာဏ်ပညာကြောင့် နယ်ပယ် ပေါင်းစုံကို တီးမိခေါက်မိရှိသူအတွက်တော့ ချို့ယွင်းချက်ပေါင်းများစွာကို သိမြင်နေလေ ရာ အဘယ်၌ နားထောင်ကောင်းလိမ့်မည် နည်း။ သို့သော်လည်း ထမင်းဝိုင်းလေးကို မ ပျက်စီးစေချင်သည့် စိတ်ကြောင့်သာ ချီးကျူးပေးလိုက်သည်။

"မစ္စတာလင်းက အကော်ဒီယံအကြောင်း အဲ့ လောက် သိနေလိမ့်မယ်လို့တောင် ထင်မ ထားဘူး...ဒါက ကျုပ် မျှော်လင့်ထားတယ

ထက်ကို ပိုနေတာပဲဗျ"လို့ရီတာ အပြုံးလေး ဖြင့် ပြောလိုက်၏။

"မပြောပလောက်ပါဘူး..နည်းနည်းလေးပါ.."

ကျိချင်းရန် နှာကစ်မိလိုက်သည်။ လင်းရီ ကတော့ ထုံးစံအတိုင်း ပေါက်တတ်ကရများ ပြောနေလေသည်။ အကော်ဒီယံအကြောင်း အနည်းငယ်သိသည်ဟုပင်ဆိုလိုက်သေး၏။

"ကျုပ် ဒီနေ့ ကျွမ်းကျင်သူနဲ့ လာဆုံလိမ့်မယ် ထင်မထားဘူး..ကျုပ် ကောင်းကောင်းတီးခဲ့ တယ်လို့ ထင်ရပေမယ့် တကယ်တော့ ပိုက်ခ ယ်ရေကန် တေးသွားမှာ အပြစ်အနာဆာ တွေတော့ အများကြီး ရှိနေတုန်းပဲဆိုတာ ကျုပ်သတိမိပါတယ်....စိတ်မရှိဘူးဆိုရင်

ကျုပ် မစ္စတာလင်းဆီကနေ ညွှန်ပြမှုလေး တစ်ချို့လောက် ရရှိနိုင်မလား..."

"သိပ် မကောင်းဘူးထင်တယ်နော...ခုက မိတ်ဆုံစားပွဲဆိုတော့ ဒီကိစ္စတွေကို ဘေးချိတ်ထားရအောင်ပါဗျာ..."

"မဟုတ်တာ၊ကျုပ်တို့လို ခေတ်ပညာတတ်တွေက အမြဲတမ်း အကောင်းဆုံးကိုပဲ မျှော်လင့်တောင့်တကြတယ်..တကယ်လို့ အမှားတွေ ရှိရင်လည်း အချင်းချင်း ထောက်ပြရမှာက သဘာဝပဲလေ.."

ကျီချင်းရန် နှုတ်ခမ်းကို အသာအယာလေး ကိုက်မိသွားပြီး မပျော်ရွှင်မှုများက သူမ မျက်နှာထက်တွင် ပေါ်ပေါက်လာခဲ့၏။

လိုချင်ရီတမှာ လင်းရီကို ခက်ခဲအောင် ပြုလုပ်ချင်နေကြောင်း သူမ ပြောနိုင်သည်။

"ရီလေး...သားက အကော်ဒီယံအကြောင်း သိရင် ဆရာမတို့ကိုလည်း မျှဝေပေးဦးလေ..."ကျန်းရှူမင် ပြောလိုက်ပြီး "အားလုံးက ဒီလူနဲ့ ဒီလူတွေကြီးပဲကိုကွယ်...ဘာမှ မဖြစ်ဘူး..လွတ်လွတ်လပ်လပ်သာ ပြော..."

"ဟုတ်တယ်..ဒါမှ ကျုပ်လည်း အများသိလို့ အမှန်ကိုပြင်နိုင်မှာလေ...အဲ့တာမှ ဆက်ပြီး တိုးတက်မှာပေါ့...."

"အဲ့လိုဆို ဒီရဲ့ တေးသွားနဲ့ ပတ်သက်ပြီး ခင်များကို ညွှန်ပြပေးစရာ အကြောင်းတောင် မရှိဘူး..."လင်းရီ နံရိုးကြော်တစ်တုံးကို ဝါးရင်း ပြောလိုက်၏။

"ကျုပ်တီးပြသွားတာက ပြီးပြည့်စုံပြီးတော့ ထောက်ပြစရာမရှိဘူးလို့တော့ လာမပြောနဲ့..."

"ဘယ်နားကသာ..ခင်များ အထင်တွေလွဲနေပြီ...ပိုက်ခယ်ရေကန်တေးသွားကို တင်ဆက်သွားတာက ချွတ်ယွင်းချက် အပြည့်လို့ ပြောနေတာ...ထောက်ပြလို့ကတော့ မိုးတောင်လင်းသွားဦးမယ်...ဒါကြောင့်မို့ မင်းကို ညွှန်မပြချင်ဘူးလို့ပြောနေတာ..."

သူ ထိုသို့ ပြောပြီးလျှင်ပြီးချင်း လူတိုင်း၏ အကြည့်များမှာ လင်းရီထံသို့ စုပြုံလာခဲ့၏။

လင်းရီ ထိုသို့ ပြောလာလိမ့်မည်လို့ မည်သူကမျှ ထင်မှတ်မထားခဲ့ချေ။

"ငါ့က ပိုက်ခယ်ရေကန် တေးသွားကို တင်ဆက်သွားတာ ချွတ်ယွင်းချက် အပြည့်ရှိတယ်..."လှိုရီတ၏ မျက်နှာမှာ သိပ်မလှတော့ပေ။

သူတင်ဆက်သွားသည်မှာတော့ ပြည့်စုံသည်ဟု ထင်နေပြီး သူ၏နဂို လက်သံကိုပင်သာလွန်နေချေပြီဟု ထင်မှတ်ထားခဲ့၏။ ထို့ကြောင့် မည်သည့်ချွတ်ယွင်းချက်မျှ မရှိနိုင်ပေ။

သို့သော်လည်း လင်းရီမှ သူ့အား ချွတ်ယွင်းချက်အပြည့် ဖြစ်နေသည်ဟု ပြောလာခဲ့၏။ မည်မျှ ရယ်မောဖွယ် ကောင်းလိုက်သနည်း။

"မစ္စတာလင်း..ခင်များ ကျိချင်းရန်ရဲ့ ဘေးမှာ ရပ်နေပြီးတော့မှ သူ့ထက် ခေါင်းတစ်လုံးသာကြောင်း ပြချင်တိုင်း မဆင်ခြင်ဘဲ ပြောမယ်ဆိုရင်တော့ ဘာ်သူမှ အထင်ကြီးမှာ မဟုတ်ဘူးနော..."

"ကြည့်စမ်းပါဦး..ခုနလေးတင် ခင်များ ကိုယ်တိုင် တင်ဆက်မှုက ချွတ်ယွင်းချက် အများကြီး ရှိတယ်လို့ ပြောနေတယ်...ခုကျွန်တော်က ရှိတယ်လို့ ပြောလိုက်တော့ လက်မခံချင်ဘူးတဲ့လား..ဘယ်လို လောဂျစ်ကြီးလဲဟ... "

"ဒါ...."

လျိုရီတ ပြောစရာစကားလုံးများ ပျောက်ရှနေခဲ့ပြီး ကြက်သေသေသွား၏။

"ရီတ...မှားတာက သွားမှားတာဆိုတော့ ရီလေး ထောက်ပြတာကို အရင်နားထောင်ကြည့်ပါလား..."

ကျန်းရှုမင်မှ ပြောလိုက်ပြီး လင်းရီကို ကြည့်ကာ အပြုံးလေးဖြင့် "တကယ်တော့ ဆရာမလည်း ရီတ တင်ဆက်သွားတာ ကောင်းတယ်လို့ပဲထင်တယ်...ဘယ်နေရာမှားလဲဆိုတာ သတိမထားမိလိုက်ဘူး..."

"အဲ့တာဆိုလည်း ကျုပ် ထင်ရှားမြင်သာတဲ့ ချွတ်ယွင်းချက်လေးတွေကိုပဲ ထောက်ပြပေးလိုက်မယ်..."လင်းရီ ပြောလိုက်ပြီး

"သီချင်း စည်းချက် ရှစ်ခုရဲ့ ဒုတိယမြောက် အသံက ဖော့လွန်းတော့ အသံကို နိမ့်သွားစေတယ်.. "

"ဒါပေမယ့် စည်းချက်ရဲ့ အလယ်သုံးပုံတစ်ပုံလောက်မှာကျတော့ ဖိလွှန်းသွားပြန်ရော..အဲ့မှာ စည်းနဲ့ဝါးက အချိတ်ဆက်မမိဘဲ သီချင်းတစ်ပုဒ်လုံးရဲ့ အနှစ်သာရတွေ ကင်းမဲ့ကုန်တော့တာပဲ.."

"ပြီးတော့ နောက်ထပ်အမှား အများကြီးတွေရှိနေတုန်းပဲ..အကျသံ မပိုင်တာတို့ အဖိ၊အဖော့ လွဲနေတာတို့...ဒါပေမယ့် အသေးစိတ်တော့ ပြောမပြတော့ဘူး..စောနကအတိုင်းပဲ ထောက်ပြလိုက်ရင် မိုးလင်းသွားလိမ့်မယ်..."

ကျီချင်းရန် လင်းရီကို မျက်တောင် ပုတ်ခတ်ပုတ်ခတ်လေးဖြင့် ကြည့်လိုက်သည်။

ဒီလို ရှင်းရှင်းလင်းလင်း ပြောဖို့အတွက်ဆို လင်းရီ ဘယ်လာက်တောင်မှ နက်နဲတဲ့ ကျွမ်းကျင်မှုတွေ ရှိထားဖို့ လိုလိုက်မလဲ...

သူက တကယ်ကြီး အကော်ဒီယံကို တီး တတ်နေတာများလား..ဒါကြီးက လုံး၀ မဖြစ် နိုင်ဘူးလေ...

ကျန်းရှူမင်နှင့် ဖန့်ရှင်းကော်တို့လည်း အကြည့်ချင်းဖလှယ်လိုက်ကြ၏။ သူတို့ မျက်၀န်းထဲတွင်တော့ ရှုပ်ထွေးမှုနှင့် အံ့အားသင့်မှုတို့က ရောယှက်နေလေသည်။

သူတို့ လင်းရီ ဘာပြောနေလဲဆိုတာကိုလည်း သဘောမပေါက်ချေ။

ပြောပြသွားသည့် အမှားများကိုလည်း သတိမပြုလိုက်ပေ။

အကော်ဒီယံကို နှစ်သက်သော်လည်း ဝါသနာအရ တီးခတ်ခြင်းသာဖြစ်၏။ ထို့ကြောင့် ပရောဖက်ရှင်နယ်ဆန်ဆန် ထောက်ပြသွားသည့် လင်းရီ၏ စကားလုံးများကို နားမလည်သည်မှာ သဘာဝပင်။

ထိုအချိန်တွင်တော့ အဘိုးကြီးတို့စုံတွဲသာမက လျှိုရီတလည်း ရှုပ်ထွေးနေတော့၏။

သူအကော်ဒီယံကို တီးလာသည်မှာ ကြာညောင်းလှပြီဖြစ်သော်လည်း ထိုအမှားများကို သတိမမူခဲ့ချေ။

"ဟားဟား...."

လှိုရိတ ပြုံးလိုက်ပြီး "ကျုပ် ဆရာတွေနဲ့ ကျွမ်းကျင်သူတွေရှေ့မှာ အကော်ဒီယံကို တင်ဆက်ခဲ့ဖူးတယ်..ဒါပေမယ့် အားလုံးက ကောင်းတယ်ပဲပြောပြီးတော့ ဘာပြဿနာ ကိုမှ ထောက်မပြပေးတာကြတော့ကော..."

"ခုလည်း ဒီပုံစံအတိုင်းပဲ မဟုတ်လား..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်ပြီး "လုထျန်နဲ့ ငါနဲ့က ကောင်းတယ်လို့ မှတ်ချက်ပြုပေးတယ်..ဒါပေမယ့် မင်းက ထောက်ပြပေးပါဆိုတော့ ထောက်ပြပေးလိုက်တယ်လေ....ထောက်ပြပေးပြန်တော့လည်း လူကို မပျော်မရွှင် ဖြစ်စေတယ် တဲ့လား..ဘယ်လို လူ့...အင်း...."

"မင်းက ဝတ်ကျေတမ်းကြေ ထောက်ပြနေ တာပဲကွ..."

"ကျွမ်းကျင်သူတွေကကော ဝတ်ကကျေ တမ်းကြေ ထောက်မပြတတ်ဘူးလို့ ထင်နေ တာလား..."

"မင်း...."

လှိုရီတ အတော်လေး ဒေါသထွက်နေခဲ့၏။ ကုမ္ပဏီတစ်ခုကို ဦးစီးဦးဆောင်ပြုနေသည့် သူလို သူဌေးကြီးတစ်ယောက်မှာ အပျော် လင်ရုပ်နှင့်ကောင်၏ ကဲ့ရဲ့လှောင်ပြောင်ခြင်း ကို ခံနေရသည်။

ဤသည်က လုံးဝ လက်မခံနိုင်စရာပေ။

သို့သော်လည်း သူ၏ဆရာမ အိမ်တွင်တော့ ဝုန်းဒိုင်းကျဲပြ၍ မဖြစ်ချေ။

"အဲ့လိုဆိုလည်း မစ္စတာလင်းကိုယ်တိုင် သီချင်းတစ်ပုဒ်လောက် တီးခတ်မပြသင့်ဘူး လား..ကျုပ်နဲ့ မစ္စတာလင်းကြား ကွာခြားမှု ကို ထင်သာမြင်သာ ရှိသွားတာပေါ့..."

"ငါအကော်ဒီယံနဲ့ သိပ်ပြီးတော့မရင်းနှီးဘူး.."

"စောနတုန်းကကျ လေကြီးလေကျယ်တွေ ပြောနေပြီးတော့မှ ခုကျတော့ အာပလာကြီး ဖြစ်သွားပါလားကွ....မင်း အကော်ဒီယံ မတီး ဖူးဘူးဆိုရင်လည်း စောက်ဆရာကြီးအထာနဲ့ လာပြီး ဝေဖန်ပြမနေနဲ့... "

"ငါက မရင်းနှီးဘူးလို့ပဲ ပြောတာ..မတီးတတ်ဘူးလို့ မပြောဘူး.."

"ရီလေး...သားက တကယ့်ကို မရိုးရှင်းဘူးပဲ...ချင်းရန်လေးကို သိမ်းပိုက်နိုင်ရုံတင်မကသေးဘူး..အကော်ဒီယံလည်း တီးတတ်နေတယ်ပေါ့..လုပ်ပါဦး..လူတိုင်းနားဆင်လို့ရအောင် တစ်ပုဒ်လောက် ပညာလေးတွေထုတ်ပြပါဦးကွယ်.."

ကျန်းရှုမင်မှ ကြင်နာသည့် အမူအရာဖြင့်ပြောလိုက်၏။

"ဆရာမကျန်းက နားဆင်ခြင်နေမှတော့ကျွန်တော့်ဘက်က ငြင်းလို့ ဘယ်ကောင်းမှာ..."

တစ်ဖက်ရှိ ကျီချင်းရန်ကတော့ လင်းရီအစား စိုးရိမ်လို့နေသည်။

"လင်းရီ ..နင် အကော်ဒီယံ တီးတတ်တယ်ဆို တာဟုတ်ကောဟုတ်ရဲ့လားဟယ်..ဒါက နောက်စရာမဟုတ်ဘူးနော်..."

လင်းရီမှ တီးတတ်သည်ဟု ပြောလာသောကြောင့် သူ တီးတတ်လိမ့်မည်ဖြစ်ကြောင်း ယုံကြည်သော်လည်း တစ်ခုရှိသည်မှာ လင်းရီတီးခတ်သည်က လျှိုရီတထက် ကောင်းနိုင်ပါမည်လော။ မဟုတ်ပါက လူရယ်စရာ ဖြစ်သွားပေလိမ့်မည်။

သူမ အရှက်ရသည်ကို ခံနိုင်ရည်ရှိသော်လည်း လင်းရီကို လူအများမှ ဝိုင်းကဲ့ရဲ့ကြသည့်ကိုတော့ မလိုလားပေ။

"ဒီတိုင်း အကော်ဒီယံလေးပါကွာ..ဘာပြဿနာမှ မရှိဘူး " လင်းရီ မျက်စိတစ်ဖက်မှိတ်ပြလိုက်၏။

"မစ္စတာလင်းရဲ့ ကွန်ဖီးဒန့်လယ်ဗယ်ကတော့ စိုးဟိုက်နေပါရောလား...အဲ့လိုဆိုရင်တောင်မှ ပိုက်ခယ်ရေကန် တေးသွားက အတီးသပ်သပ်ချည်းဆို နားထောင်လို့ကောင်းမှာမဟုတ်ဘူး...ပိုပြီးအသက်ဝင်သွားအောင် သီချင်းလေးပါ ထည့်ဆိုသင့်တယ်လို့ ထင်တယ်..."

**အခန်း (၃၃၀)**

"သီချင်းပါထည့် ဆိုရမယ်.."လုထျုန်း ကြောင်အစွာမေးမြန်းလိုက်၏။

"နင်က အရင်တုန်းက ရုရှားသွားဖူးတယ်လေ၊..ဒါကြောင့်မို့ နင့်ရဲ့ ရုရှားလေသံက သူများထက်ပိုပြီးကောင်းတယ်...ငါတို့ကျတော့ အင်္ဂလိပ်က ဒုတိယဘာသာစကားလေ..ဒီတော့ ရုရှားလိုကျ ဘယ်သူက နင့်လောက်ကောင်းအောင် ပြောနိုင်မှာလဲဟ..."

"အိုက်ယား..ဟုတ်သားပဲ..ငါ့လို ဘာသာစကား သုံးခုလောက် ကျွမ်းကျင်တဲ့ သူတွေက သိပ်မှ မရှိပဲကို...ဒီတော့ နည်းနည်းလေးခက်ခဲရာ ကျနေမှာပေါ့...ရတယ် ရတယ် ဆိုမနေနဲ့တော့..."လျှိုရီတ အပြုံးလေးဖြင့် ပြောလိုက်၏။

ကျီချင်းရန်ကတော့ သူ၏ လေသံကို သဘောမကျပေ။

စိတ်ထဲတွင်တော့

'လင်းရီက ရှုရှားလိုမတတ်ဘူးဆိုပေမယ့် ပြင်သစ်လို ပြောတတ်တယ်..

နင့်ထက် အများကြီး သာပြီးသား...'

လင်းရီကတော့ ကူကယ်ရာ မဲ့နေလေသည်။ ဒီတိုင်း ထမင်းအေးဆေးလေး စားလို့မရဘူးလားဟ..

မပြည့်သည့်အိုးတွေက ဘောင်ဘင်ခတ် တယ်ဆိုတာ တကယ့်ကို မှန်တာပဲ

အကော်ဒီယံကို အသင့်ပြင်ပြီးနောက် လင်းရီမှ စတင် တီးခတ်လိုက်သည်။

သာယာနာပျော်ဖွယ် တေးသွားမှာ လူတိုင်း၏ နားစည်ဝသို့ ချောမွေ့စွာ စီးဆင်းသွားတော့၏။

ကျန်းရှူမင်နှင့် ဖန့်ရှင်းကော်တို့ မျက်လုံးများလက်သွားကြသည်။ တူညီသည့် တေးသွားဖြစ်သော်လည်း မတူညီသည့် ရသကို ခံစားသိရှိနိုင်လေသည်။

သူတို့၏ မျက်လုံးရှေ့တွင် ပိုက်ခယ်ရေကန်ကိုတောင်မှ မြင်ယောင်လာကြတော့၏။

တစ်ခု ဝမ်းနည်းဖို့ကောင်းသည်ကတော့လင်းရီမှ သီချင်းမဆိုတတ်သည်ပင်။ မဟုတ်ပါက ပိုပြီး ပြည့်စုံသွားပေလိမ့်မည်။

သို့သော်လည်း ထိုအဆိုကိစ္စကို ဘေးချိတ်ထား၍ ရ၏။ အတီးနှင့်ပင် သူ၏ အရည်အချင်းကို သက်သေပြရန် လုံလောက်သည်ထက် ပိုနေလေပြီ။

ရုရှားဘာသာစကားမှာ ဟွာရှ၌ မထင်မရှား ဘာသာစကား တစ်ခုလေးသာဖြစ်၏။ ကျောင်းအချို့မှလွဲ၍ မည်သည့်ကျောင်းက မျှ ရုရှားဘာသာစကားကို သင်ကြားပေးခြင်း မပြုကြချေ။

ဤကိစ္စကိုလည်း အပြစ်တင်၍ မရ။ ထို့ကြောင့် တေးသွားချည်းသပ်သပ် နား သောတဆင်ရုံသာတတ်နိုင်သည်။

"လူသူကင်းမဲ့တဲ့ ပိုက်ခယ်လွင်ပြင်ရဲ့ တောင်တန်းတို့အလယ်မှာ ရွှေတွင်းကြီးတစ်တွင်း တည်ရှိနေလေရဲ့....."

"ခြေတစ်လုံးအိမ်တိုင်သမားလေးမှာ သူ၏ မကောင်းသည့် ကံတရားကို ကျိန်ဆဲလျက် ဗလာကျင်းသည့် အိတ်ကိုလွယ်ကာ ရှေ့သို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်လှမ်းနေလေတယ် "

လူတိုင်း လင်းရီ၏ တီးခတ်ဖျော်ဖြေမှုကို နားစိုက်ထောင်နေကြချိန် ကျော်ကြားသည့် ရုရှားသီချင်း ပိုက်ခယ်လွင်ပြင်ဟူသော သီချင်းသံကို ကြားလိုက်ရ၍ အံ့အားသင့်သွားခဲ့ကြသည်။

အရေးကြီးဆုံးကတော့ ရုရှားလေသံစစ်စစ်ဖြင့် သီဆိုနေခြင်းပင်။

လူတိုင်း အံ့အားတကြီး ဖြစ်သွားခဲ့၏။ အထူးသဖြင့်တော့ ကျီချင်းရန်ပင်။

သူမ လင်းရီနှင့် ရင်းနှီးခဲ့သည်မှာ ကြာညောင်းလှပြီ ဖြစ်သော်လည်း သူမပင် လျှင် လင်းရီ ရုရှားလို ပြောတတ်ကြောင်း မသိရှိခဲ့ပေ။

သာယာနာပျော်ဖွယ် တေးသွားနှင့် တီဆို ဖျော်ဖြေတင်ဆက်မှုတို့မှာ လူတိုင်း၏ မေးရိုးကို ကြမ်းပြင်သို့ ပြုတ်ကျသွားစေသည်အထိ ရင်သပ်မှုမောဖြစ်သွားစေခဲ့သည်။

မိနစ်အနည်းငယ်ကြာပြီးနောက် လင်းရီ၏ တေးသွားမှာ အဆုံးသတ်သွားခဲ့၏။ သို့သော်လည်း ကျန်းမင်ရှူနှင့် ဖန်းရှင်းကော် တို့မှာ ပုံရိပ်ယောင်ထဲ၌ နစ်မြောနေကြတုန်း ပင်။

ဖြောင်း ဖြောင်း ဖြောင်း...

လက်ခုပ်တီးသံ ထွပ်ပေါ်လာပြီး နှစ်ယောက် စလုံးမှ စိတ်လှုပ်ရှားနေကြ၏။

"ရီလေး တင်ဆက်ပြသွားတာ အရမ်း ကောင်းတာပဲနော်...ပရော်ဖက်ရှင်နယ် နည်း ပြတွေနဲ့တောင်မှ ခိုင်းနှိုင်းလို့ရတယ်..တကယ့်ကို ပြောင်မြောက်လွန်းပါတယ်ကွယ်..."

"ဆရာမကျန်းကတော့ ချီးကျူးလွန်းနေပါပြီ...ကျွန်တော်က အကော်ဒီယံကို အပျော်လောက်ပဲလေ့လာထားတာ...ဝါသနာတွေက များလွန်းတော့လည်း အများကြီး သိနေတာပေါ့ဗျာ..."

လုထျန် ခေါင်းတဆတ်ဆတ် ငြိမ့်လိုက်ပြီး သူမရင်ထဲတွင်တော့ ဝေဖန်ပိုင်းခြားနေသည်။

"လင်းရီ တင်ဆက်သွားတာက လုံးဝကို အပြစ်ပြောရက်စရာ မရှိတာ..တစ်ချက်ကြည့်လိုက်တာနဲ့ လျှိုရီတက လင်းရီနဲ့ လယ်ဗယ်အကွာကြီး ဆိုတာ တပ်အပ် ပြောလို့ရတယ်..."

"ကဲ..ဒီနေ့ တင်ဆက်တာတွေတော့ ဒီလောက်နဲ့ပဲ နားကြရအောင်..ဆက်စားကြစို့..."ဖန့်ရှင်းကော်မှ ပြောလာခဲ့၏။

"ဟုတ်တယ်..ဆက်စားကြမယ်...ဒီနေ့တော့ ဆရာမရဲ့ အိမ်မှာ ခပ်ကြာကြာလေး နေသွားကြဦးနော်..ဘယ်သူမှ ပြန်ဖို့ အလျင်မလိုရဘူး...."ကျန်းရှူမင်မှ ပြုံးလျက် ပြောသည်။

"ခု ဆရာမတပည့်တွေက စီးပွားရေးတွေ စလုပ်နေပြီဆိုတော့ အခက်အခဲတွေ ဘာတွေကော ရှိကြသေးလား..ရှိရင် ဆရာမကိုပြောနော်..ဆရာမမှာလည်း အဆက်အသွယ်တစ်ချို့ရှိတော့ နည်းနည်းပါးပါး ကူညီနိုင်တယ်...
"

ထိုအခိုက်အတန့်တွင်တော့ မည်သူမဆို နာမည်ကြီးကျောင်းမှ ပါမောက္ခတစ်ဦး၏ အံ့မခန်းအရှိန်အဝါများကို မြင်တွေ့နိုင်သည်။ ပြောလိုက်သည့်လေသံထဲတွင် သေချာနေသည့် နိမိတ်သဘာဝတို့မှာ ကိန်းဝပ်နေလေသည်။

"ခုလို ပြောပေးတဲ့အတွက် ကျေးဇူးပါ ဆရာမကျန်း...ကျွန်တော်တို့ ကုမ္ပဏီရဲ့ အခြေနေက တည်ငြိမ်တဲ့ အခြေနေကို ရောက်နေပြီ..အထူးဖြင့်တော့ အစ်ကိုလျှိုပေါ့..သူ့ရဲ့ လက်ရှိ ကုမ္ပဏီ ပေါက်စျေးက ယွမ် သန်း ၈၀၀တောင် ကျော်နေပြီ..နောက်လာမယ့် သန်း ၇၀ ရင်းနှီးမြှုပ်နှံမှုကလည်း ရှိသေးတယ်ဆိုတော့ တစ်ဘီလီယမ်အထိ

ရောက်ဖို့ဆိုတာက အချိန်တစ်ခုလောက်ပဲ လိုတော့မှာ..."

"အိုး တော်လိုက်တာနော်..."

ကျန်းရှုမင် ချီးမွမ်းလိုက်ပြီး "ချင်းရန်ရဲ့ ကုမ္ပဏီက သုံးဘီလီယမ်တောင် ကျော်သွားပြီမလား..မင်းသာ ဒီကောင်မလေးကို ကျော်တက်ချင်တယ်ဆိုရင်တော့ သေချာပေါက် ကြိုးစားမှ ရမယ်နော..."

"မပူပါနဲ့ဗျ..ကျွန်တော့်မှာ ယုံကြည်ချက်ရှိပြီး သားပါ..."လျှိုရီတ ရယ်မောလျက် ပြော လိုက်ပြီး "ပြီးတော့ ဆရာမတို့ သိမှာတော့ မဟုတ်ဘူး..ကျွန်တော့်ဆီ ရင်းနှီးမြှုပ်နှံမယ့် သူက ဆရာမတို့ အသိထဲကပဲ.."

"ငါတို့က သူ့ကိုသိတယ်...ငါ့ရဲ့ ရင်းနှီးမြုပ်နှံမှု နယ်ပယ်ထဲက မိတ်ဆွေများလား..."ကျန်းရှု မင် အံ့အားတကြီးနှင့် မေးမြန်းလိုက်ပြီး "ဘယ်သူလဲ ဆိုတာ ပြောလိုက်...သူ့ကို နောက်ထပ် ၁၈ မီလီယမ်လောက် ထပ် ရင်းနှီးခိုင်းလိုက်မယ်..."

အကယ်၍ တစ်စုံတစ်ဦးသာ ထိုသို့ ပြောလာ မည်ဆိုပါက သေချာပေါက် ကြွားဝါနေသည် ဟု လင်းရီ ထင်မိပေလိမ့်မည်။ သို့သော်လည်း ကျန်းရှုမင်မှာတော့ခြား နား၏။

သူမ၏ သက်တမ်းတစ်လျှောက် မွေး ထုတ်ပေးခဲ့သည့် တပည့်များထဲတွင် ထွန်းပေါက်အောင်မြင်နေသူတို့မှာ

ကောင်းကင်ထက်ရှိ ကြယ်တာရာတမျှ ရေတွက်မရသည့် ပမာဏရှိသည်။။ ထို့ကြောင့် သူမ၏ ပြောလိုက်သည့် စကားလုံးတိုင်းတွင် ဝိတ်(weight)ရှိနေမည်မှာ မလွဲမသွေပင်။

"ဆရာမကျန်း အထင်လွဲနေပါပြီ..သူက ဆရာမရဲ့ မိတ်ဆွေတွေထဲက မဟုတ်ဘူး..ဆရာမရဲ့ တပည့်တွေထဲကပဲ...ပြီးတော့ ဒီမှာရှိတဲ့ သူတိုင်းက သူနဲ့ ရင်းနှီးပြီးသား...."

"အန်...ဘယ်သူကြီးလဲ..ဘယ်နှစ်ကလဲ..စွန်းကျောက်ချန်လား...သူမင်းတို့ကို စီးပွားရေးနဲ့ ပတ်သက်တဲ့ အကြောင်းတွေ သင်ပေးဖူးတာတော့ မှတ်မိတယ်..."

"အစ်ကိုကြီးစွန်းမဟုတ်ဘူး..ဟော်ယွမ်ယွမ်.."

"ဟိုကလေးမလေး ယွမ်ယွမ်လား..."ကျန်းရှူမင် အံ့အားသင့်နေသည့် လေသံဖြင့် မေးမြန်းလိုက်၏။

"သူက ကျိုးဟိုင် မေ့ထွမ်လက်အောက်မှာ လုပ်နေတာ မဟုတ်ဘူးလား..ဘယ်လိုလုပ်ပြီး ရင်းနှီးမြုပ်နှံတဲ့ ကုမ္ပဏီရဲ့ CFO ဖြစ်လာတာလဲ..."

"ကြည့်ရတာတော့ ဆရာမကျန်းက လက်ရှိ ဟော်ယွမ်ယွမ်အကြောင်း သိပ်သတိမထားမိဘူး ထင်တယ်..."လျှိုရီတ အပြုံးလေးဖြင့် ပြောလိုက်ပြီး "သူမက ခု လင်းယွမ်အုပ်စုကို ပြောင်းသွားခဲ့ပြီ...CFO ရာထူးပဲ ဆိုပေမယ့်

လုပ်ပိုင်ခွင့်အာဏာကတော့ အတော်လေးရှိတယ်... ခုရင်းနှီးမြှုပ်နှံမှု တာဝန်ခံကလည်း သူမပဲလေ..ဒါကြောင့်မို့ ကျွန်တော်လည်း သူနဲ့ခုတလော အဆက်သွယ်ရနေတာ...ကျွန်တော်တို့ရဲ့ ရင်းနှီးဆက်နွယ်မှုတွေအရဆိုရင် သန်း၇၀ တန်ကြေးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုက အောင်မြင်မှာ လုံး၀ မြေကြီးလက်ခတ်မလွဲပဲ "

"ကောင်းတာပေါ့ကွယ်.....ခုလို အသိတွေအချင်းချင်းတွေ ဆိုတော့ လုပ်ငန်းလုပ်ရတာပိုပြီး အဆင်ပြေသွားတာပေါ့.."

"အင်း...ကျွန်တော်တို့ အကြိုသဘောတူညီမှုတော့ လုပ်ထားပြီးပြီ..ကျန်တာကတော့ ကုမ္ပဏီက တခြားအမှုဆောင် အရာရှိတွေနဲ့

ဆွေးနွေးရုံပဲ..ဒါပေမယ့် အဲ့ဘက်လည်း ပြဿနာမရှိဘူးလို့ ကျွန်တော်ကတော့ ယုံကြည်ပြီးသား..."

ထိုစကားဝိုင်းကိုကြားတော့ လင်းရီနှင့် ကျီချင်းရန်တို့ အချင်းချင်း အကြည့်ဖလှယ်မိလိုက်ကြသည်။

လင်းရီကတော့ ရယ်မောချင်နေလေသည်။ သူ့ဘက်က ရင်းနှီးမြှုပ်နှံမည့် နောက်ကုမ္ပဏီတစ်ခုနှင့် အဘယ်ကြောင့် လာဆုံနေရပါသနည်း။

တွေးရင်းပြုံးရင်း ခေါင်းသာခါရမ်းလိုက်သည်။

"အဲ့တာဆိုလည်း အောင်မြင်ပါစေကွယ်.."ကျန်းရှုမင် သူမ၏ ရေနွေးကြမ်းခွက်ကို မြှောက်၍ တို့စ်လုပ်ပေးလိုက်၏။

"ဟုတ်ကဲ့ ကျေးဇူးပါဗျ..."လျှိုရိတလည်း သူ့ဖန်ခွက် မြှောက်လိုက်ပြီး လင်းရှီကို ကြည့်ကာ "မစ္စတာလင်းကကော ဘယ်မှာ လုပ်နေလဲဆိုတာ ကျုပ်သိပါရစေ..."

"ဒီတိုင်း အသေးစား ကုမ္ပဏီလေးမှာပါ ...စကား လုပ်ပြောရလောက်တဲ့ အထိ မဟုတ်ပါဘူး...."

ကောင်းကင်ကြီးမှ အနှီလျှိုရိတကို သေအောင် ဆော့ကစားရန် ယခုညစာစားပွဲသို့ စေလွှတ်လိုက်သလားဟုတောင် လင်းရှီ သံသယဝင်လာခဲ့၏။

မင်းကုမ္ပဏီက ငါ့ခွင့်ပြုမှ ရင်းနှီးငွေတွေ ရမှာကွ..အဲ့တာတောင်မှ ငါ့ရှေ့မှာလာပြီး မိမိုက်သလို လုပ်ပြနေတယ်ပေါ့လေ...

"ခုမှ တည်ထောင်ကာစ ကုမ္ပဏီလေးလား..."လျှိုရီတ ပြုံးလိုက်ပြီး "ကျုပ်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံသူတွေ အရေးတကြီးလိုအပ်နေတဲ့ အချိန်ဆိုပေမယ့် ကျုပ်တို့မှာ စွန့်ဦးတီထွင်သူတွေကို သပ်သပ် ရင်းနှီးမြှုပ်နှံပေးတဲ့ ဌာနတစ်ခုရှိတယ်...ကျုပ် မစ္စတာလင်းရဲ့ ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံပေးဖို့ လိုသေးလား..ချင်းရန်ရဲ့ ကုမ္ပဏီက မိသားစုပိုင်ဆိုတော့ သူတစ်ယောက်တည်းက ဆုံးဖြတ်ချက်ချလို့ရမှာ မဟုတ်ဘူး..ကျုပ်ခင်များအတွက် သီးသန့် ရင်းနှီးမြှုပ်နှံပေးမယ်

ဗျာ...အဲ့လိုဆို ပိုပြီး အဆင်ချောတာပေါ့ မဟုတ်ဘူးလား... "

လျှိုရီတ အပြုံးလေးဖြင့် ပြောလိုက်သည်။

"မလိုပါဘူး..ကုမ္ပဏီအသေးစားလေးဆိုပေမယ့် ကျုပ်က အပျော်လုပ်နေတာ...အကြီးကြီး မျှော်မှန်းထားတာတွေလည်း မရှိဘူး..ဒီတိုင်း စိတ်တိုင်းကျ ဆော့ကစားလို့ရရင်ကို အဆင်ပြေနေပြီ..."

လုထျန်း ကူကယ်ရာမဲ့စွာဖြင့် နှာတစ်ချက်ကစ်လိုက်သည်။

လင်းရီ၏ ကုမ္ပဏီ မည်မျှကြီးမှန်း သူမ မသိသော်လည်း သန်း၆၀ကျော် တန်ကြေးရှိသည့် လွိုင်ကန်ကြီး စီးနိုင်ကတည်းကပင်

ပေါ့သေးသေး မဟုတ်မှန်းတော့ နားလည်ပေသည်။

အနည်းဆုံးတော့ လက်ရှိ ဤနေရာ၌ ထိုင်နေကြသူများထဲတွင် မည်သူကမျှ ထိုကဲ့သို့သော ကားမျိုး ဝယ်စီးရန် မတတ်နိုင်ချေ။

ကျီချင်းရန်ကတော့ ဘေးတွင် ရေငုံနှုတ်ပိတ်နေ၏။

လှျိုရီတကဲ့သို့ လူရှေ့သူရှေ့ ဘဝင်မြင့်ချင်သူတို့ကို လင်းရီတစ်ယောက်တည်း အေးဆေးကိုင်တွယ်နိုင်လေသည်။

အမျိုးသမီးတစ်ယောက်အနေဖြင့် သူမစကားအများကြီးပြောရန် မလိုအပ်ချေ။

နေရာ၌ ကျော့ကျော့လေး ထိုင်နေရုံနှင့် အဆင်ပြေ၏။

စာစဉ် (၂၂)ပြီး၏။